



မဂ္ဂဇင်း
အမှတ်-၇

# တကယ်တော့ တကယ့်ဘဝပျက်ကျိုး

စီစဉ်သည်

မဂ္ဂဇင်း



အမှတ်- ၇

ဤမဂ္ဂဇင်းအား ကြောက်တတ်သူများ ညမဖတ်ရ။



# မာတိကာ


၁။ တာတေ လူသေရင်တစ္ဆေဖြစ်သတဲ့လား စာ-၅

"လေတွေ တဟူးဟူးတိုက်နေတဲ့ ဆယ့်နှစ်ရာသီပင်ကြီး အောက်မှာ
မဖဲဝါကို ကျုပ်တွေ့တယ်။ သူ့ကို ကျုပ် လန့်မသွားအောင်
ကျုပ်နဲ့ ရွယ်တူလောက်ရှိတဲ့ ကောင်မလေးအရွယ် ဖန်ဆင်းထားတာဗျ။"

၂။ နတ်ရှူသစ် မြန်မာ့နည်းမြန်မာ့ဟန်ဖြင့်
သရဲခေါ်နည်း စာ-၁၈

"နည်းလမ်းကတော့ ရိုးရိုးရှင်းရှင်းလေးပါ။ ဒါပေမဲ့ မကြောက် တတ်ဖို့နဲ့
အစလုပ်မိလျှင်တော့ အဆုံးထိလုပ်မိဖို့က
ဒီကစားနည်းရဲ့ အရေးကြီးတဲ့ စည်းကမ်းချက်ပဲ ဖြစ်ပါတယ်။"

၃။ မင်းဘုန်းသိမ်ခံ့ ရုပ်ပြောင်းရုပ်လွှဲမိန်းမ စာ-၂၁

"ညှိုမည်း၍ ခြောက်ကပ် နေသော သစ်ကိုင်းခြောက်လက်ကြီး၊
အရိုးပေါ်သောလက်ကြီး တစ်ဖက်။
လှေနံကို တင်းကြပ်စွာ ဆုပ်ကိုင်ထားသည်။"

၄။ ရွှေဘုန်းကံ့ မျောက်တစ်ရာကျွန်း စာ-၃၀

"ကျွန်းမျောက်ကြီးလို့ ထင်ရှားတဲ့ ဒီမျောက်တစ်ရာကျွန်းကို
ဦးဖင်းလေး ဦးသီဟနာဒ မရည်ရွယ်ဘဲ ရောက်ခဲ့ရဖူးတာ
လွန်ခဲ့တဲ့ ၁၀ နှစ်ဝန်းကျင်တာကာလက။"








# မာတိကာ


၅။ ဘိုးသာခင် အင်းသရဲတစ်ပွဲစားကြီးလုံခေါ် စာ-၅၁

"ဟက်တက်ကြီးကွဲနေတဲ့ ငါးကြီးရဲ့ဝမ်းဗိုက်ထဲက ကလီစာတွေကို
ဖွတ်ဆွဲထုတ်နေသည်ကလည်း မကောင်း ဆိုးဝါးတစ်ကောင်
အာသာငမ်းငမ်းနဲ့ အစာကို လုနေသည်နှင့် တူလှ သည်။"

၆။ နတ်လူသစ် တိုက်ရွာနဲ့ဒေါက်လေမ်းဆရာ စာ-၈၁

"မျက်လုံးနီနီရဲရဲကြီးနှစ်လုံးမီးပုံအလင်းထဲ ပေါ်လာတော့မှ
လူနှစ်ရပ် ကျော်လောက်ရှိမည့် နွားကြီးတစ်ကောင်။"

၇။ စိုးမိုးနိုင် မိစ္ဆာကျောက်ရုပ်တစ္ဆေ စာ-၁၀၈

"အရမ်းကို စရိုက်ဆိုးသွမ်းရက်စက်တဲ့ နတ်မိစ္ဆာ၊ တစ်နည်းပြောရရင်
သက်တမ်းရင့် ဖုတ်တစ္ဆေတစ်ကောင် ဝင်ပူးစီးနေ တဲ့ အရုပ်ကြီးပါ"

၈။ မင်းအိဗ်ခန့် မြစိမ်းတောင်နားကာမိန်းကလေး စာ-၁၂၅

"အဲဒီမိန်းကလေးက စကားသံက အက်အက်ကွဲကွဲ တိုးညင်း ညင်းဖလေး
ပြောတာပါဘာကြောင့်မှန်းတော့ မသိဘူး။
ကျွန်တော့် တစ်ကိုယ်လုံး ကြက်သီးတွေ တဖျန်းဖျန်းနဲ့။ ။"

၉။ တာတေ ဘိုးပီးသွေး စာ-၁၃၈

"အကောင်တစ်ရာကျော်လောက် ရှိသကွဲ့၊ ပုံစံတွေမှ အစုံပေါ့ကွယ်၊
မျက်လုံးကြီးတွေ ပြူးထွက်နေတာရော၊ လျှာကြီးတွေ
တွဲလောင်းကျနေတာရော
ခေါင်းကြီး တင်းတောင်း လောက်ရှိတာရော
အို…ပုံပျက်ပန်းပျက်ကြီးတွေကွ ဝုဏ်ရဲ့"




## အယ်ဒီတာအဖွဲ့

### တာတေစိစဉ်မွမ်းမံတည်းဖြတ်သည်။

တာဝန်ခံအယ်ဒီတာ

ဇော်ဇော်

အမှုဆောင်အယ်ဒီတာ

မင်းအိမ်ခန့်

ပြင်ပဆက်သွယ်ရေး

ဇော်ရဲအောင်

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ-ဦးဘုန်းဇော်(၀၀၄၅၃)

အမှတ်-၂၈၂၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်

ပုံနှိပ်သူ-ဦးဘုန်းဇော်(၀၁၃၇၅)၊ အရှေ့ဘက်ကောင်းကင် ပုံနှိပ်တိုက်

အမှတ်-၃၅၊ ဇေယျာသီရိလမ်း။ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်

မျက်နှာဖုံး-ကျော်မင်းမောင်

အတွင်းပန်းချီ-ပန်းချီအောင်နိုင်လတ်

ကွန်ပျူတာ-ဇာနည်မော်

စာအုပ်ချုပ်- ဇာနည်

အုပ်ရေ-၁၀၀၀-အုပ်၊ ၂၀၁၉၊ ဖေဖော်ဝါရီလ။

တန်ဖိုး-၅၀၀-ကျပ်

ဖြန့်ချိရေး-အရှေ့ဘက်ကောင်းကင် စာပေထုတ်လုပ်ဖြန့်ချိရေး

အမှတ်(၂၇)၊ မာန်ပြေ(၁၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်။

ဖုန်း။ ၀၉၄၂၁၀၅၆၃၅၄၊ ၀၉၄၀၃၇၉၇၀၄၈



# တကတော
# လူသေရင်
# တစ္ဆေဖြစ်သတဲ့လား

(မဖဲဝါရဲ့မဖဲဝါ ၅)

တကယ်တော့ လူသေတိုင်း တစ္ဆေဖြစ်တာ မဟုတ်ဘူးဗျ။
ဒီအကြောင်းတွေကို မဖဲဝါ ပြောပြလို့ ကျုပ်လည်း သိတာဗျ။
ဒီလိုဗျို့။ အညာနွေခေါင်ခေါင်ကြီးဗျ။

အရှေ့ဘက်ကောင်းကင် စာပေ

ကျုပ်တို့ရွာက ဘွားမယ်စိုးကြီး ဆုံးသွားပါရောဗျာ။ ဖြစ်တာကတော့ လူကြီးရောဂါပါ။ တရှောင်ရှောင် ဖြစ်နေရာကနေပြီး အားယုတ်လာတာပေါ့ဗျာ။ နောက်ဆုံး အစာမဝင်တော့ဘဲ ဆုံးသွားတာဗျို့။ ကျုပ်တို့အညာမှာက ဒီလိုတကယ်ပုတဲ့အချိန်မှာ လူသေရင် ရက်မထားကြဘူးဗျ။ နေ့ချင်းသင်္ဂြိုဟ်ကြတယ်။ ပုတဲ့အရပ်ဆိုတော့ ချက်ချင်းပုပ်တာဗျ။

ခုလည်း ဘွားမယ်စိုးကြီး အသုဘကို နေ့ချင်းသင်္ဂြိုဟ်ဖို့ ပြင်ကြတာပေါ့ဗျာ။ ညနေလေးနာရီထိုးတာနဲ့ ကြေး[illegible]ပြီး အသုဘချတယ်။ ဘွားမယ်စိုး ဆိုတာက ကျောင်း[illegible]ဗျ။ ရွာဦးကျောင်းမှာလည်း ကျောင်းလှူတယ်။ [illegible]တော်ကျောင်းမှာလည်း ကျောင်းလှူတယ်ဗျ။ [illegible]နေ့လုံး ပုတီးတချောက်ချောက်စိပ်နေတာဗျ။ [illegible]တော့ ဘွားမယ်စိုးကြီးကို နတ်သမီးဖြစ်သွားပြီလို့ ပြော[illegible] ဘွားမယ်စိုးရဲ့ အသုဘကိုလည်း တစ်ရွာလုံးကို လိုက်ပို့ကြ[illegible]ဗျ။ ဒါ ကျုပ်တို့ ထနောင်းကုန်းက သူတော်ကောင်းမကြီး သေတာလေဗျာ။

ညရောက်တော့လည်း ကျုပ်တို့ကာလသားတွေရော၊ လူကြီးပိုင်းတွေရော အသုဘအိမ်ကို စောင့်ကြတာဗျ။ လူကြီးပိုင်းကလည်း ဘုရားစကား၊ တရားစကားတွေ ပြောကြလို့ပေါ့ဗျာ။ ကျုပ်တို့ လူငယ်

ဝိုင်းကလည်း ပွဲအကြောင်း၊ နွမ်းအကြောင်း၊ ယာအကြောင်း၊ အမဲလိုက်တဲ့အကြောင်းတွေ ရောက်တတ်ရာရာ ပြောကြလို့ပေါ့ဗျာ။

ဒီလိုနဲ့ ရက်လည်ရောဗျ။ ကျုပ်တို့ အညာရွာတွေ ဓလေ့က ရက်လည်ရင် ထမင်းကျွေးကြတာဗျ။ ရက်လည်ပြီးသွားတော့ အသုဘအိမ်လည်း ပုံမှန်ပြန်ဖြစ်သွားတော့တာပေါ့ဗျာ။ ဒီမှာတင် ဇာတ်လမ်းက စတော့တာဗျ။

"တာတေရေ၊ တာတေ"

ခွေးရာသီဆိုတော့ နေ့လယ်နေ့ခင်း ဘယ်မှမသွားတော့ဘူးပေါ့ဗျာ။ ဝိုင်းထဲက မန်ကျည်းပင်ကြီးအောက်မှာပဲ ကျုပ်အိပ်နေကာ။ ကျုပ်နားထဲမှာ ခေါ်သံကြားတော့ ကျုပ် လန့်နိုးသွားတယ်။ ခေါင်းထောင်ပြီး ဝိုင်းဝကို လှမ်းကြည့်လိုက်တော့ ကိုမောင်ပုကြီးဗျ။ ကိုမောင်ပုဆိုတာ ဘွားမယ်စိုးရဲ့ မြေးဗျ။ အသက်သုံးဆယ်လောက်ရှိပြီ။ ယူက ဂင်တိုတို ပုပြတ်ပြတ်နဲ့ဗျ။ ဘွားမယ်စိုးရဲ့ ယာတွေကို ဦးစီးလုပ်ကိုင်နေတဲ့ လူတွေထဲက တစ်ယောက်ပေါ့ဗျာ။ ကျုပ်တို့ရွာမှာတော့ ဘွားမယ်စိုးရဲ့အိမ်က လူချမ်းသာအိမ်ပေါ့ဗျာ။

ဝိုင်းဝမှာ ရပ်နေတဲ့ ကိုမောင်ပုကို ကြည့်ပြီး ကျုပ်တွေးနေတာဗျ။ ဟိုနေ့ကမှ ရက်လည်ရုံရှိသေးတာ၊ ဘာကိစ္စများ ရှိလို့ပါလိမ့်လို့ တွေးရင်းနဲ့ . . .

"ဟာ…ကိုကြီးမောင်ပု လာလေဗျာ၊ ကျုပ် ဒီမှာ"

လို့ ပြောလိုက်တော့မှ ကိုမောင်ပုကြီးက ဝိုင်းထဲကို ဝင်လာတာဗျ။

"လာ ထိုင် ကိုကြီးမောင်ပု"

ကျုပ်က ကျုပ်အိပ်နေတဲ့ သစ်သားကွပ်ပျစ်ပေါ်မှာ ထထိုင်ပြီး ကိုမောင်ပု ထိုင်ဖို့ နေရာလုပ်ပေးလိုက်တယ်။ ပြီးတော့ ကိုမောင်ပုကို နဂါးဆေးပေါ့လိပ်တစ်လိပ် မီးညှိပြီး တည်လိုက်တယ်။ ကိုမောင်ပုက ဝါးဖတ်ခမောက်ကလေးနဲ့ ယပ်ခတ်နေရင်းကနေ ကျုပ်တည်တဲ့ နဂါးဆေးပေါ့လိပ်ကလေးကို ယူပြီးဖွာလိုက်တယ်။

"ကိုကြီးမောင်ပု၊ နေပူကြီးထဲ ဘယ်ကလှည့်ဝင်လာတာတုံးဗျ"

"ဘယ်ကမှ မလှည့်ဘူး တာတေရ၊ မင်းဆီကိုပဲ လာတာကွ"

"ဟင် ဟုတ်လား၊ ကိစ္စရှိလို့လား ကိုကြီးမောင်ပု"

"ရှိတယ်ကွ တာတေရ"

ကိုမောင်ပုက ဆေးလိပ်ဖွာရင်း ကျုပ်ကိုပြောဖို့ စကားကို စဉ်းစားနေတာဗျ။

"ဒီလိုကွ တာတေရ၊ ငါတို့ ဘွားတော်ကြီး ဆုံးတာ ဒီနေ့ဆို

ရင် နှစ်ပတ်ရှိပြီကွ"

"ဟုတ်ကဲ့"

"အဲဒါ အိမ်မှာ ထူးထူးခြားခြား ဖြစ်နေလို့ကွ"

"ဗျာ၊ ဘာဖြစ်စရာရှိလို့တုံး ကိုကြီးမောင်ပုရဲ့၊ ဘွားမယ်စိုးက သူတော်ကောင်းမကြီးပဲဟာ၊ တစ္ဆေတွေဘာတွေ မဖြစ်နိုင်ပါဘူးဗျ"

"ခုဟာက တစ္ဆေမဟုတ်ဘူးကွ တာတော့ရ"

"ဟင်၊ ဒါဖြင့် ဘာတုံးဗျ၊ ဘာများဖြစ်လို့တုံး"

"တို့အိမ်ကို ငှက်ကလေးတစ်ကောင် ရောက်လာလို့ကွ"

"ဟာ...ကိုကြီးမောင်ပုကလည်း ငှက်လာနားတာပဲ ဆန်းတာမှတ်လို့ဗျာ၊ ဒီလိုပဲ ငှက်ကလေးတွေက အိမ်တွေဘာတွေထဲကို ဝင်လာတတ်တာပဲလေဗျာ"

"ဟာ...အခုဟာက ဒီလိုမဟုတ်ဘူးကွ"

"ဟင်...ဒါဆိုလည်း ပြောပါဦးဗျာ"

"ငှက်ကလေးက ချိုးငှက်လောက် ရှိတယ်ကွ၊ အရောင်က ရွှေရောင်တောက်တောက်နဲ့ အစိမ်းရောင်တောက်တောက် စပ်ထားတာကွ၊ နှုတ်သီးက နီရဲနေတာ၊ ဘွားတော်ကြီးအခန်းထဲမှာ ကော်ဇောတွေ သိမ်းဖို့ ဗီရိုတံခါးဖွင့်လိုက်တော့ အဲဒီငှက်ကလေးကို သွားတွေ့တာကွ၊ တံခါးတွေ အကုန်လုံး ပိတ်ထားရက်သားနဲ့ ဒီငှက်ကလေးက အထဲကို

ဘယ်လိုရောက်နေတာတုံး တာတေ့ မင်း စဉ်းစားကြည့်လေကွာ၊ ပြီးတော့ ငါတို့က ငှက်ကလေး ဝင်နေတာကို မသိဘဲ တစ်ယောက် ယောက်က တံခါးတွေ ပိတ်သွားလို့ အထဲမှာ ပိတ်မိနေတယ်ထင်ပြီး တံခါးတွေ ပြတင်းပေါက်တွေ ဖွင့်ထားပေမယ့် ငှက်ကလေးက မပျံ ဘူးကွ၊ ဘုရားတော်ကြီးအခန်းထဲမှာပဲ နေတယ်။

ညဘက်ရောက်တော့ ငါချောင်းကြည့်တယ်ကွ၊ ဘုရားတော် ကြီး အိပ်တဲ့ကုတင်ပေါ်မှာ နားနေတယ်၊ အိပ်နေတာ ဖြစ်ချင်ဖြစ်မှာ ပေါ့ကွာ"

"အဲဒီငှက်ကလေး ရောက်နေတာ ဘယ်နှရက်ရှိပြီတုန်းဗျ"

"ရက်လည်ပြီး နောက်နေ့မှ ရောက်လာတာကွ"

"ကိုကြီးမောင်ပုတို့က ဘယ်လိုထင်လို့တုန်းဗျ"

"ငါတို့ဘုရားတော်ကြီးများ ငှက်ဖြစ်နေတာလားလို့ပေါ့ကွာ"

"ဟာ ဘုရားမယ်စိုးကတော့ ငှက်မဖြစ်လောက်ပါဘူးဗျာ၊ ဖြစ်ခြင်းဖြစ်ရင် နတ်ပဲဖြစ်မှာပါ"

"ဒါတော့ မပြောနိုင်ဘူးလေကွာ၊ ဒါပေမဲ့ တစ်ခုရှိတာက ငှက်ဖြစ်ရင်လည်း ငှက်မကြီးရဲ့ ဗိုက်ထဲဝင်ပြီး ဥရဦးမယ်၊ ပြီးမှ အကောင်ပေါက်ရဦးမယ်မို့လား၊ ချက်ချင်းကြီးတော့ ဒီအရွယ်ရောက် လာဦးမှာ မဟုတ်ဘူးကွဲ၊ ငါတို့လည်း ဘယ်လိုစဉ်းစားရမှန်းကို မသိ

တာကွ၊ ဒါနဲ့ မင်းကို လာပြီးတိုင်ပင်တာကွ တာတေရ"

ကျုပ်က နဂါး... ပေါ့လိပ်ကလေးကိုဖွာပြီး တစ်ချက်ရှိုက်လိုက်တယ်။ ပြီးတော့ စဉ်းစားကြည့်တာပေါ့ဗျာ။

"အဲဒီငှက်ကလေးကို ဖမ်းပြီး တစ်နေရာမှာ သွားလွှတ်လိုက်ဗျာ၊ မျက်စိလည်ပြီး မသွားတတ် မလာတတ် ဖြစ်နေတာလားမှမသိတာ"

"အေး ဒါတော့ မပြောတတ်ဘူးကွ၊ မင်းပြောသလို လုပ်ကြည့်လိုက်မှပဲထင်တယ်"

ကိုမောင်ပုကြီးက ကျုပ်နဲ့ စကားပြောရင်း ညနေစောင်းမှပြန်သွားတယ်ဗျ။

နောက်နေ့ရောက်တော့ ကိုမောင်ပု ကျုပ်ဆီကို အစောကြီးရောက်ချလာတယ်။

"တာတေရေ"

"ဟာ ကိုမောင်ပု လာဗျ၊ ငှက်ကလေးကို လွှတ်ပေးလိုက်ပြီလား"

"မနေ့က ငါ ဒီကပြန်ရောက်တာနဲ့ ဖမ်းပြီး ရွာပြင်ကထနောင်းပင်တွေနားမှာ သွားလွှတ်လိုက်တယ်ကွ"

"အဲဒါ ပြီးရောပေါ့ဗျာ"

"ဟာ မပြီးဘူးကွ တာတေရ"

"ဟင်၊ ဘယ်လိုဖြစ်လို့တုန်း"

"ညက ငါ့ကို အိပ်မက်ပေးတယ်၊ အိပ်မက်ထဲမှာ ငါ့ဘွား တော်ကြီး ဒေါ်မယ်စိုးက ငါ့ကို ပြောတယ်ကွ၊ 'မြေး မောင်ပု၊ မြေးလေးက ဘွားတော်ကို အိမ်မှာ မနေစေချင်လို့ ရွာပြင်ကို ပို့တာ လား'တဲ့ကွာ၊ ငါဖြင့် အိပ်ရာက လန့်နိုးပြီး စိတ်မကောင်းဖြစ်လိုက်တာ ကွာ၊ ညတွင်းချင်း ထပြီး အဲဒီငှက်ကလေးကို လိုက်ရှာချင်စိတ်တောင် ပေါက်သွားတယ်"

"ဟာ...ဖြစ်မှဖြစ်ရလေဗျာ"

"ဒါပေမဲ့ ဒီမနက်ကျတော့ ငှက်ကလေးက ဘွားတော်ကြီး အခန်းမှာ ပြန်ရောက်နေတယ်ကွ"

"ဟာ ဟုတ်လား ကိုကြီးမောင်ပု၊ တော်သေးတာပေါ့ဗျာ"

"အေးပေါ့ကွာ၊ ဒီလိုသာ မဟုတ်ရင် ငါ့မှာ ဘယ်လိုက်ရှာရ မှန်းတောင် သိမှာမဟုတ်ဘူး တာတေရာ"

"ဒါဆိုရင်တော့ ခဏစောင့်ဗျာ၊ သေသူနဲ့ ပတ်သက်ရင် မဖဲဝါနဲ့ ဆိုင်တယ်ဗျ၊ ကျုပ် ဒီည မဖဲဝါကို မေးကြည့်မယ်ဗျာ"

ညရောက်တော့ မအိပ်ခင်မှာ မဖဲဝါရဲ့ ကိုယ်တူကိုယ်ခွဲ အရုပ်ကလေးကို ကိုင်ပြီး မဖဲဝါကို အကြောင်းပြုလိုက်တယ်။

"သင်္ချိုင်းရှင်မ မဖဲဝါဗျာ၊ ပြီးခဲ့တဲ့ တစ်ပတ်ကျော်က ဆုံးသွားတဲ့ ဘွားမယ်စိုးရဲ့ အိပ်ခန်းထဲမှာ ထူးဆန်းတဲ့ ငှက်ကလေး တစ်ကောင် ရောက်နေပါတယ်၊ အဲဒီငှက်ကလေးဟာ ဘွားမယ်စိုးနဲ့ ပတ်သက်မှု ရှိမရှိကို သိချင်လို့ပါဗျာ"

အရုပ်ကလေးကို ခေါင်းအုံးအောက်မှာထားပြီး အိပ်လိုက်တယ်။

ကျုပ်ကို မဖဲဝါ အိပ်မက်ပေးတယ်ဗျ။

လေတွေ တဟူးဟူးတိုက်နေတဲ့ ဆယ့်နှစ်ရာသီပင်ကြီးအောက်မှာ မဖဲဝါကို ကျုပ်တွေ့တယ်။ သူ့ကို ကျုပ် လန့်မသွားအောင် ကျုပ်နဲ့ ရွယ်တူလောက်ရှိတဲ့ ကောင်မလေးအရွယ် ဖန်ဆင်းထားတာဗျ။ ဆံပင်ရှည်ရှည်လေးကို ဖားလျားချထားပြီး နားရွက်အပေါ်လောက်မှာ ဆယ့်နှစ်ရာသီအဝါပွင့်လေးတစ်ပွင့် ပန်ထားတယ်။ ဆယ့်နှစ်ရာသီပင်ကြီးကလည်း တစ်ပင်လုံး အပွင့်ဝါတွေနဲ့ ဝေနေလို့ဗျ။

"တာတေ နင် မှတ်ထား၊ လူသေတိုင်းလည်း တစ္ဆေ မဖြစ်ဘူး၊ တစ္ဆေဖြစ်တယ်ဆိုတာ သေခါနီး အသက်ကုန်ခါနီးလေးမှာ တစ်ခုခုကို စိတ်ထဲစွဲလန်းသွားတော့မှ တစ္ဆေဖြစ်တာ။ သရဲဖြစ်တယ်၊ ပြိတ္တာဖြစ်တယ် ဆိုတာကတော့ တစ်သက်လုံး အကုသိုလ်အလုပ်တွေ လုပ်ပြီး အကုသိုလ်စိတ်နဲ့ အမြဲလွှမ်းမိုးပြီး နေနေတဲ့လူတွေ သေတဲ့အခါ

အဲဒီအာရုံတွေကို စိတ်ကရောက်ပြီး ဖြစ်ကြတာ။

ဒါပေမဲ့ တစ်သက်လုံး ကောင်းတာလုပ်နေတဲ့ သူတော်ကောင်းကြီးတွေလည်း သေခါနီးမှာ တစ်ခုခုကို စွဲသွားရင် ခဏတော့ တစ္ဆေဖြစ်တတ်ကြတယ်။ အဲဒါထက် ထူးဆန်းတာက သန္ဓေမတည်၊ ဥကမပေါက်ဘဲ အရွယ်ရောက်ပြီးသား ငှက်တို့၊ မြွေတို့ သွားပြီးဖြစ်တတ်ကြတယ်၊ ဒါကတော့ သူတို့ရဲ့ ဝဋ်ကြွေးတစ်ခုခုကို ဆပ်ရတဲ့ သဘောပဲ တာတေ။ ငှက်ကလေးတွေ၊ မြွေကြီးတွေအဖြစ်ကို ဘွားကနဲ ပေါ်လာပြီး ဖြစ်သွားတာ၊ ဥက ပေါက်နေရတာ မဟုတ်ဘူး"

"ဟာ...အဲဒီလို ရှိလို့လား မဖ၀ါ"

"ရှိတယ် တာတေ၊ ရှိတယ်၊ အခု နင်တို့ ဘွားမယ်စိုးကြီးက အဲဒီလိုပုံစံနဲ့ ငှက်ကလေး သွားဖြစ်တာဟဲ့"

"ဟာ...ဖြစ်ရလေဗျာ"

"ဘာမှမဖြစ်ဘူး တာတေ၊ အလှူဒါနလုပ်ပြီး အဲဒီငှက်ကလေးကို တရားနာခိုင်းလိုက်၊ ရက်လည်တုန်းက သူ မှီအောင်လာတာ၊ မမှီလိုက်ဘူး နောက်ကျသွားတယ်၊ သူက တခြားတစ်နေရာမှာ ငှက်သွားဖြစ်တာ၊ လေထဲမှာ ဘွားကနဲ ပေါ်လာတာ၊ ဒါပေမဲ့ သူ့စိတ်က ဘွားမယ်စိုးစိတ်ပဲ၊ အားလုံးသိတယ်"

မနက်မိုးလင်းတော့ ကျုပ်က ဘွားမယ်စိုးရဲ့အိမ်ကိုသွားပြီး

အကျိုးအကြောင်း ပြောပြလိုက်တယ်။

သူတို့မိသားစုတွေ အလှူလုပ်ဖို့ ချက်ချင်းပြင်တယ်။ ဆရာတော် ဦးဂုဏကို ပင့်ဖို့ ပြင်ဆင်ကြတယ်။ ဆွမ်းကပ်ပြီး တရားနာတဲ့အချိန်မှာ ကျုပ် ရှိတယ်ဗျ။ ကျုပ်ပဲ ဘွားမယ်စိုးအခန်းကိုဝင်ပြီး ငှက်ကလေးကို သွားပြောတာ။ မဖဲဝါက ပြောတယ်လေဗျာ။ ဘွားမယ်စိုးက သူ့နဂိုစိတ်အတိုင်း ရှိနေတယ်တဲ့။

ငှက်ကလေးက ကိုကြီးမောင်ပု ပြောသလိုပဲဗျ။ ရွှေရောင်နဲ့ အစိမ်းရောင်ကြားလေး နှုတ်သီးနီနီလေးနဲ့ အရောင်လေးတွေက တောက်နေတာဗျို့။ တော်တော်လှတဲ့ ငှက်ကလေးပါဗျာ။ ကျုပ်က ငှက်ကလေးကို သေသေချာချာ ကြည့်တယ်။ ငှက်ကလေးကလည်း ကျုပ်ကို သေသေချာချာ ကြည့်နေတယ်။

"ဘွား၊ ကျုပ် တစ်ဝေလေ ဘွားရဲ့၊ ဘွားအတွက် အလှူလုပ်ပေးကြတာ၊ ဆရာတော်နဲ့ သံဃာတွေကို ဆွမ်းကပ်တော့မှာ ပြီးရင် ဆရာတော် တရားဟောမှာ ဘွားရဲ့၊ အဲဒါကြောင့် ဘွားကို ဆွမ်းကပ်ဖို့ လာခေါ်တာ။ ဒီအလှူက ဘွားရဲ့အလှူလေ"

လို့ ကျုပ်ပြောလိုက်ရုံ ရှိသေးတယ်။ ငှက်ကလေးက နားနေရာကနေ ပျံလာပြီး ကျုပ်ပုခုံးပေါ်မှာ နားလိုက်တယ်။ မဖဲဝါပြောတာ ဟုတ်လိုက်တာလို့ ကျုပ်စိတ်ထဲမှာ တွေးလိုက်မိတယ်။ ကျုပ်က ကျုပ်

ပုခုံးပေါ်မှာ နားနေတဲ့ ဘွားမယ်စိုးငှက်ကလေးကို အိမ်ရှေ့ခေါ်လာတယ်။ လူတွေ ဝိုင်းကြည့်ကြတာပေါ့ဗျာ။

ငှက်ကလေးက ကျုပ်ပုခုံးပေါ်မှာ နားနေရင်းကနေ ဆွမ်းကပ်တာကို အာရုံပြုတယ်။ ကျုပ်က ဆွမ်းပွဲဝင်ကိုင်ပြီး ကပ်ရတာပေါ့ဗျာ။ ဆရာတော်နဲ့ သံဃာတော်တွေ ဆွမ်းဘုဉ်းပေးတာကို သေသေချာချာ ကြည့်နေတယ်။ ဆရာတော်ကို သင်္ကန်းလှူတော့လည်း ကျုပ်က ကိုင်ပြီး လှူပေးရတာပေါ့ဗျာ။ ငှက်ကလေးက ကျုပ်ပုခုံးပေါ်မှာပေါ့။

လှူတာတန်းတာပြီးတော့ ဆရာတော်က တရားဟောတယ်။ ငှက်ကလေးက တရားကို သေသေချာချာ နာနေပုံပဲဗျ။ နောက်ဆုံး ဆရာတော်က ရေစက်ချနိုင်းတယ်။ ကျုပ်ကပဲ ရေစက်ခွက်ကိုင်ပြီး ချပေးရတာပေါ့ဗျာ။ အမျှဝေတယ်။ သာဓုခေါ်ကြတယ်။

သာဓု၊ သာဓု၊ သာဓုလို့ သုံးကြိမ်ခေါ်ကြလို့အပြီးမှာ ကျုပ်ပုခုံးပေါ်မှာ နားနေတဲ့ ဘွားမယ်စိုးငှက်ကလေး ဘုတ်ကနဲ ပြုတ်ကျပြီး ငြိမ်သွားတယ်ဗျို့။

"ဟာ"

ကြည့်နေတဲ့လူတွေက တစ်ပြိုင်နက်တည်း အော်လိုက်ကြတာဗျ။ ဆရာတော်က ခေါင်းညိတ်ပြီး ပြောတယ်။

"ကဲ ဝမ်းသာကြပေတော့၊ ဘွားတော်ကြီး ကောင်းရာသုဂတိ

ဘုံကို စံဝင်သွားပြီ"

လို့ ပြောလိုက်တယ်။ ဒီတော့မှ ကိုကြီးမောင်ပုတို့ မိသားစု တွေလည်း ရယ်နိုင်မောနိုင်ကြတော့တာပေါ့ဗျာ။

တာတေ





# မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် သရဲခေါ်နည်း

နတ်လူသစ်

ဒီနည်းလမ်းကတော့ ရိုးရိုးရှင်းရှင်းလေးပါ။ ဒါပေမဲ့ မကြောက်တတ်ဖို့နဲ့ အစလုပ်မိလျှင်တော့ အဆုံးထိလုပ်မိဖို့က ဒီကစားနည်းရဲ့ အရေးကြီးတဲ့ စည်းကမ်းချက်ပဲ ဖြစ်ပါတယ်။

- လကွယ်ညသန်းခေါင်အချိန်မှာ လောလောလတ်လတ် သေထားတဲ့အိမ်က တံမြက်စည်း လိုပါတယ်။

- အဲဒီတံမြက်စည်းကို ပြောင်းပြန်ထားပြီး ရေလောင်းပါ။

- ကျလာတဲ့ရေကို ခွက်နဲ့ခံထားပါ။

- အမဲသားအနည်းငယ်ကို ထမင်းဖြူအနည်းငယ်နဲ့ စကော ထဲမှာ ထားပါ။

- စကောရဲ့ အလယ်မှာ ဖယောင်းတိုင် ထွန်းပါ။

- ပါးစပ်ကနေ နီးစပ်ရာ နာနာဘာဝများကို ဖယောင်းတိုင် မကုန်မီ လာရောက်စားသောက်ဖို့ ဖိတ်ကြားပါ။

- နာနာဘာဝ လာစား မစား အမဲသားကို လက်နဲ့ အသာ မ,ကြည့်ပါ။ ရှိသင့်တဲ့ အလေးချိန်ထက် ပိုနေလျှင်တော့ နာနာဘာဝ လာစားနေပါပြီ။

- နာနာဘာဝ လာစားနေပြီဆိုလျှင် ဖယောင်တိုင် မကုန်မီ ပြန်ထွက်ရန် ပြောပါ။

- ပြောပြီးပြီးချင်း တံမြက်စည်း ဆေးထားတဲ့ရေနဲ့ မြေပေါ် မှာ စည်းဝိုင်းတားပါ။

- စည်းဆွဲတဲ့နေရာမှာ နေရာလပ် မကျန်ပါစေနဲ့။

- နာနာဘာဝ ခေါ်တဲ့သူက စည်းအတွင်း ဝင်နေပါ။

- နာနာဘာတဝအား ကျွေးထားသည့် စကောအား မှောက် ......ိုက်ပါ။

- အမဲသားနှင့် ထမင်းအား စည်းဝိုင်းနှင့် ကပ်ရက်တွင် ထားလိုက်ပါ။

- မှောက်ထားသည့် စကောတွင် တံမြက်စည်းမှ အစနှစ်ခု အား စိုက်ထားပါ။ အစနှစ်ခုအား အမှန်အမှား သတ်မှတ်ပေးပါ။

- နာနာဘာဝအား မိမိသိချင်သည့် မေးခွန်းအား စကောတွင် စိုက်ထားသည့် တံမြက်စည်း နှစ်စဖြင့် ဖြေပေးရန် ပြောပါ။

- တံမြက်စည်းစမှ မှန်ဟု သတ်မှတ်ပေးထားသည့်အစ လှုပ်ပြလျှင် စမေးနိုင်ပါပြီ။

- သတိပြုရမှာက တံမြက်စည်းစ နှစ်ခုလုံးကို လှုပ်ပြလျှင် ဆက်မမေးပါနှင့်။ အစတစ်စ လဲသွားလျှင်လည်း ဆက်မမေးပါနှင့်။

- မေးမြန်းပြီးနောက် တံမြက်စည်းစ နှစ်ခုအား ကိုင်၍ စည်းဝိုင်းအားဖျက်ပြီး(ကျော်ခွခြင်း)မပြုရပါ။ ထွက်ပါ။ လမ်းတွင် တံမြက်စည်းစအား မကျပါစေနဲ့။

- မိမိသွားလိုရာရောက်လျှင် တံမြက်စည်းစ နှစ်ခုအား ချိုး၍ ပစ်ခဲ့ပါ။ ဘာ့အသံကြားကြား လှည့်မကြည့်ပါနဲ့။

ကိုင်း…လုပ်ဆောင်ချက်တိုင်း အောင်မြင်ပါစေဗျာ။

**နတ်လူသစ်**



# ရုပ်ပြောင်းရုပ်လွှဲမိန်းမ

**မင်းဘုန်းသိခ်ျ**

သူရောက်ရှိနေသော နေရာသည် ရေပြင်ကျယ်တစ်နေရာ။ သူနှင့် ရင်းနှီးကျွမ်းဝင်နေသောနေရာ၊ ဝမ်းစာရှာဖွေနေသောနေရာ။ ပတ်ဝန်းကျင်သည် ထွန်းသစ်စ နံနက်ခင်း၏ ရောင်နီအောက်တွင်

အရှေ့ဘက်ကောင်းကင် စာပေ

မှုန်ဝါးဝါးမျှသာ ရှိသေးသည်။ ပတ်ဝန်းကျင်သည် မြူနှင်းများနှင့် ဆေသီနေဆဲပင် ရှိသေးသည်။ သို့သော် အရိုးကွဲလုမတတ် အေးလှသည့် ရာသီပေတကား။ ပတ်ဝန်းကျင်တွင် မည်သူမျှမရှိ။ သည်အချိန်ဆို မြစ်မကြီး ချောင်းဆွယ်များတွင် ပိုက်တန်းချသူ၊ ကွန်ပစ်သူများကို တစ်ဦးစ နှစ်ဦးစ တွေ့နေရတတ်သည်။

သူသည် လှေကို တစ်ချက် နှစ်ချက် လှော်ကာ ရေကို ဆန်လိုက်သည်။ ဆောင်းလေတစ်ချက်က သုတ်ကနဲ ဝှေ့ပိုက်သွားသေးသည်။ အင်္ကျီကြယ်သီးကို စေ့လိုက်၏။ ရေသည် တသွင်သွင် စီးနေသည်။ သူသည် လှေဝမ်းထဲရှိ ပိုက်တစ်ဖုံကို ငုံ့ကြည့်ရင်း ပိုက်တွန်းချရန်နေရာကို ရှာဖွေမိသည်။

ရုတ်တရက် ငါးပွက်သံ ဝုန်းကနဲ ပေါ်လာသည်။ ရောမ ငါးကြီးတစ်ကောင်။ ငါးတန်လား၊ ငါးကြင်းလား နေရောင်ဖျော့ဖျော့ အောက်မှာ လက်ကနဲ မြင်လိုက်ရခြင်း ဖြစ်သည်။ သူတော်တော်ပျော် သွားသည်။ ပိုက်တန်းချရက်မှာ ဒီလို ငါးပွက်သည့်နိမိတ်ဦး ရလျှင် ငါးများများရတတ်သည် မဟုတ်ပါလား။ လှေကို ဆန်၍မလှော်တော့ဘဲ ရေစုန်မှာ လှည့်၍ မျှောလိုက်မိသည်။ လှေသည် ခပ်သာသာ စီးမျောသွားသည်။

သူ၏ အသိအာရုံတစ်ခုက ဦးနှောက်နှင့် ဆက်ကာ အလုပ်

တစ်ခု ပေးလိုက်သည်။ တစီစီမြည်နေသောအသံ၊ တဖောက်ဖောက် မြည်နေသောအသံတွေ သည်အသံတွေက သူ့လို ရေလုပ်သားတစ်ဦး နှင့် ရင်းနှီးကျွမ်းဝင်နေသော အသံသာ ဖြစ်ပေသည်။

သူ့ရင်ထဲမှာ အဖျားဝင်သွားသလို ဆတ်ကနဲ တုန်သွားသည်။ ပျော်ရွှင်ခြင်းကြောင့် ဖြစ်ပေလိမ့်မည်။ သူကြားလိုက်ရသည်က ငါးအုပ် တိုး ငါးယစ်တက်သလို ပျော်ရွှင်မြူးထူးနေသော အသံသာဖြစ်သည်။ တစ်ခါတစ်ရံ အမျိုးတူ ငါးအုပ်စုကြီးသည် တစ်နေရာတည်းတွင် အုပ်လိုက်ကျတတ်သည်။

လှော်တက်သံ မကြားရအောင် လှေကို ရေစီးနှင့် စုန်ဆင်း လိုက်သည်။

"ဗွမ်း"

"ဝုန်း"

အသံတွေလာရာသို့ သူလှမ်းကြည့်လိုက်သည်။ မှုန်ဝါးဝါးနှင့် မြူထုအောက်မှာ-

"ဟာ..."

သူ ထိတ်လန့်တကြား ရေရွတ်လိုက်မိသည်။ မြင်လိုက်ရ သည့် မြင်ကွင်းကား သူ့ရှေ့တူရူရှိ လယ်တစ်ကွက်နီးပါး ချောင်း ရေပြင်တွင် ငါးတွေ ပွက်ပွက်ထကာ မြူးကြွနေကြခြင်းပင်တည်း။

ငါးများသည် ရေဆူသကဲ့သို့ ပွက်ပွက်ထကာ တစ်ကောင်နှင့်တစ်ကောင် လိမ်ယှက်ပူးကပ်ကာ ခုန်ပျံနေကြလေသည်။ တစ်သက်နှင့်တစ်ကိုယ် ဤမျှ ငါးတွေများပြားကာ ပွက်ပွက်ထသည်ကို မမြင်စဖူး။ သူ အံ့သြတကြီး ငေးကြည့်နေမိသည်။ သူသည် လှော်နံနှစ်ဖက်ကို ကိုင်ကွယ်ကာ ရေထဲပဲ ခုန်ချရမလို ပိုက်တန်းပဲ ချလိုက်ရမလိုကို ကယောင်ချောက်ချား ဖြစ်မိသွားသည်။ အပျော်လွန်သွားသောကြောင့် ဖြစ်နိုင်သည်။

သူသည် ပိုက်စွန်းကိုကိုင်ကာ ရေခဲချရန် ဟန်ပြင်လိုက်စဉ်မှာပင် ခန္ဓာကိုယ်နှင့် အသိဉာဏ် ပူးကပ်သွားသည်။ မှိတ်ထားသော မျက်စိကို ဖွင့်ကြည့်လိုက်သည်။

မြင်ကွင်းထဲတွင် ရေပြင်ကြီး ပျောက်ကွယ်သွားသည်။ ပွက်ပွက်အန်ထနေသော တောင်သောင်းမကသည့် ငါးတွေ ပျောက်ကွယ်သွား၏။ သူမြင်လိုက်ရသည်က ခြင်ထောင်အမိုး ညိုညစ်ညစ်နှင့်မှောင်မည်းနေသော ပတ်ဝန်းကျင်အမှောင်ထုသာ ဖြစ်သည်။ အမှောင်ထဲတွင် မျက်စိက ရုတ်တရက်တော့ ကျင့်သားမရ၊ မျက်စိကျိန်းနေသေးသည်။ ပတ်ဝန်းကျင်မှ တစီစီမြည်နေသော ပိုးပုရစ်သံတွေ ပေါ်လာသည်။ သစ်ရွက်ကို လေတိုးသဖြင့် တရှဲရှဲမြည်သံများ ခပ်ဝေးဝေးတစ်နေရာမှ ခွေးတစ်ကောင်၏ ဟောင်သံ၊ တစ်ဖက်ခန်းမှ အဖေ၏

လူးလွန့် ချောင်းဟန့်သံ ထွက်ပေါ်လာသည်။ မီးခွက်ထွန်းသံ ကြားရသည်။

သူအိပ်ရာမှ အသာထလိုက်သည်။ ခြေရင်းဘက်ရှိ ပြတင်းတံခါးကို ဖွင့်လိုက်တော့ နှင်းတွေ တိုးဝင်လာသည်။ တစ်ကိုယ်လုံး စိမ့်တက်သွားသည်။ ကြာရှည်ထိုင်မနေနိုင်။ ခေါင်းထဲမှာ စောစောက မက်ခဲ့သည့် အိပ်မက်၏ မြင်ကွင်းက ပျောက်မသွား။ လောဘတကြီး ညှို့ငင်လျက်ရှိသည်။ အိပ်မက်အတိုင်း အပြင်လောကတွင် တကယ်ဖြစ်နေခဲ့သော် အခွင့်အရေးကြီးတစ်ခု ဆုံးရှုံးသွားနိုင်သည်။ ထူးခြားဆန်းကြယ်သည့် အိပ်မက်။ ငါးတွေ…ငါးတွေ…ငါးတွေ…ငါးတွေကိုသာ အကုန်ဖမ်းမိလျှင်…။

ရွာထဲက သံချောင်း၊ ဖိုးပေတို့သည် လက်မြန်ခြေမြန်သမားများ ဖြစ်သည်။ အိပ်မက်ထဲက ငါးတွေ သင်းတို့ တွေ့ခဲ့သော်…။

သူ အိမ်ရှေ့သို့ လျင်မြန်စွာ လျှောက်သွားလိုက်ပြီး နံရံတွင် ထောင်ထားသော လှော်တက်ကို ဆွဲယူသည်။ လှေထဲမှာတော့ ညကတည်းက ပြင်ဆင်ထည့်ထားသော ပိုက်ရှိသည်။ ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်မိလိုက်၏။ အလင်းမျှမျှ နှင်းမှုန်တွေ ဝေ့ဝိုက်နေဆဲ။ ကြည့်စမ်း၊ အံ့ဩစရာ မကောင်းဘူးလား။ အိပ်မက်ထဲကအတိုင်း။

အဖေ့ကို နှုတ်မဆက်နိုင်။ လှေဝမ်းထဲသို့ လျင်မြန်စွာ ခုန်

ဆင်းလိုက်သည်။ ငါးတွေ…ငါးတွေ…ချောင်းအစွယ်ကျဉ်းထဲက ငါးတွေ…။

သူသည် အိပ်မက်ထဲတွင် တွေ့လိုက်ရသည့် ချောင်းကျဉ်းကလေးဆီသို့ လှေကို အပြင်းလှော်လာသည်။ အရှေ့ဘက်တွင် ရောင်နီဖျိုးအန်လာလေပြီ။ နှင်းတွေတော့ ဝေနေဆဲ။ ကြာကြာမလှော်လိုက်ရ။ မိနစ်အနည်းငယ်အကြာတွင် ငါးတွေ ပွက်ပွက်ထသောနေရာသို့ ရောက်လာသည်။ တော်ပါသေးရဲ့။ ရေသရဲဖိုးပေတို့ မရောက်လာသေး၊ ဘယ်သူမှ မရှိ။ ချမ်းအေးလှသည့် ဆောင်းရာသီ ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေဆဲ။ ချောင်းရေပြင်၏ မျက်နှာပြင်တွင် နှင်းတွေ ဝေ့ဝဲကျနေသည်။ ငါးပွက်သံပင် မကြားရ။ အိပ်မက်ထဲက ငါးတွေ ဘယ်ရောက်ကုန်ပြီလဲ မသိ။

သူသည် ငါးတွေ ပွက်ပွက်ထနေသည့် အိပ်မက်ထဲမှ နေရာကို လှမ်းကြည့်လိုက်မိသည်။ ဘာမှမထူးခြား။ ရေပြင်သည် ပကတိငြိမ်သက်နေမြဲ။ ငါးသေးသေးတစ်ကောင်ပင် ပွက်ထသံ မကြားရ။ ရင်ထဲမှာ မချင့်မရဲ ဖြစ်သွားမိသည်။ ရိုးသွပ်သော သူ့စိတ်ကိုလည်း ရှက်ရွံ့သလို ဖြစ်သွားသည်။ လှေကိုစုန်၍ လှော်လိုက်သည်။

ချောင်းကမ်းပါး၏ လက်ဝဲဘက်ကျဉ်းမြောင်းသောနေရာတွင် သောင်စပ်ရှိသည်။ သောင်စပ်နှင့် ချောင်းသည် ကျဉ်းမြောင်းသဖြင့်

လေ့နှစ်စီးယှဉ်၍ လှော်ခတ်မရပေ။ ထိုအချိန်တွင် မြင်ကွင်းထဲသို့ ထူးခြားသည့်အရာတစ်ခု ဝင်ရောက်လာသည်။

ဆံပင်ရှည်များကို ဖားလျားချကာ ကျောပေး၍ ရေချိုးနေသော မိန်းမတစ်ယောက်။ အမျိုးသမီးသည် လှေလမ်းကြောင်းကို ကျောပေးကာ ထမီရင်လျားနှင့် ရေချိုးနေခြင်းဖြစ်သည်။ ချောင်းရေထဲတွင်နှစ်ကာ ရေချိုးနေခြင်းဖြစ်သည်။ သူအံ့ဩသွားသည်။ ဒီလောက်အေးစိမ့်လှသည့် ဆောင်းကာလ ချောင်းရေထဲမှာ စောစောစီးစီး ချောင်းရေစိမ်နေသော မိန်းမသည် မည်သူပေနည်း။ အံ့ဩစရာကောင်းလှသည်။

လှေသည် အမျိုးသမီးအနီးသို့ ရောက်လာသည်။ ချောင်းကကျဉ်းသဖြင့် ခပ်သာသာပင် မျှောဝင်လိုက်ရသည်။ ထိုအခါမှ ရေချိုးနေသော အမျိုးသမီး၏ နောက်ကျောအလှကို ပို၍မြင်လာသည်။ ဖြူဝင်းနုမွတ်သော အသားအရေပိုင်ရှင်ဖြစ်သည်။ ဆံပင်တွေက ရှည်လျားနက်မှောင်နေကာ ကျောပြင်ပေါ် ဖြန့်ဝဲကျနေသည်။ သူသည် အမျိုးသမီးကို တဒင်္ဂတော့ ငေးမောသွားသည်။ တော်တော်လှမယ့် အမျိုးသမီးပဲ။ ဒီရွာကတော့ မဟုတ်လောက်ဘူး၊ ဘယ်ကများပါလိမ့်။ ချမ်းချမ်းစီးစီး ရေချိုးနေတာ အာဂသတ္တိပဲ။

သူ၏လှေသည် အမျိုးသမီးနှင့် တစ်လံသာသာမျှသာ ကွာ

စေးတော့သည်။ လှေဝမ်းနှင့် လှိုင်းရိုက်ခတ်သံ ထွက်ပေါ်လာသည်။ ကျောပေးနေသော အမျိုးသမီးခန္ဓာကိုယ်သည် သူ့ဘက်သို့ တဖြည်းဖြည်း လှည့်လာသည်။ အံ့ဩတကြီး ငေးကြည့်နေမိသည်။

"ဟင်"

သူ ရုတ်တရက် လန့်ဖျပ်သွားသည်။ လက်ထဲမှ လှော်တက်သည် လှေဝမ်းထဲသို့ လွတ်ကျသွားသည်။ သွေးကြောမကြီးတစ်ခုက နှလုံးအိမ်သို့ ဒုတ်ကနဲ လာဆောင့်ရာ အသိတရားတစ်ခုသည် လွင့်စဉ်သွားသလို ခံစားလိုက်ရခြင်းဖြစ်သည်။ ရုတ်တရက် ပြူးကျယ်သွားသော သူ့မျက်လုံးအစုံသည် မျက်တောင်ခတ်ရန် မေ့လျော့သွားသည်။ ပါးစပ်အဟောင်းသားနှင့် အသံပင် မထွက်နိုင်။ အသံလှိုင်းတွေ လည်ချောင်းဝတွင် တစ်ဆို့နေ၏။ ကယောင်ချောက်ချား ဖြစ်လာသည်။

"ဘုရား...ဘုရား..."

သူ့ကို စိုက်ကြည့်နေသော မိန်းမ၏ မျက်နှာသည် ခုနစ်နှစ်အရွယ် ကလေးငယ်လေးတစ်ယောက်၏ မျက်နှာဖြစ်နေသည်။ ဆံပင်ရှည်ရှည်တွေ ပျောက်ကွယ်သွားပြီး ခေါင်းတုံးကလေးနှင့် ဖြစ်နေသည်။ မြင်ကွင်းသည် လျင်မြန်စွာ ပြောင်းလဲသွားသည်။ အမျိုးသမီးထံမှ...

"ဟီး...ဟီး...ဟီး"

ကလေးငယ်ကလေး၏ ရယ်သံမျိုး ထွက်လာကာ...

“ငါးဟင်းနဲ့ ငါးပိချက်ကလေး စားချင်တယ်”

မိန်းမ၏ လက်တစ်ဖက်က လှေနံကို ရုတ်တရက် ဆုပ်ကိုင်လာသည်။ သူ့လက်ကို ငုံ့ကြည့်လိုက်မိသည်။ ညိုမည်း၍ ခြောက်ကပ်နေသော သစ်ကိုင်းခြောက်လက်ကြီး၊ အရိုးပဒေသာလက်ကြီးတစ်ဖက်။ လှေနံကို တင်းကြပ်စွာ ဆုပ်ကိုင်ထားသည်။

“အောင်မယ်လေး သရဲ”

သူ တအားကုန်အော်ကာ လှော်တက်ကို ကောက်ကိုင်၍ လှော်ပြေးသည်။ လှေတစ်လျား နှစ်လျားခန့် ရောက်လျှင် လှည့်ကြည့်လိုက်၏။ ဘာမှမရှိတော့။ မိန်းမသည် မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်။ ရေပွက်တွေတော့ ကျန်ရစ်ခဲ့သည်။ လှေသည် အတော်ဝေးဝေး ရောက်သွားသည့်တိုင် ရင်တွေ တဆတ်ဆတ် တုန်နေဆဲ။ အသားစိုင်တွေ ပွဲကြွေသွားမတတ် ကြောက်လန့်မှုက မပြေသေး။

ချောင်းရေပြင်သည် ပကတိ ငြိမ်သက်မြဲ။

**မင်းဘုန်းသိခ်ိသူ**



# မျောက်တစ်ရာကျွန်း

ရွှေတုန်းကံ

အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ ဒီအကြောင်း ဒီအဖြစ်အပျက် ဒီလိုထူးဆန်း ဂမ္ဘီရဆန်လွန်းလှတဲ့ အဖြစ်ကို သူက ကိုယ်တိုင်ကြုံဆုံခဲ့ရ ရောက်ခဲ့ရလို့ သိရတာတော့ မဟုတ်ပါဘူး။ သူ့ရဲ့ အဓိဋ္ဌာန်

ဂန္ဓာရီခရီးအလှည့်မှာ ခင်မင်ရင်းနှီးနေရတဲ့ ဖျာပုံဦးဇင်းလေးဆီ အမှတ်မထင် ခေတ္တရောက်တုန်းမှာ ဒီအဖြစ်ပျက်ကို ဦးသီဟနာဒက ပြောပြခဲ့တာရယ်။ အဲဒီတုန်းက ဦးဇင်းလေးဦးသီဟနာဒနဲ့ ဦးဂုဏသာရတို့ ဒေးစွန်ပါ မဟာသမယဆရာတော်ကြီးထံ ဖူးမြော်ဖို့ ကြွလာကြတာ။ ဆရာတော် ဘဘုန်းဘုရားကြီးရဲ့ မေတ္တာဓာတ်လာခံယူပြီး ဦးဇင်းလေးတို့လည်း ရောဝတီတိုင်းဒေသကြီးထဲက မအူပင် ကျိုက်လတ်နယ်တကြော ရှေးသာသနာ့ပန္နက်တွေ၊ ဘုရားပြို၊ ဘုရားပျက်တွေကို အမိဋ္ဌာန်နဲ့ လိုက်လံဖွင့်ဖော်နေတဲ့ ဆရာတော့်ပါရမီကို ဝန်းရံအားဖြည့်ကြတယ်။ ဆရာတော်ကြီးကလည်း တပည့်သားပမာကြည့်ရှုစောင့်ရှောက်ပြီး လိုတဲ့အပ်တဲ့ အရာတွေကို ဖြည့်ဆည်းပေးပေါ့လေ။

အောက်ပိုင်းပင်လယ်ဒေသတွေမှာ ရှေးအစဉ်ဆက်တည်းက လူကြီးသူမတွေ ပြောဆိုခဲ့ကြဖူးတဲ့ ကျွန်းပျောက်ကြီးလို့ ထင်ရှားတဲ့ ဒီပျောက်တစ်ရာကျွန်းကို ဦးဇင်းလေး ဦးသီဟနာဒ မရည်ရွယ်ဘဲ ရောက်ခဲ့ရဖူး ဟာ လွန်ခဲ့တဲ့ ၁၀ နှစ်ဝန်းကျင်တာကာလက။ မြန်မာနိုင်ငံမှာ တစ်သက်မှာ တစ်ကိုယ်တစ်ကြိမ်တစ်ခါသာ ကြုံဆုံတွေကြုံရင်ဆိုင်ခဲ့ရဖူးတဲ့ နာဂစ်မုန်တိုင်းလွန်ကာလ။ ပြောရရင် နာဂစ်မုန်တိုင်းကြီးတိုက်ခတ်ပြီးလို့ ကယ်ဆယ်ရေးနဲ့ ကူညီထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးတွေ အဖွဲ့အစည်းမျိုးစုံနဲ့ အဆက်မပြတ်ဆောင်ရွက်နေ

ဆဲကာလ။ နာဂစ်မုန်တိုင်းပြီးလို့ နှစ်လဝန်းကျင်ခန့်လောက်မှာ ကြုံခဲ့ရတာလို့ ဦးသီဟနာဒက ပြောပြတယ်။

အမှန်တော့ ဖျာပုံမြို့ဆိုတာက ပင်လယ်နဲ့နီးတဲ့ဒေသ သူ့အောက်မှာ ဘိုကလေး၊ ကဒုံကနီ ရယ်လို့ပဲရှိတော့တာရယ်။ နာဂစ်ရဲ့ဒဏ်ကို မြန်မာနိုင်ငံအဝှမ်း ရန်ကုန် မြို့ကြီးပါမကျန် အထက်အောက်အကြေအညာအကုန်လုံးဖွတ်ဖွတ်ညက်ညက် ထောင်းလမောင်းထအောင်ခံလိုက်ရတဲ့အထဲမှာ ဖျာပုံမြို့လည်းပါပါတယ်။ ပိုပြီး ဆိုးရွားတာက ပင်လယ်ရပ်ဝန်းဒေသတွေဖြစ်တဲ့ အောက်ပိုင်းလို့ခေါ်တဲ့ ပင်လယ်နဲ့နီးတဲ့ ငပုတော၊ ဟိုင်းကြီး၊ ဘိုကလေး၊ ပြင်စလူ၊ ကဒုံကနီ အစရှိတဲ့ ပင်လယ်ပိုင်းတွေက ရွာလုံးကျွတ်နီးပါး ပျက်စီးဆုံးရှုံးရတာတွေ လူ့အသက်ပေါင်းများစွာမခန့်မှန်း မရေတွက်သာအောင် ပျက်စီးဆုံးရှုံးမှုအကြီးမားဆုံးလို့ ဆိုလို့ရပါတယ်။ ဘာပြုလို့လဲဆိုတော့တစ်ညနေလုံးတစ်ညလုံး သေမင်းအော်သံကြီးတွေ ပင်လယ်အော်သံကြီးတွေနဲ့မှောင်မည်းနေတဲ့မြစ်ပြင်၊ ပင်လယ်ပြင်ကျယ်ကြီးမှာ အသက်ပေါင်းအိုးအိမ်ပေါင်းများစွာ ပျောက်ကွယ်ဆုံးရှုံးသွားခဲ့ကြရတဲ့အဖြစ်ဆိုးကြီး။ ဘယ်သူမဆိုပြန်တွေးရင် ၁၀ နှစ်ဝန်းကျင်ကဒီအိပ်မက်ဆိုးကြီးဟာမနေ့တစ်နေ့ကလိုပဲ မြင်ယောင်ခံစားနေကြရတုန်းရယ်။

အဲဒီတုန်းက လူမှုကူညီရေး၊ ကယ်ဆယ်ထောက်ပံ့ရေး အဖွဲ့

အစည်းတွေက အမျိုးစုံ မရေမတွက်နိုင်အောင် ပြန်လည်ထူထောင်ရေး ပစ္စည်းတွေ ဆေးဝါး အစားအသောက် အဝတ်အထည်က စလို့ တာဝန်ရှိသူတွေနဲ့အတူ ပင်လယ်အောက်ပိုင်းဒေသကြီးတစ်ခုလုံး တစ်ရွာဝင် တစ်ရွာထွက် လိုက်လံကူညီကြတဲ့ အဖွဲ့အစည်းတွေဆိုတာလည်း ဥဒဟို။ ကမ္ဘာ့နိုင်ငံတွေကရော ယူနီဆက်ကပါ အစားအသောက် ဆေးဝါး ရွက်ဖျင်တွေပါမကျန် ပုံအောပြီး ကူညီခဲ့ရတာ။ အဲဒီအချိန်က ဦးခင်လေး ဦးသီဟနာဒက ရဟန်းဘဝနဲ့ဆိုတော့ ဆေးဝါးနဲ့ ထောက်ပံ့ရေးပစ္စည်းတွေအားလုံးကို ဦးဆောင်ခဲ့တဲ့သူ။ ယူနီဆက်က ထောက်ပံ့ရေးပစ္စည်းတွေအပြင် တိုင်းရင်းသားလူငယ် လူ့ဒါန်းရေးအဖွဲ့မှာလည်း အဖွဲ့ငယ်ခေါင်းဆောင်တစ်ဦးရယ်၊ သူတို့အဖွဲ့မှာက ယောကျ်ားလေးရော၊ မိန်းမပျိုလေးတွေပါဆိုရင် စုစုပေါင်း လူ(၃၀)တိတိပေါ့။ အားလုံးက အရွယ်ကောင်း ပညာတတ်တွေ။ လူမှုရေးလုပ်ငန်းတွေကိုဆိုရင် နေ့ညမရွေး နေရာဒေသမရွေး ဆောင်ရွက်ကြတဲ့ အဖွဲ့ပါ။ နာဂစ်ရဲ့ ဆိုးကျိုးဒုက္ခကို ပင်လယ်ဘက်က ကျေးရွာတွေ ပိုပြီးအထိနာ ပျက်စီးကြတယ်ဆိုတာကို သတင်းတွေက အဆက်မပြတ် ရနေပေမယ့် သူတို့ မသွားအားသေးဘူး။ နီးစပ်ရာ မြို့ပေါ်နဲ့ အနီးဝန်းကျင်က ရွာတွေကိုပဲ ကယ်ဆယ်ရေးနဲ့ ကူညီထောက်ပံ့ရေး လုပ်နေကြရတယ်။ ပင်လယ်ဘက် ဆင်းဖို့အတွက် ကယ်ဆယ်ရေးအဖွဲ့တွေကြောင့် လှေတွေ၊

စက်လှေတွေက မအားကြဘူး။ ပြောရရင် အဲဒီကာလတုန်းက ဖျာပုံမြို့ပေါ်နဲ့ အနီးအပါးက သမ္ဗာန်တွေ လှေတွေဆို ရွာစဉ်ဆက်တွေကို ခေါင်းခေါင်းပြေးနေတာရယ်။

နောက်တော့ ဦးဇင်းလေး ဦးသီဟနာဒတို့အဖွဲ့ သမ္ဗာန်ရတာနဲ့ ဘိုကလေးအောက်ဘက်ကို ပစ္စည်းပစ္စယ ဆန်၊ ဆီ၊ ဆေးဝါးတွေ ဝေငှဖို့ ကူညီလှူဒါန်းဖို့ စီစဉ်ကြတယ်။ အားလုံးလိုက်မှာက အယောက် ၃၀ ရှိတယ်။ သမ္ဗာန်ဆိုပေမယ့် စပါး ၃၀၀ ဆန့်တဲ့ လှေကြီးပါ။ လှေပဲ့နောက်ပိုင်းမှာ ပျဉ်ထောင်အဆောင်နဲ့ အမိုးအကာနဲ့ အပေါ်မှာ လှေပဲ့နင်းအခန်းနဲ့ နှစ်ထပ်။ အမိုးက သမ္ဗာန်ကြီးရဲ့ အလယ်ကို ကျော်တယ်။ အမိုးပေါ်မှာ အလံတိုင်နဲ့ ခေါင်းတိုင်နဲ့။ သမ္ဗာန်ကြီးရဲ့ ရှေ့ဦးပိုင်းကတော့ အလွတ်ပေါ့လေ။ အနောက်ဘက်မှာ ချက်ပြုတ်စရာ မီးဖိုဝင်းနဲ့ ရေကအစ ပါတယ်။ ဒါနဲ့ပဲ လှေသမားတွေ ဦးဆောင်ပြီး သူတို့တွေ ကယ်ဆယ်ရေးပစ္စည်းတွေ ဆန်၊ ဆီ၊ ဆေး၊ ဆား ရိက္ခာတွေ ရွာစဉ်တွေကို လှူဖို့တန်းဖို့ အဝတ်အစား၊ စောင်၊ ဆေးဝါး ရိက္ခာတွေကအစ လိုအပ်တဲ့အရာတွေကို အစီအစဉ်တကျ ထားသိုတယ်။ အတူလိုက်ကြမယ့် လူငယ်တွေ မိန်းကလေးတွေကတော့ တက်ကြွလန်းဆန်းလို့ ပျော်လို့ရွှင်လို့ပေါ့လေ။ ဦးသီဟနာဒက ရဟန်းလည်း ရဟန်းအဖွဲ့ရဲ့ ခေါင်းဆောင်ဆိုတော့ ပိုပြီးကြိုတင်စီစဉ် ပင်ပန်းရတာ

ပေါ့လေ။ သူတို့ သွားကြမယ့် အောက်ဘက်ရွာစဉ်ဝက်တွေရဲ့ သတင်းတွေလည်း အစုံစိကြားနေရတာပေါ့လေ။ ဒါနဲ့ပဲ သူတို့အားလုံး စီစဉ်ပြီးတော့ အစီအစဉ်အတိုင်း ခရီးထွက်လာခဲ့ကြတယ်။ အမှန်က သူတို့ ယူနီဆက်ရဲ့ အထောက်အပံ့နဲ့ ကယ်ဆယ်လှူဒါန်းရေးအဖွဲ့တွေက အများကြီး။ သူ့နေရာ သူ့လမ်းကြောင်းနဲ့သူ၊ အဖွဲ့တွေခွဲပြီး သွားခဲ့ကြရတာ။ ပြောရရင်တော့ ဦးသီဟနာဒက ဖျာပုံသားဆိုပေမယ့် အဲဒီ အောက်ဘက်တွေကို သိပ်သွားလာဖူး ရောက်ဖူးတာတော့ မဟုတ်ဘူးရယ်။ လူကြီးသူမတွေရဲ့ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ကြားဖူးနားဝရှိတာပါ။

ဘိုကလေးမြစ်ကနေ ထွက်ခဲ့ကြပြီး အောက်ဘက် မော်ကျွန်းခရီးစဉ်အတိုင်း သွားခဲ့ကြတာတဲ့။ ဖျာပုံကနေ ရေလမ်းခရီးက လေးနာရီလောက်ကြာအောင် သူတို့သမ္မာန်က မောင်းရတယ်။ အဲဒီလေးနာရီလောက်ကြာတော့မှ မော်ကျွန်း၊ ငပုတော၊ မြစ်ခွဆိုင်ကို ရောက်တာလို့ ပြောပြတယ်။ မြစ်ခွဆိုင်က သုံးခွဆိုင်ဖြစ်ပြီး အတော်ကျယ်တယ်။ ဟိုဘက် ဒီဘက် ကမ်းတွေကိုတောင် ပျပျမြင်ရတာ၊ အဲဒီမြစ်သုံးခွဆိုင်ကနေထွက်ရင် ပင်လယ်ဝကို ရောက်ကရောတဲ့။ ဝါးလှေ၊ ငါးဖမ်းလှေတွေ ထွက်တဲ့လမ်း။ လမ်းတစ်လျှောက်မှာ ရွာစု ရွာပျက်တွေနဲ့ သူတို့လိုပဲ ကူညီထောက်ပံ့ရေး လှေသမ္မာန်အချို့ တွေ့ရတယ်။ ရေချိုရေငန်

အစပ်နေရာ။ ပေါင်းဆုံတဲ့နေရာပဲ။ အုတ်ဖိုချောင်းကနေ စုန်ပြီးဆင်း သွားရင် မိန်းမလှကျွန်း မရောက်ခင် နာမည်ကျော် ကျွန်းညိုကြီးကို ရောက်တယ်။ ရောဝတီအောက်ပိုင်းသားတွေအပြင် မြန်မာနိုင်ငံအနှံ့ အပြား ပူဇော်ပသကြတဲ့ နတ်ဦးရှင်လို့ခေါ်တဲ့ ဦးရှင်ကြီး ပိုင်တဲ့ကျွန်း ပါ။ အဲဒီကျွန်းညိုကြီးကနေတစ်ဆင့် အောက်ကို ဆက်ဆင်းရင် မြစိမ်း ကျွန်းကို ရောက်တယ်။ ပင်လယ်ဝကို ရောက်လုရောက်ခင် အရမ်း ဝေးလံခေါင်သီတဲ့ ကျွန်းတွေပေါ့။ ရွာစဉ်ရွာဆက်တွေ ဟိုနားတစ်စု ဒီနားတစ်စု ဟိုတုန်းက တည်ရှိခဲ့ကြပေမယ့် ခုချိန်မှာတော့ ဆိုးရွား ပက်စက်လှတဲ့ နာဂစ်မုန်တိုင်းကြီးရဲ့ ပထမဆုံး လက်ကြမ်းကြီးနဲ့ မညှာမတာ ရက်ရက်စက်စက် ရိုက်နှက်တာ ခံလိုက်ရလို့ တချို့နေရာ တွေဆိုရင် ရွာတစ်ခုလုံး ရေပြင် နံ့ပြင်ပေါ်မှာ ဘယ်နေရာ ရှာရမှန်း မခန့်မှန်းတတ်အောင် ရွာလုံးကျွတ် ပျောက်ကွယ်ခဲ့ရရှာတယ်လို့ ပြောပြ တယ်။ သူတို့ရဲ့ ကယ်ဆယ်ရေး ထောက်ပံ့ရေးပစ္စည်းတွေနဲ့ သမ္ဗာန်ကြီး ကလည်း တွေ့ရာ ကမ်းနဖူး ရွာစုတဲလေးတွေမှာ ပါလာတဲ့ ပစ္စည်းပစ္စယ တွေ ဝေခြမ်းကူညီကြရတာပေါ့။ အိုးပျက်အိမ်ပျက် ရွာပျက်ရုံတင်မက ရေဘေးကင်းလွတ်တဲ့ ဘုန်းကြီးကျောင်းအချို့မှာ အမိမဲ့ အဖမဲ့တွေ သားမဲ့ မယားမဲ့တွေ ဒုက္ခသည်တွေရဲ့ ရင်ထုမနာ မျက်ရည်သံ ငိုကြွေး သံတွေကလည်း ကြာတော့ နားမထောင်ချင်လောက်အောင်ပဲ ရင်ထဲ

ဆို့ကြပ်နေတာပေါ့။ သဘာဝတရားကြီးရဲ့ လက်မည်းကြီးဆိုတော့လည်း ဘယ်သူက တားဆီးနိုင်မှာဝဲလဲ။ ခနိတောတွေ၊ ဗျိုက်တောတွေ ရေပြန်ကျသွားလို့ လုံးတီးဖြစ်နေတဲ့ အုန်းပင်၊ သစ်ပင်တွေမှာ ကန်သင်းရိုး၊ သောင်ခုံစပ်တွေမှာ လက်နဲ့ထိရင်တောင် ပဲ့ကြွေကျသွားတဲ့ မည်းသူမည်းဝါ မခွဲခြားနိုင်တဲ့ အနိဋ္ဌာရုံ ရုပ်ကောင်တွေကလည်း အဲဒီချိန်ထိ ရှိနေကြတုန်းပဲလို့ ဦးသီဟနာဒက ပြောပြတယ်။ အစိမ်းသေ ဥပစ္ဆေဒက ကံနဲ့ ဆုံးပါးကြသူတွေဆိုတော့ ဝိညာဉ်ဘဝနဲ့ မကျွတ်မလွတ်ရှာကြဘူးပေါ့တဲ့။

သူတို့တွေလည်း ချောင်းထဲမြောင်းထဲ သမ္ဘာန်ပေါ်မှာ အိပ်ချင်အိပ်၊ ဒါမှမဟုတ် မိုးလေကင်းရင် သောင်ပြင်စပ်မှာ လှေဆိုက်၊ ချက်ပြုတ် စားသောက်ပြီး ပါလာတဲ့ ကင့်နဲ့တွေ၊ မိုးကာရွက်ဖျင်တဲတွေနဲ့ ဖြစ်သလို အိပ်ကြရတာ။ ဘယ်သူမှ မြင်ရတွေ့ရတဲ့အပေါ် မပျော်ရွှင်နိုင်ကြသလို အကုန်လုံးလည်း ပင်ပန်းနွမ်းနယ်စပြုနေပြီ။ ညဘက်ဆိုရင် ပင်လယ်ပြင်က လှိုင်းသံလိုလို အော်ညည်းသံလိုလိုနဲ့ လေသင့်ရင် ကယ်ပါ ယူပါ တစာစာနဲ့ အော်ဟစ်သံတွေ ငိုကြွေးသံတွေလည်း ပင်ပန်းလို့ ကယောင်ကတမ်းပဲ ကြားရသလိုလို၊ တကယ်ပဲ အော်ဟစ်အကူအညီတောင်းသံတွေက ညတိုင်း ကြားကြားနေကြရတာတဲ့။ တချို့ စိတ်ငယ်တဲ့ စိတ်မနိုင်မာတဲ့ အတူပါလာတဲ့အဖွဲ့ထဲက

မိန်းမပျိုတွေဆိုရင် စိတ်ခေါက်ကျချင်နေလို့ သူတို့ကိုပါ မနည်းအားပေးနေရတယ်။ နောက်ဆုံးတော့ သုံးရက်မြောက်နေ့မှာ မြစိမ်းကျွန်းကို ရောက်ကြတယ်။ အဲဒီမှာ ပါလာတဲ့ နောက်ဆုံးကျန်ရှိတဲ့ ဆန်၊ ဆီ၊ ဆေးဝါး၊ ကယ်ဆယ်ရေးပစ္စည်းပစ္စယတွေ ဝေခြမ်းခွဲဝေ လှူဒါန်းကြတယ်။ အရမ်းဝေးလံ ခေါင်သီတဲ့ ပင်လယ်နဲ့နီးလို့ အချို့အကူအညီတွေ မရောက်ဘူးလို့ ဆိုတယ်။ မြစိမ်းကျွန်းမှာ တစ်ညအိပ်ပြီး မနက်ဖျာပုံကို ပြန်တက်ကြမယ်ပေါ့လေ။

မနက်မိုးလင်းတာနဲ့ ဦးသီဟနာဒတို့အဖွဲ့ အားလုံးကို နှုတ်ဆက်ပြီး မြစိမ်းကျွန်းကနေ လှေထွက်လာတာပေါ့။

အချိန်က မနက် ၉ နာရီဝန်းကျင်ပဲ ရှိသေးတယ်။ အဲဒီ ထူးဆန်းဂမ္ဘီရဆန်လွန်းလှတဲ့ ရေးအစဉ်ဆက်ကနေ ဒီကနေ့တိုင် ပင်လယ်ပိုင်းဒေသနေ ရွာနေပြည်ထိုင်တွေနဲ့ တံငါသမားတွေ ပြောနေကြတဲ့ "ကျွန်းပျောက်ကြီး" လို့ ခေါ်ဝေါ်ကြတဲ့ "ပျောက်တစ်ရာကျွန်း" ကို အမှတ်မထင် ရောက်ခဲ့ရတာက အဲဒီမြစိမ်းကျွန်းကနေ သမ္ဘာန် ထွက်လာပြီး တစ်နာရီလောက်တောင် မမောင်းရသေးဘူးတဲ့။ ဖြစ်ပုံက မြစိမ်းကျွန်းကနေ ထွက်လာတော့ အကုန်လုံး သမ္ဘာန်ပဲ့နှင်းကြီး စက်လှေဆရာ ဦးဝင်းလွင် စစ်ဆေးခဲ့ပြီး အပြစ်တစ်ခုမရှိတဲ့ သမ္ဘာန်ကြီးက ရုတ်တရက် သူ့အလိုလို စက်ရပ်ပျက်သွားတော့တာပဲ။ အဲဒီမှာ ပျောက်

တစ်ရာ ဆရာတော်နဲ့ မျောက်တစ်ကျွန်းကို သူတို့ တွေ့ကြုံရောက်ရှိရဖို့ ဖန်တီးလာတယ်လို့လည်း ဆိုချင်ဆိုလို့ရတာပေါ့လေ။ မူလဝကတိက နေ့ သမ္ဗာန်ပျက်သွားတော့ မုန်တိုင်းကြီးက အပြစ်အနာအဆာရှာတော့ ဂဏ်စကပ် ပေါက်သွားတာလို့ ပြောတယ်။ ဘာမှလုပ်လို့ မရတော့ဘူး။ ရေလယ်မှာ ကျောက်ချပြီး ရပ်ချင်ရပ်၊ မရပ်ရင် ရေစီးအတိုင်း မျောပြီး စက်လှေကြုံ လှေကြုံ တွေ့အောင်ရှာ၊ မြို့တက် ဂဏ်စကပ်အသစ်ပြန်လဲ ဒါပဲရမယ်။ ဒါနဲ့ သမ္ဗာန်ကို ရွက်ထောင်ပြီး ရေစုန်အတိုင်း မျောချင်ရာမျော ဒီအတိုင်း လက်မှိုင်ချပြီး နေကြရတော့တာပဲ။ စက် သမ္ဗာန်က ရွက်လွှင့်ထားပြီဆိုရင် တစ်စုံတစ်ခု အကြောင်းထူးရှိပြီမှန်း ရိပ်စားမိကြတယ်။ ချောင်းတွင်း မျောနေတယ်ဆိုပေမယ့် ချောင်းက ကျယ်တော့ တစ်ဖက်ကမ်းကိုတောင် မှုန်ပျပျ မြင်ရတာ။ သူတို့သမ္ဗာန် မျောနေတာ လေးနာရီလောက် ရှိနေပြီ။

အချို့စိတ်အားငယ် ကြောက်ရွံ့တတ်တဲ့ကလေးတွေဆို ဘုရားရှိခိုးတွေ ဂါထာတွေ ရွတ်ကြပေါ့လေ။ အဲဒီမှာ မြန်းကနဲ သူတို့ သမ္ဗာန်ရှေ့မှာ ကျွန်းကို သွားတွေ့တာရယ်။

"ဟာ…ဟိုမှာ ကျွန်း…ကျွန်းတွေ့ပြီ"

"ဟုတ်တယ်၊ ကျွန်း"

အားလုံး ဝမ်းသာသွားကြတာပေါ့။ ဘာပြုလို့လဲဆိုတော့

ကျွန်းရှိရင် မွာရှိမယ်၊ မွာရှိရင် လူသူရှိမယ်၊ အကူအညီ ရမယ်ပေါ့လေ။ ကျွန်းဆွယ်လေးထိပ်မှာ သစ်တောဦးစီးဌာန အမှတ်အသားနဲ့ သစ်တော ရုံးလိုလို ဂိုဏ်းစင်လိုလို ခြေတံရှည် သစ်တောအိမ်လေးတွေ ရတယ်။ နောက်သိပ်မကြာခင်မှာ ရေဆင်းတံတားပေါင်လေးနဲ့ သစ်ပင် ခနိပင် ခုပ်ခုပ်တွေကြားကနေ ရေနံချေးဝနေတဲ့ ရှေးကျောင်းအိုကြီးတစ်လုံးကို တွေ့ရလို့ သူတို့ရဲ့ သမ္ဗာန်ကို ကျောင်းရေဆိပ်တံတားမှာ ကပ်တယ်။ ကျွန်းကြီးက တိတ်ဆိတ်ငြိမ်သက်နေတယ်။

"ကဲဟေ့၊ ဒါ ဘုန်းကြီးကျောင်းပဲ၊ ဆရာတော်ကို ဝင်ဖူးပြီး ရှာရှိရင် ရွာထဲ လျှူစရာရှိတာတွေ ငါတို့ လှူခဲ့ရအောင်"

ဒါနဲ့ပဲ သမ္ဗာန်ပဲ့နင်းကြီးကလွဲပြီး ဦးသီဟနာဒ အပါအဝင် အားလုံးကျောင်းစပ်ကနေတစ်ဆင့် မြေသားလမ်းဖုန်လေးအတိုင်း ကျောင်းအိုမည်းမည်းကြီးထိပ် ခြေတံရှည်လှေကားကနေ လှမ်းတက်ခဲ့ ကြတယ်။ အဲဒီမှာ ထူးခြားတာကို သတိပြုမိတာက ကျောင်းကြီးတစ်ခု လုံး သက်ရှိတွေ မရှိဘူး ထင်ရအောင် အသံဗလံတွေ တိတ်ဆိတ်ငြိမ် သက်နေပြီး, ကျောင်းလှေကားထစ်အတက် တိုင်လုံးကြီးနှစ်ဖက်မှာ ဘီလူးလိုလို ဂမ္ဘီရလိုလို ပန်းပုကနုတ်နဲ့ ဘယ်ညာတစ်ဖက်စီ ထွင်းထု ထားတဲ့ ရုပ်တုနှစ်ခုပဲ။ အရုပ်တွေက အသက်ဝင် မာန်ပါလှလွန်းလှ တယ်။ ဒါကိုတော့ သတိပြုမိပါတယ်။ နောက် ကျောင်းလှေကားထိပ်

တိုင်မှာလည်း စောစောကလို ကနုတ်လိုလို အရုပ်လိုလို ထွင်းထုထား တဲ့ အရုပ်နှစ်ရုပ်။ ဒါပေမဲ့ ဘာပုံဘာအရုပ်တွေရယ်တော့ မသဲကွဲဘူး။ ကျောင်းကြီးက ခြေတံရှည်ကျွန်းသားတိုင်ကြီးတွေနဲ့ တည်ဆောက်ထား တဲ့ ကျောင်းကြီးလို့ ဦးသီဟနာဒက ပြောပြတယ်။ ကျောင်းလှေကား ထိပ်ဝမှာ…

"ဆရာတော်…ဆရာတော်ဘုရား"

"ညီ့သည်တွေကိုး၊ ဝင်လာခဲ့ကြပါ"

တိုးညင်းတဲ့ မိန့်သံကြောင့် ဝရန်တာနဲ့ ပြတင်းပေါက်ကနေ အလင်းရောင် မှိန်ပျပျလေးအောက် ဘုရားခန်းရှေ့မှာ ထိုင်နေတဲ့ ဆရာ တော့်ကို တွေ့ရတယ်။ ဦးသီဟနာဒရော ပါလာတဲ့ ကယ်ဆယ်ရေးအဖွဲ့ ဝင်တွေပါ ဦးတိုက်လိုက်ကြပြီး…

"တပည့်တော်တို့က ဖျာပုံကပါ၊ ဒီအောက်ဘက်ပိုင်းကို မုန်တိုင်းဒဏ် ရေဘေးသင့်ခဲ့တဲ့ ကျေးရွာတွေကို လှူဒါန်းဖွယ်ရာ အကူအညီပစ္စည်းတွေ လိုက်လံကူညီဝေငှကြတာပါ၊ စက်လှေပျက်ပြီး မျောလာလို့ ဆရာတော့်ကျောင်း ရောက်လာတာပါ၊ ရွာက ကျွန်းပေါ် မှာရှိလားဘုရား၊ အတော်ပျက်စီးသွားလား၊ တပည့်တော်တို့ ကျန်တဲ့ အကူအညီပစ္စည်းတွေ ဝေငှခဲ့ပါရစေ"

"ရွာက ကျွန်းပေါ်မှာပါ၊ မုန်တိုင်းက ကြီးတယ်၊ ဘယ်သူ

ဘယ်သူကိုမှ မကယ်တင်နိုင်လိုက်ကြဘူး၊ သဏ္ဍာဝါတစ်ခု ကံတစ်ခု ပေါ့လေ၊ ဒါပေမဲ့ ဘုန်းကြီးရဲ့ကျောင်းရော ရွာထဲက အိမ်တွေရော ဘာတစ်ခုမှ မထိခိုက် မပျက်စီးပါဘူး၊ ဒကာကြီးတို့ ဦးဇင်းလေးတို့ လှူစရာပါ့ရင်လည်း အခြားဒုက္ခရောက်တဲ့ ရွာတွေပဲ လှူကြပါ၊ ဒါထက် နေဦး၊ ဦးဇင်းလေးတို့အဖွဲ့ကို အကြမ်းတည်နိုင်းရဦးမယ်၊ ဟော့ မောင်ဝိဇ္ဇာတို့ မောင်သုန်တို့ ဒီမှာ ဧည့်သည်တွေ ရောက်နေတယ်"

"ဟင်"

"ဟာ"

"မျောက်တွေပါလား"

တကယ်လည်း အံ့ဩစရာက ဘုရားဆောင်အနောက်ဘက် ကနေ မျောက်ညိုကြီးနှစ်ကောင် လှမ်းထွက်လာပြီး အသက်နည်းနည်း ဝိုကြီးဟန်ရတဲ့ မျောက်က ဦးသီဟနာဒတို့ရှေ့ ရေနွေးဇန်း လာချတယ်။ ကျန်တဲ့တစ်ကောင်က ငွေဖလားခွက်လေးကိုင်ပြီး ကျန်သူတွေဘက် လှည့်သွားတော့ ဆရာတော်ကြီးက…

"ဟဲ့ မောင်သုန်၊ သူတို့က ကျောင်းနဲ့ရွာကို လာလှူဒါန်းကြ တဲ့ အလှူရှင်အဖွဲ့တွေကွယ်၊ သူတို့ဆီ အလှူမခံနဲ့၊ မင်း ငွေဖလားကို ပြန်သိမ်းလိုက် ကြားလား"

စကားဆုံးတာနဲ့ ငွေဖလားကိုင်ထားတဲ့ မောင်သုန် ဆိုတဲ့

မျောက်ကြီးက ငွေဖလားကို အခန်းထဲ ပြန်ယူသွားတယ်။ သူတို့က ပထမ လူတွေကို ခေါ်တာမုတ်လို့။ ဆရာတော်ကြီးက ပိန်ပါးပါး သွယ်သွယ်ရယ်။ မျက်နှာအနေအထားအရ အသက်ရွယ်တင် သက်တော် ၁၀၈ ကျော်လောက်ပြီ ခန့်မှန်းမိတာပဲ။ ဒါပေမဲ့ အတိအကျတော့ မသိဘူး။ ကျောင်းပေါ်မှာရော စောစောက ကျောင်းဝန်းကျင်နံဘေးမှာ ပါ လူသူလေးပါး အရိပ်ယောင် မတွေ့ရတာကလည်း ဆန်းကြယ်နေတယ်။ အချိန်က ဆွမ်းခံပြန်ချိန်၊ တစ်ဆယ့်တစ်နာရီလောက် ရှိနေပြီ။

"ကဲ…ဒကာကြီးနဲ့ ဦးဇင်းလေးလည်း ဆာနေကြလောက်ပြီ၊ ကဲ ကဲ ကျောင်းအောက်က ဣန္ဒကတို့၊ သုမန၊ မပညာစာရီတို့ ထမင်းဟင်းချက်ဖို့ ကျောင်းပေါ်လာပြင်ဆင်ကြစမ်းဟေ့"

ဆရာတော့်စကားမဆုံးခင် ကျောင်းအောက်ကနေ ဘယ်က ဘယ်လို ဖျတ်ကနဲ ရောက်လာမှန်းမသိတဲ့ မျောက်ကြီးနှစ်ကောင်နဲ့ မျောက်မကြီးက လျှင်မြန်သွက်လက်စွာပဲ ကျောင်းပေါ် ထပ်ခိုးစင်ပေါ် တင်ထားတဲ့ ထမင်းအိုးကြီးတွေ ခုန်လွှားတက်ယူ၊ တစ်ကောင်က အိုးထဲ ဆန်ခြင်ထည့်။ တစ်ကောင်က ကျောင်းနောက်ဘက်မှာ ရေဆေး၊ မီးမွှေးတဲ့မျောက်ကမွှေးနဲ့ ခဏအကြာ ထမင်းတည်တော့တာပဲရယ်တဲ့။ ထမင်းအိုးကျက်တော့ ဘယ်လိုက ဘယ်လို ရောက်လာမှန်း မသိတဲ့ မျောက်အရွယ်စုံက ကျောင်းပေါ်မှာတင် စားပွဲဝိုင်းကြီးတွေ ခင်းတဲ့

ကောင်ကခင်း၊ ထမင်းချူးတဲ့ကောင်ကချူး၊ ဟင်းပြင်သူကပြင်။ သူတို့အလုပ်ကို ဘာသံမှမထွက်ဘဲ သူ့တာဝန် သူ့အပိုင်းနဲ့ လုပ်နေကျအလုပ်တစ်ခုလို ပြင်ဆင်ကြတယ်။ လူတွေမဟုတ်ဘဲ မျောက်တွေကယဉ်ကျေးလိမ္မာတဲ့ အိမ်မွေးတိရစ္ဆာန်တွေလို လုပ်နေတော့ ဦးသီဟနာဒရော အားလုံးက အံ့သြနေကြတာပေါ့။ ခက်တာက အတူပါလာတဲ့သူတွေက မည်းညစ်ညစ်နဲ့ ရုပ်ဆိုးပန်းဆိုး မျောက်မျိုးစုံ ချက်တဲ့ထမင်းဟင်းဆိုတော့ မစားရဲ မစားဝံ့ကြဘူး။ ရွံ့ရှာကြ မစားရဲကြတာလည်း ပါမှာပေါ့လေ။ ဦးသီဟနာဒကတော့ စားတယ်တဲ့။ ဟင်းကငှက်ပျောအူနဲ့ ပိန်းဥဟင်း ဆိုပေမယ့် အလွန်မြိန်တယ်တဲ့။

ထမင်းစားပြီးတော့…

"ကဲ…ကျောင်းခေါင်းရင်းမှာ ဘုရားလေးရှိတယ်၊ ဖူးသွားကြ၊ ဦးဇင်းလေးနဲ့ တပည့်တွေ ထိုက်လို့ဖူးကြရတာ၊ သူတို့က ပြီးရင်သူတို့အလုပ် သူတို့လုပ်ကြရဦးမှာ၊ ဘာမှမပူပါနဲ့၊ စက်လှေလည်းပြန်ကောင်းသွားမှာပါ"

ဒါနဲ့ ဦးသီဟနာဒတို့ ကျောင်းခေါင်းရင်းဘက်က ကိုးတောင်ပြည့်ရွှေစေတီလေးကို ဖူးကြတယ်။ ထူးဆန်းတာက စေတီလေးရဲ့ပရိဂုဏ်တစ်ပိုက်မှာ တံမြက်လှည်းတဲ့ ကောင်ကလှည်း၊ အမှိုက်ကောက်နေတဲ့ မျောက်ကကောက်၊ သွားပစ်တဲ့ကောင်က ပစ်နဲ့ သူ့တာဝန်နဲ့

သူ့အလုပ်နဲ့သူရယ်။ ဦးသီဟနာဒတို့ကို တစ်ချက် နှစ်ချက် ငုံ့စောင်းကြည့်ရှုကလွဲပြီး လှည့်သွားကြတာပဲ။ အဲဒီစေတီပရိဝုဏ်လေး ဟိုမှာဘက် တောစပ်လယ်ကွင်းပြင်မှာတော့ ရိတ်ပြီးသား စပါးတွေကိုမျောက်အရွယ်စုံ အကောင် ၃၀ လောက်က တစ်ကောင်ရဲ့အမြီးကိုတစ်ကောင်က ကိုင်ပြီး စက်ဝိုင်းသဏ္ဌာန် စပါးတွေပေါ် သလင်းနယ်သလိုလှည့်ပြီး သလင်းနယ်နေကြတာပါပဲ။ ထူးခြားတာက ဘာအသံမှကွကွက်ကွက် မထွက်ကြဘူး။ အဟိတ်တိရစ္ဆာန်ဖြစ်တဲ့ မျောက်တွေကလူတွေလို စပါးရိတ်၊ စပါးနယ်၊ သလင်းနယ်၊ ထမင်းဟင်းချက်၊ စေတီသင်္ဂဟဝတ်နဲ့ ကျောင်းသေနာသနဝတ်တွေပါ ဆောင်ရွက်နေတာတွေ့မြင်ရတော့ အံ့ဩထူးဆန်းနေမိတာ အမှန်ပဲ။ သူတို့ စေတီလေးကိုလှည့်ပတ်ဖူးပြီး နောက်ဆုံး ပြန်တော့မယ်လို့ ဆရာတော်ကြီးကို ဝတ်ဖြည့်တော့…

"မောင်သုန်ရေ၊ အောက်က အကောင်တွေ အကုန်ခေါ်ခဲ့ကြ၊ သူတို့က ပြန်ကြတော့မှာ"

မောင်သုန်နာမည်နဲ့ မျောက်ကြီး ဖျတ်ကနဲ ကျောင်းအောက်ဆင်းသွားတယ်။ ခဏအကြာ ကျောင်းတစ်ကျောင်းလုံး အလျှိုအလျှိုနဲ့ဟိုက ဒီက မျောက်ကြီးငယ်လတ်တွေ ဘယ်ကဘယ်လို ရောက်ရှိလာမှန်း မသိရဘဲ ဆရာတော့်ရှေ့မှာ အကုန် အတန်းလိုက် ညီညီညာညာ

ထိုင်ကြတယ်။ မောင်သုန်တို့၊ ဝိန္ဒောတို့၊ မပညာစာရီတို့ ဆိုတဲ့ မျောက်ကြီးတွေလည်း ပါတယ်။ အကုန် အတန်းလိုက် ငြိမ်သက်စွာ ထိုင်နေကြတာ။

"ကဲ…ဦးစင်းလေး ရေကြည့်၊ သူတို့ ဘယ်နှကောင်ရှိလဲ ဆိုတာ"

"တင်ပါ၊ တစ် နှစ် သုံး…"

"ကိုးဆယ့်ကိုးကောင်၊ တစ်ရာ"

"တစ်ရာတိတိပါဘုရား"

"ဟုတ်ရဲ့လား၊ သေချာအောင် ထပ်ရေကြည့်ပါဦး"

"တစ် နှစ်၊ ဟင် ကိုးဆယ့်ကိုးကောင်"

ဒါနဲ့ပဲ ဦးသီဟနာဒက ခုန တစ်ရာတိတိ ရှိနေတဲ့ မျောက်တွေကို ဘယ်ပြန်ညာပြန် ရေတွက်နေတာ တစ်ရာဖြစ်လိုက်၊ ကိုးဆယ့်ကိုးကောင်ပဲဖြစ်လိုက်နဲ့ သုံးလေးကြိမ်ဆိုတော့ မောလာတယ်တဲ့။ အဲဒီချိန်မှာ ဆရာတော်ကြီးက…

"အမှန်တော့ အကောင်တစ်ရာတိတိကွယ့်၊ ဒါပေမဲ့ ဘယ်အချိန်ရေရေ ကိုးဆယ့်ကိုးကောင်ပဲ တွေ့ရမယ်၊ အကြောင်းခံ အကြောင်းဆက် ရှိတဲ့သူတွေသာ တစ်ရာတိတိ တွေ့မှာမြင်မှာကွယ့်၊ ကဲ မောင်ပဥ္စင်းတို့လည်း ခရီးဆက်ရဦးမယ်၊ နေလည်း မွန်းလွဲတော့မယ်၊ သမ္မာန်လည်း

ဘာမှမဖြစ်တော့ပါဘူးကွယ် ကောင်းသွားမှာပါ၊ ကဲ မောင်သုန်တို့ ဝိဇ္ဇောတို့ သုန္ဒရတို့ လိုက်ပို့လိုက်ကြဦး"

ဦးသီဟနာဒတို့ရှေ့ကနေ ဆရာတော်ကြီးက သန်မာဖျတ်လတ်စွာပင် ကျောင်းပေါ်ကနေ ရေဆိပ်ကို ဆင်းသွားတယ်။ ရေဆင်းတံတားလေးထိပ်မှာ သူတို့အားလုံး လှေထဲရောက်တော့ တံတားပေါ်မှာ ဆရာတော်ကြီးနဲ့ မျောက်ကိုးဆယ့်ကိုးကောင်က သူတို့က နှုတ်ဆက်တဲ့ မျက်နှာပေးလေးတွေ မျက်လုံးပြူးကြောင်ကြောင်လေးတွေနဲ့ လှမ်းကြည့်နေတယ်။

"စက်နှိုးကြည့်ပါဦးကွယ်၊ ဘာမှမဖြစ်ပါဘူး၊ ကောင်းသွားမှာပါ"

သမ္ဗာန်ဆရာ ပဲ့နင်းကြီး ဦးဝင်းလွင်က စက်နှိုးလိုက်တယ် ဆိုရင်ပဲ တဒေါင်းဒေါင်းနဲ့ သမ္ဗာန်စက်သံက အကောင်း။ ပဲ့နင်းကြီးလည်း သူ့တစ်သက်တစ်ကိုယ် မကြုံဖူးတဲ့ ဂတ်စကပ်ပေါက်နေတဲ့ စက်က အကောင်းပကတိ ပြန်ဖြစ်နေတယ်ဆိုတော့ အံ့ဩစရာပဲပေါ့။ အချိန်က မွန်းတိမ်း နှစ်နာရီထိုးရောမယ်တဲ့။ ဒါနဲ့ပဲ ဦးသီဟနာဒရော အားလုံးကပါ ဆရာတော်နဲ့ မျောက်တွေကို နှုတ်ဆက်ရင်း ချောင်းရိုးအတိုင်း သမ္ဗာန်ကို ပြန်စုန်ခဲ့ကြတယ်။ ကျွန်းကြီးရဲ့ တစ်ဖက်ထိပ်မှာတော့ ပင်ထည်လုံး ဖြောင့်တန်းနေပြီး ဘာပင်မှန်းမသိတဲ့ သစ်ပင်ကြီး

သုံးပင်က ဗိုခနောက်ဆိုင် ဆယ့်လေးငါးတောင်မြင့်ပြီး ကျွန်းအကွေ့စပ်မှာ ပေါက်နေတာတော့ ထင်ထင်ရှားရှား မှတ်မှတ်ရရပါပဲတဲ့။ အဲဒီနေ့ည အတော်ကြီးမိုးချုပ်မှ သမ္မာန်လည်း လမ်းမှာ ဘာမှချို့ယွင်းမှု မဖြစ်တော့ဘဲ ဖျာပုံကို မိုးကြီးချုပ်မှ ရောက်ခဲ့ကြတယ်တဲ့။ ဦးသီဟနာဒကတော့ အဲဒီကျွန်းကြီးနဲ့ ဆရာတော်ရယ် မျောက်ကြီးတွေရယ် အာရုံထဲ မကြာခဏ စွဲထင်နေတာမို့ နောင်အလျဉ်းသင့်ရင် ထပ်သွားဦးမယ်လို့ စိတ်ကူးထားတယ်။ ဒါပေမဲ့ တစ်ခုခက်တာက ဦးသီဟနာဒက အဲဒီအောက်ဘက်မှာ သူကြုံတွေ့ခဲ့ရတဲ့ ကျွန်းကြီးနဲ့ မျောက်တွေအကြောင်း ပင်လယ်ဘက်ဆီက အသိအကျွမ်း သံဃာတွေ၊ လူ သမ္မာန်မော်တော်သမားတွေကို အကြောင်းသင့်တိုင်း မေးမြန်းကြည့်တော့ အဲဒီအောက်ပိုင်းပင်လယ်ဘက်မှာ ဦးသီဟနာဒ ပြောပြတဲ့ကျွန်း၊ ဆရာတော်နဲ့ မျောက်တွေ မရှိဘူး၊ ဘယ်သူမှ မသိဘူးလို့ တွင်တွင်ငြင်းကြတာပဲရယ်။ ဘူးခံကြတာပဲရယ်။

ဦးသီဟနာဒကလည်း သူကိုယ်တိုင်ရော သူ့လူတွေနဲ့ မှင်းကြီးပါ အမှန်တကယ် ကြုံခဲ့ ရောက်ခဲ့တာလို့ တွင်တွင်ပြောနေတာပဲရယ်။

ဒါနဲ့ပဲ စိတ်ထဲ မကျေမလည်နဲ့ သူကိုယ်သူ ရူးနှမ်းနေသလား၊ သူ တကယ်ရောက်ခဲ့သလားဆိုတာ သိချင်လို့ လအနည်းငယ်ကြာတော့

ဦးသီဟနာဒကိုယ်တိုင် ငွေကုန်ကြေးကျခံပြီး အဲဒီကျွန်းကြီးကို နှစ်ကြိမ် နှစ်ခေါက်တိတိ သွားမြန်ရှာသတဲ့။ သူတို့ အမှတ်အသားပြုခဲ့တဲ့ ဟောင်း နွမ်းနေတဲ့ သစ်တောရိုးတဲလေး၊ ရေနံချေးရောင် မည်းနေတဲ့ ခြေတံရှည် ကျောင်းအိုကြီးနဲ့ မျောက်တွေ၊ ပြီးတော့ တစ်ဖြောင့်တည်း ဖိုခနောက် ဆိုင် ဆယ့်လေးငါးလံမကတဲ့ သစ်ပင်ကြီးသုံးပင်ဆိုတာ ဝေလာဝေးလို့ အနီးအပါးက လှေသမ္ဗာန်တွေ၊ တဲစုရွာစုတွေက မသိဘူး၊ မရှိဘူးပဲ အဖြေတစ်မျိုးတည်း ရတယ်။ ဟိုးနှစ်ပေါင်းများစွာကတော့ ကြုံဖူး ဆုံဖူးတဲ့သူ တစ်ဦးစ နှစ်ဦးစ အကြောင်းတော့ ကြားဖူးသလိုလို မရေမရာ ဆိုကြတယ်။ မျောက်တစ်ရာဘုရား ဆိုတာတော့ ရှေးရှေး တည်းက ကြားဖူးတယ်လို့ မရေမရာ ဖြေကြတယ်။ ဦးသီဟနာဒကို လည်း အကြည့်တစ်မျိုးနဲ့ ကြည့်ကြတယ်။

မြန်မာနိုင်ငံရဲ့ ပင်လယ်ကမ်းရိုးတန်းကြီးတစ်ခုလုံးကို မစာ မနာ ပျက်စက်စွာနဲ့ သေမင်းခေါ်သံကြီးတွေနဲ့အတူ သူ့လက်မည်းကြီးနဲ့ သိမ်းကျုံးဖုံးလွှမ်းပြီး ဘဝတွေ အနာဂတ်တွေ အသက်ပေါင်းများစွာကို ပင်လယ်ရေအောက်ထဲ နစ်မြုပ်ခဲ့တဲ့ ခုတိုင် ပင်လယ်အောက်ပိုင်းဒေသ တွေက အိပ်မက်ဆိုးကြီးတစ်ခုလို မက်မက်နေကြရတဲ့ နာဂစ်မုန်တိုင်း ကြီး ဖြစ်ခဲ့တာပဲ ဆယ်နှစ်ဝန်းကျင်ကျော် ရှိနေပြီ။

ဦးသီဟနာဒကလည်း သူ့ အမုန်တကယ် အဲဒီပင်လယ်

အောက်ပိုင်းကိုရောက်ရင်း သမ္မာန်မျောပြီး အဲဒီ 'မျောက်တစ်ရာကျွန်းနဲ့ ဆရာတော်' ကို ကိုယ်တိုင်ဖူးခဲ့ကြ၊ မျောက်တွေ ချက်ပြုတ်ကျွေးတဲ့ ထမင်းစားခဲ့ရကြောင်း ရုံဖန် အမှတ်ရတိုင်း အခိုင်အမာ ပြောဆိုနေတုန်းပဲ။ သူ့ကိုလည်း ဂန္ဓာရီအမိဋ္ဌာန်ခရီးစဉ်လှည့်ရင်း အကြောင်းအကျိုး စပ်မိလို့ ပြောပြတဲ့အကြောင်း ဂမ္ဘီရဆန်လွန်းလို့ ဘာရယ်မဟုတ် သူက ပြန်ပြောပြမိတာရယ်။

ဦးသီဟနာဒလည်း ခုထိ သက်ရှိထင်ရှား သာသနာပြုနေတုန်းပဲရယ်။

အဲဒီကျွန်းကြီးနဲ့ အဲဒီမျောက်တွေကလည်း တကယ်ဂမ္ဘီရဆန်နေတုန်းပဲရယ်။

**ရွှေဘုန်းကံ**



# အင်းသရဲတစ်ပွဲစားကြီး လုံထော်

## ဘိုးသာဒင်

နေဝန်းနီကြီးက အနောက်ဘက်တောင်တန်းကြီးပေါ်၌ ဧေး
တင်နေလေပြီ။ မကြာခင်မှာ တစ်ညတာ ခွဲခွာရဦးမှာမို့ ကမ္ဘာသူ
ကမ္ဘာသားတို့အား နှုတ်ဆက်နေသည့် သဘောပင်။ ကျုပ် သာဒင်

အရှေ့ဘက်ကောင်းကင် ဇာပေ

တစ်ယောက်မှာတော့ ပုန်းကွယ်တော့မည့် နေဝန်းနီကြီးကို တစ်လှည့် အရေပ်ရှစ်မျက်နှာကို တစ်လှည့် တစ်လှည့်စီ တစ်လှည့်စီ မျှော်ကြည့်ရင်းနဲ့ ကျုပ်စိတ်တွေ မောလာတယ်ဗျ။ ခြေမျက်စိသာသာ ရေပြင်ကြီးထဲကို မပြေးရုံ လျှောက်လှမ်းနေရတဲ့ ခြေထောက်အစုံကလည်း အတော် ညောင်းလာလေပြီ။ တစ်ခါ တစ်ခါ နွံထဲ၌ ခြေကျွံသွားသဖြင့် လဲ မသွားအောင် သတိထား၍ လျှောက်လှမ်းနေရသည်။ ကျုပ် ဖြတ် လျှောက်နေတဲ့ ရေပြင်ကျယ်ကြီးကိုတော့ လေးဖက်လေးမျက်နှာ အပွင့် တွေနဲ့ ဖွေးနေတဲ့ ကိုင်းတောဖွေးဖွေးကြီးက အနားသတ်ထားလေသည်။

"ဂျိမ်း...ဂျလိန်း"

အနောက်တောင်ဆီမှ မိုးချုန်းသံကို ကြားလိုက်ရတော့မှ လျှောက်ရင်းလှမ်းရင်း အနောက်တောင်ဆီသို့ မျှော်ကြည့်လိုက်တော့ လျှပ်နွယ်လျှပ်ပန်းဆင်ကာ မိုးချုန်းသံနှင့်အတူ တလိပ်လိပ် တက်လာ တဲ့ ညိုမည်းရောင် မိုးရိပ်တို့ကို မြင်တော့...

"တောက်"

"မိုးကတော့ ခိုက်ဦးမှာ"

ကျုပ် တောက်တစ်ချက်ခေါက်ကာ မြည်တွန်တောက်တီး လိုက်မိသည်။ တက်လာတဲ့ မိုးရိပ်တို့က မြန်လွန်းလှသည်။ ရှစ်ခွင်တိုင်း မှာ လျှပ်နွယ်လျှပ်ပန်းဆင်ပြီး တစ်မိုးလုံး မှောင်အတိအကျကာ မိုးပြို

သည့်အလား သဲကြီးမဲကြီး ရှာလေတော့သည်။

"ဂျိမ်း…ဂျလိန်း"

"ဒုန်း…ဒုန်း…ဒိုင်း…"

ဆူညံနေတဲ့ မိုးချုန်းသံတို့အကြား တစ်ခါ တစ်ခါ နားမွှင့်ထွက်မတတ် ကျယ်လောင်လှတဲ့ မိုးကြိုးသံတို့က ပါလာသေးသည်။ စောစောက ရေပြင်ကြီးပေါ်မှာ ကြည်နူးဖွယ် လန်းဆန်းနေကြတဲ့ ကြာဖြူ ကြာပြာ ကြာနီပန်းကလေးတွေလည်း မိုးမှောင်အတွင်းမှာ ပျောက်ကွယ်သွားကြလေပြီ။ ကျူပ်လည်း လျှောက်လှမ်းနေတဲ့ ခြေလှမ်းများကို ရပ်လိုက်ကာ နောက်ကြောင်းသို့ ပြန်ကြည့်လိုက်ရာ အရှေ့စူးစူးအရပ် ရေပြင်ကြယ်ကြီးအစပ်မှ လျှပ်တစ်ချက် လက်လိုက်သော အလင်းရောင်နှင့် မြင်လိုက်ရသည်က တဲကလေးတစ်လုံး ထိုတဲကလေးက ဘကြီးလုံထော်ရဲ့ အင်းတဲကလေး။

"အင်း…မတတ်နိုင်တော့ဘူး၊ နက်ဖြန်မှ ဆက်ရှာတော့မယ်၊ အခုတော့ ဘကြီးလုံထော်ရဲ့ အင်းတဲကို ပြေးတာ အကောင်းဆုံးပဲ"

ဟု စိတ်ကူးကာ လျှပ်စီးလက်တဲ့အရောင်က ဆလိုက်ထိုးသလို မြင်လိုက် ပျောက်လိုက် ရှိနေတဲ့ ဘကြီးလုံထော်ရဲ့ အင်းတဲလေးဆီသို့ ရေပြင်ကျယ်ကြီးထဲမှ မှန်းဆကာ ပြေးရလေတော့သည်။ မိုးသည် အပြေးကြီးစွာ ရွာဆဲပင်။ မိုးသည် ကျူပ် သာဒင်တစ်ယောက်ကို

များ ဖြိုးရော့လေသလား မပြောတတ်နိုင်ပါ။

ကျုပ်လည်း မိုးထဲလေထဲ ပြေးလာလိုက်တာ အင်းရေပြင်ကြီး အရှေ့အစပ်ရောက်တော့ ကိုင်းတောအစပ်က ကုန်းကမူလေးအပေါ်က ဘကြီးလုံထော်ရဲ့ အင်းတဲလေးထဲကို အပြေးပဲ ဝင်လိုက်တော့တယ်။ လူတစ်ကောင်လုံးလည်း ရွှဲရွှဲစိုပြီး ကြွက်စုတ် ရေနှစ်နေပြီ။ ချမ်းလွန်းလို့ မေးတွေ ရိုက်နေပြီ။ ရေစိုအဝတ်တွေကို ချွတ်ရင်းနဲ့ တဲထဲမျက်စိကစားလိုက်တော့ ကြမ်းခင်းပေါ်မှာ ချွတ်ပုံထားတဲ့ ပုဆိုးနဲ့ အင်္ကျီကို ဆွဲယူလိုက်ပြီး ဝတ်လိုက်တယ်။ ငါးညှီနံ့ကလေး တသင်းသင်းနဲ့ဆိုတော့ ဘကြီးလုံထော်ရဲ့ အင်္ကျီနဲ့ ပုဆိုးဆိုတာ အတတ်သိလိုက်တယ်။ မတတ်နိုင်ဘူး။ ချမ်းလွန်းလို့ မေးကိုရိုက်နေတာ နွေးသွားဖို့ အဓိကပဲလေ။

"အင်း နွေးသွားပြီ"

ရှေးလူကြီး ဆိုစကား မိုးနဲ့ နွားသိုး မဟောနဲ့ အစိုးမရဘူး ဆိုတာ သိပ်မှန်တာပေါ့ဗျာ။ မကြာသေးတဲ့အချိန်က သဲကြီးမဲကြီး ရွာတဲ့မိုး ခုကျတော့ မိုးကောင်းကင်ကြီးတစ်ခုလုံး ကြည်ကြည်လင်လင် သာသာယာယာနဲ့ ကြယ်ရောင် လရောင်ကလေးများတောင် မှိန်ပျပျ အလင်းကို ဆောင်နေလေပြီ။ ကျုပ်လည်း ထမင်းအိုးစင်ပေါ်က အသင့်တွေ့တဲ့ ဆေးလိပ်တို့နဲ့ မီးခြစ်ကိုယူပြီး မီးညှိဖွာရင်းနဲ့ တဲအပြင်ထွက်

ကာ ဘကြီးလုံထော် ဘယ်များသွားသလဲလို့ ပတ်ဝန်းကျင်ကို ဖွေရှာကြည့်လိုက်တော့ ခပ်ပါးပါး ကိုင်းတောအစပ်က လှော်တက်သံပေးပြီး ထွက်လာတဲ့ လူတစ်ယောက်နဲ့ လှေကလေးတစ်စင်း။ လှော်တက်ခတ်လိုက်တိုင်း ရေဂယက်ဝိုင်းကလေးများ လရောင်နဲ့ ဖွေးကနဲ ဖွေးကနဲ မြင်နေရသည်။ ကျုပ် သိပါတယ်။ လှေငယ်ရှင်က ဘကြီးလုံထော်ဆိုတာ။ ဒါပေမဲ့ ကျုပ် အသံပေးလို့ ခရီးဦးကြိုမပြုပါ။ ဘာကြောင့်လဲဆိုတော့ ဘကြီးလုံထော်က နားအတော်လေးသည်။ ဒါကြောင့် ကျုပ်အသံပြုလို့ ခရီးဦးကြိုပြုလည်း ကြားမည်မဟုတ်သည်ကို ကျုပ်သိသည်။ ဒါကြောင့် လူရိပ်သာ ပြနေလိုက်သည်။ ခဏကြာတော့ လှေကလေးက ကုန်းကမူလေးဘေး ဆိုက်ကပ်လိုက်ပြီး ငါးအပြည့်ပါတဲ့ မြှုံးနှစ်လုံးကို တစ်ဖက်တစ်လုံးစီဆွဲလျက် တက်လာရင်း…

"ငါ့တူ သာဒင်လားဟေ့"

"ဟုတ် ဘကြီး"

"အေး ငါမြင်တယ်၊ မိုးတွေကျလာတော့ မင်း ငါ့တဲပြေးသွားတာ၊ မင်းကျွဲနှစ်ကောင် မတွေ့ဘူးမဟုတ်လား"

"ဟုတ် ဘကြီး"

"နေလည်အချိန်ကပဲ ကိုင်းတောထဲ ဝင်သွားတယ်"

"ကျုပ်လည်း ထင်ပါတယ်၊ နံနက်ကျမှ ရှာတော့မယ်ဗျာ၊

ဒီနေ့ညတော့ ဘကြီးနဲ့ပဲ အိပ်တော့မယ်၊ ဒါနဲ့ ဘကြီး ထမင်းလေး ဘာလေး မကျန်ဘူးလား"

"အာ ငါက စားတဲ့အခါမှစားတော့ ချက်တဲ့အခါမှလည်း ချက်တာ"

"ဟင် ဒါဖြင့် ဘကြီးက ထမင်းမချက်တဲ့အခါ ဘာစားလဲ"

"ဟ ကြုံသလိုကျသလို စားတာပဲ"

ဘကြီးလုံထော်က ပြောရင်းနဲ့ လက်ထဲက ငါးအပြည့်နဲ့ မြှုံးနှစ်လုံးကို အမြဲတမ်း မီးစွဲနေတဲ့ ထန်းလုံးခန့်ရှိ ထင်းတုံးကြီးနားသို့ ချလိုက်ပြီး…

"အဲသည်အိုးထဲမှာ ဆန်ရှိသေးတယ်၊ မင်းစားချင် ချက်တော့"

ဟု ဆိုကာ နံပိုင်းမှုရှိ စိုရွှဲနေသည့် ပုဆိုးကို အခြောက် တစ်ထည်နဲ့ လဲလိုက်ပြီး တံစို့တံ တစ်ရာကျော် တစ်ရာလောက်ရှိသည့် တံစို့တံအစည်းကြီးကို 'ဘုတ်'ဆိုပြီး ထင်းတုံးကြီးဘေးသို့ ပစ်ချလိုက်ကာ ကျုပ်က ထမင်းချက်ဖို့ ထမင်းအိုး ပြင်နေသလို သူကတော့ မြှုံးထဲက ငါးအရှင့်လတ်လတ်များကို တစ်ကောင်ချင်း နှိုက်ယူကာ တံစို့တံများမှာ ထိုးကာသီကာ ရှိနေလေသည်။ ကျုပ် ထမင်းအိုးတည် တော့ ငါးကင်တွေက မီးဖိုမှာ ပြည့်ညပ်လို့နေပေပြီ။

"ဟာ ဘကြီး၊ ငါးကင်တွေက ဒါလောက်အများကြီး ဘာ

လုပ်မှာလဲ"

"ဟ မင်းလည်းစား၊ ငါလည်းစားမေ့"

"ဟာဗျာ၊ ဆားလည်းမပါ ဆီလည်းမပါနဲ့"

"ဆီဆားမရှိတာ ကြာပြီကွ၊ ဟော ဒါနဲ့ ထမင်းအိုးစင်ပေါ်မှာ ဆားနည်းနည်းတော့ ရှိသေးတယ်"

ကျုပ်လည်း ထမင်းအိုးစင်ပေါ်က ဆားအနည်းငယ်ရှိ ဆားအိတ်ကလေးကို ထယူလိုက်ပြီး…

"ဘကြီး ထမင်းစားရအောင်"

"အေး ဴအေး မင်း စားစား"

ဒါနဲ့ ကျုပ်လည်း ထမင်းအိုးထဲက ထမင်းတစ်ဝက်ခူးပြီး ဆားလေးနဲ့နယ် ငါးကင်တစ်ခုကိုယူ ဆားလေးနဲ့လူး ဖြစ်သလိုစားပြီး‥

"ဘကြီးဖို့ ထမင်းချန်ထားတယ်"

ပြောကာ ကြမ်းစင်ပေါ်တက် စောင်ချုံကာ ကွေးလေတော့သည်။

ကျုပ် တစ်ရေးနိုးလာသည့်အချိန်ကား တစ်ချက်ခွဲ တစ်ချက်လောက် ရှိမည်ဟု ခန့်မှန်းရသည်။ ကျုပ်မျက်လုံးများက မီးဖိုဆီရောက်သွားတော့ ဘကြီးလုံထော်တစ်ယောက် မီးဖိုဘေးမှာ ငုတ်တုတ်ကြီး ငါးကင်တွေကို ဆီမပါ ဆားမပါ တစ်ကင်ပြီးတစ်ကင် မြိန်ရည်

ယှက်ရှည် အငမ်းမရ စားနေသည်ကို တွေ့ရလေသည်။ မြှုံးထဲကို ကြည့်လိုက်တော့လည်း ငါးတွေအပြည့်ရှိတဲ့ မြှုံးနှစ်လုံးထဲမှာ ငါးတွေ က တစ်ကောင်မှ မရှိတော့။ ငါးကင်တွေကလည်း အနည်းငယ်သာ ရှိတော့သည်။

"ဟင်"

ကျုပ် ကြက်သီးများထသွားသည်ထိ လန့်သွားလေသည်။

ဘကြီးလုံထော် စားနေသည်က လူသားတစ်ယောက်နှင့် မတူတော့ပေ။

ဘကြီးလုံထော်တစ်ယောက် လူသားမှ ဟုတ်ပါလေစ ဆိုတဲ့ အတွေးနဲ့ ကျုပ် ကြောက်စိတ်များဝင်ကာ အိပ်မပျော်တော့ပေ။ ဒီလိုနဲ့ လင်းရောင်လေးဖျိုးလာတော့ ငါးကင်များလည်း ကုန်လေပြီ။ မြှုံးထဲမှာ လည်း ငါတစ်ကောင်မှ မရှိတော့ပေ။ ဘကြီးလုံထော်လည်း မြှုံးအခွံ နှစ်လုံးကို လှေပေါ်တင်ကာ ထွက်သွားလေပြီ။ မိုးလည်းလင်းပြီမို့ ကျုပ်လည်း အိပ်ရာကထကာ မီးဖိုဘေးကို ကြည့်လိုက်တော့ ညက ငါးကင်ထားတဲ့ တံစို့တံတွေက တစ်ပုံတပင်ကြီးမှာ ကျန်ရစ်တဲ့ ငါး အပိုင်းအစတွေက တချို့က လုံးဝမကျက်သေး သွေးသံရဲရဲနဲ့။ တချို့က မကျက်တကျက် သွေးသံတွေနဲ့။ သွေးနဲ့ ငါးညှီနံ့တို့က ထွေးလုံးရစ်ပတ် ပြီး နှာခေါင်းမခံနိုင်အောင် ဖြစ်ရသည်။ ထမင်းအိုးကို ဖွင့်ကြည့်လိုက်

တော့ ညက ကျုပ် ချန်ထားသည့်အတိုင်း နည်းနည်းမျှ မလျော့။ ဤမြင်ကွင်းကြောင့် ဘကြီးလုံထော်ဟာ ထမင်းကို နည်းနည်းမျှ မစားဘဲ ငါးကင်တွေကိုသာ လုံးဝမကျက်တာတွေရော မကျက်တကျက်တွေရော သွေးသံရဲရဲနဲ့ စားထားသည်ကို ခန့်မှန်းမိတော့ ဘကြီးလုံထော်ဟာ လူမှဟုတ်ပါလေစဟု တွေးကာ ကြက်သီးများ ထမိသော်လည်း ကျုပ်မှာ အလုပ်နဲ့မို့ လမ်းသွားရင်း တွေ့တဲ့ရေနဲ့ မျက်နှာသစ် ပုဆိုးစနဲ့ မျက်နှာသုတ်ရင်း ကျွဲရှာထွက်ခဲ့ရလေတော့သည်။

× × ×

သည်နေရာမှာ ဘကြီးလုံထော်အကြောင်း ပြောရပေဦးမည်။ ဘကြီးလုံထော်ဟာ ကျုပ်ရဲ့ဘကြီးအရင်း မဟုတ်ဘူး။ ကျုပ် အတော်သိတတ်စအရွယ်မှာ ကျုပ်အဖေ မြို့ကို အလုပ်ကိစ္စတစ်ခုနဲ့ သွားရာက ပါလာသူဖြစ်သည်။ အဖေ့ထက် တစ်နှစ်လောက် ကြီးမည်ဟု ထင်ရသည်။ အလုပ်ကတော့ အတော်လုပ်နိုင်သည်။ သူများထက် နှစ်ဆပိုလုပ်နိုင်သည်။ ဒါကြောင့် အဖေက လက်မလွှတ်ဘဲ အိမ်မှာ သူရင်းငှားအဖြစ် လက်သပ်မွေးခဲ့ရာက အမေက ဘကြီး ဘကြီးနဲ့ ခေါ်သဖြင့် ကျုပ်ကလည်း ဘကြီးလို့ ခေါ်ကာ သွေးရင်းသားရင်းလို ဖြစ်ခဲ့ရလေ

သည်။ အနေကြာလာတော့ ရွာထဲကလည်း 'ဘကြီးလုံထော်' 'ဘကြီး' နဲ့ ရွာသားလို ဖြစ်လာခဲ့လေသည်။ ဓာတိကတော့ ပဲခူးကလို့ အဖေ တစ်ခါပြောဖူးလေသည်။

သည်လိုနဲ့ သုံးလေးနှစ်လောက်ကြာတော့ ကျုပ်တို့ရွာရဲ့ မြောက်ဘက် ဧကသုံးဆယ်လောက်ကျယ်တဲ့ အင်းကန်ကြီးတစ်ခုရှိ တယ်ဗျ။ ကျုပ်တို့ ငယ်ငယ်ကတော့ ငါးတွေ အလွန်ပေါတဲ့ ဗေဒါ တော အင်းကြီးပေါ့ဗျာ။ ခုတော့ အနီးနားက လယ်သမားတွေက ဗေဒါတွေ ဖယ်ကြပြီး လယ်တွေ တိုးချဲ့ကြတော့ လယ်ကွက်တွေ ဖြစ်နေတယ်ဗျ။ လယ်ကွက်တွေ ဆိုပေမယ့် စပါးရတာ နည်းပါတယ်။ ရေချုပ်လို့ ဆုံးတာက များပါတယ်။ တစ်နေ့တော့ မြို့ကလူတစ်ယောက် က အဲသည်အင်းကန်လယ်တောကြီး ဧကသုံးဆယ် အကုန်ဝယ်လိုက် တယ်။ ပိုင်ရှင်လယ်သမားတွေကလည်း ရတာကနည်းပြီး ဆုံးရှုံးတာက များနေတော့ ရသလောက်နဲ့ ရောင်းလိုက်ကြတာပေါ့။ ဝယ်တဲ့လူက တော့ တရုတ်သူဌေးတစ်ယောက်လိုလည်း ပြောသလို ရှမ်းတရုတ်လီ ရှောလူမျိုးလို့လည်း ပြောကြတာပဲ။

သူကတော့ ဧကသုံးဆယ်အကုန် ကန်တွေတူးပြီး ငါးမွေးမြူ ရေးလုပ်သလို ကန်ထဲမှာလည်း တဲကြီးတွေထိုးပြီး ဝက်၊ အသားစား ကြက်၊ ဥစားကြက် မွေးမြူရေးတွေလုပ်တာ အောင်မြင်တယ်ဗျ။

ကျုပ်တို့လယ်တွေကလည်း အဲသည်ငါးကန်မွေးမြူရေးဘေးမှာဆိုတော့ ကျုပ်တို့လယ်တောမှာ အနေများတဲ့ ကျုပ်အဖေရဲ့ သူရင်းငှားဖြစ်တဲ့ ဘကြီးလုံထော်နဲ့ မွေးမြူရေးတွေ လုပ်ငန်းပိုင်ရှင်နဲ့ကလည်း ခင်မင်ရင်းနှီးလာခဲ့ကြတယ်ပေါ့ဗျာ။ မွေးမြူရေးလုပ်ငန်းထဲမှာ အလုပ်သမားလိုရင် ဘကြီးလုံထော်ကို ရှာခိုင်း၊ ကန်တွေ ငါးဖော်တဲ့အခါတိုင်းမှာလည်း ဘကြီးလုံထော်ကတစ်ဆင့် ကျုပ်တို့အိမ်အတွက် ငါးဟင်းစားရောက်လာတတ်တယ်ဗျ။

အဲသည်လို ခင်မင်လာရာ တစ်နှစ်မှာတော့ မွေးမြူရေးလုပ်ငန်းထဲက အလုပ်သမလေးတစ်ယောက်နဲ့ ဘကြီးလုံထော်ကို အလုပ်ရှင်ကိုယ်တိုင် သဘောတူပြီး ပေးစားလိုက်တယ်ဗျ။ အဲသည်အချိန်ကစပြီး ဘကြီးလုံထော်ဟာ ကျုပ်တို့အိမ်က သူရင်းငှားဘဝက ကျွတ်သွားပြီပေါ့ဗျာ။ သူတို့ဇနီးမောင်နှံကိုတော့ အလုပ်ရှင်က မွေးမြူရေးလုပ်ငန်းထဲမှာ မခိုင်းဘဲ ကျုပ်တို့ရွာအနောက်ဘက် တစ်မိုင် မရှိတရှိလောက်ဝေးတဲ့ ရောဝတီမြစ်ရေဝင် ကြာအင်းကြီးကို အစိုးရဆီကလေလံနဲ့ ဆွဲလိုက်ပြီး ဘကြီးလုံထော်တို့ ဇနီးမောင်နှံကို အင်းသူကြီးအဖြစ်နဲ့ တဲတစ်လုံး အခိုင်အမာဆောက်ပြီး အလုပ်ပေးထားတာပေါ့။

နှစ်သိပ်မကြာလိုက်ဘူးဗျ။ အဲသည်မွေးမြူရေးလုပ်ငန်းထဲက မူးယစ်ဆေးဝါးမိလို့ဆိုလား ဥပဒေနဲ့ မလွတ်တဲ့ ရောင်းဝယ်ကူးသန်းမှုတွေ

ကြောင့်ဆိုလား မသဲမကွဲ သတင်းတွေနဲ့ မွေးမြူရေးလုပ်ငန်းကြီးကို နှိတ်ပိတ်ခံလိုက်ရပြီး အလုပ်ရှင်သူဌေးကတော့ ကိုယ်လွတ်ရုန်းသွား တယ်လို့ကြားပြီး အဲသည်လုပ်ငန်းကြီး တစ်ခေတ်သိမ်းသွားတယ်ဗျ။

ဘကြီးလုံထော်တို့ ဇနီးမောင်နှံကတော့ တစ်ဆယ့်နှစ်ရာသီ ကြာအင်းကြီးထဲမှာနေပြီး အင်းလေလံကုန်တဲ့ရက်မှာ ချောင်းကြိုချောင်း ကြား အင်းဖွတ်တွေကြား ငါးရှာ ဖားရိုက် ငှက်ထောင်နဲ့ လုပ်ကိုင်စား သောက်နေပြီး အင်းလေလံကျတဲ့ရက်တွေမှာတော့ အင်းဆွဲတဲ့ အင်းပိုင် ရှင်ထံ အင်းသူကြီး ဝင်လုပ်နဲ့ သံသရာလည်နေတာပေါ့။

ဘယ်လောက်ကြာခဲ့ပြီလဲဆိုတော့ ကျုပ်တောင် အဖေနဲ့ လယ် ယာစိုက်ပျိုးရေးမှာ ဒိုးတူဘောင်ဖက် လုပ်နိုင်နေသလို မျက်နှာလွှဲရင် တောင် ရပြီဗျ။ တစ်နေ့တော့…

"ငါ့သားရေ၊ တို့နွားမအုပ် ကြာအင်းချောင်မှာ ပို့ထားတာ ၁၀ ရက် ပြည့်ပြီ၊ ခုဆင်းကြည့်ကြဦးစို့ကွာ"

အဖေက ခမောက်၊ နွားချည်ကြိုး၊ နွားမောင်းရန် လက်ကိုင် တုတ်တို့ ပြင်ဆင်ရင်း ပြောလိုက်ခြင်းကြောင့်…

"ဟုတ်ကဲ့"

ကျုပ်လည်း တိုင်က ချိတ်ထားတဲ့ ဝါးခမောက်ကို ဆွဲဆောင်း လိုက်ပြီး နှင်တံကျိုးတို့ကိုယူကာ သားအဖနှစ်ယောက် ကြာအင်းချောင်

သို့ ဆင်းခဲ့တော့သည်။

ကြာအင်းချောင်သို့ ရောက်ခဲ့တော့ ကျုပ်တို့ နွားမအုပ်ကို စားကျက်၌ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့လိုက်ရခြင်းကြောင့် နွားများကို စစ်ဆေးကာ ပြန်ကြဖို့ ဟန်ပြင်ပြီးမှ ကြာအင်းစောင်းမှ ဘကြီးလုံထော်တို့ ဇနီးမောင်နှံ နေသည့် အင်းတဲလေးကို အဖေက လှမ်းကြည့်လိုက်ပြီး…

"ငါ့သားရေ ရောက်တုန်း လုံထော်တို့တဲကို ခဏဝင်ကြပါဦးစို့"

အဖေက ဘကြီးလုံထော်ထက် တစ်နှစ်လောက်သာ ငယ်သည်မို့ မသိမသာ မတိမ်းမယိမ်းမို့ လုံထော်လို့ပဲ ခေါ်လေသည်။ ကျုပ်တို့ ဘကြီးလုံထော်တို့ တဲနားရောက်တော့ တဲရှေ့ကုလားဖျင်းအောက် သူတို့ဇနီးမောင်နှံ ထမင်းဝိုင်း ပြင်ဆင်နေရင်းမှ ဘကြီးလုံထော်က…

"ဟ…မောင်သာထွန်းတို့ သားအဖပါလား၊ နွားတွေ လာကြည့်တာလား"

"ဟုတ်ပ"

ကျုပ်တို့သားအဖလည်း ကုလားဖျင်း ခေါ် နှင်းစင်အောက် ဝင်လိုက်ရင်း အဖေက…

"နေကောင်းကြရဲ့လား၊ အဆင်ကောပြေကြရဲ့လား"

"အင်း…အဆင်ပြေပါတယ်၊ ကဲ ကဲ ထမင်းစားသွားကြ၊ မယ်ဇင်ရေ ထမင်းခူးဟေ့"

ဘကြီးလုံထော်က စကားပြောရင်းနဲ့ ဇနီးဖြစ်သူ ဒေါ်မယ်ဇင်အား ထမင်းပွဲပြင်ခိုင်းလိုက်ရာ ကျုပ်တို့သားအဖလည်း ဆရာတပည့်ဖြစ်ခဲ့ပြီး လူရင်းတွေမို့ ထမင်းဝင်စားဖြစ်လေသည်။

ဟင်းကတော့ ငါးပိရည်ကျိုနဲ့ လက်သီးဆုပ်နီးနီးရှိတဲ့ ငါးဘတ်တစ်ကြီးများကို ထမင်းဝိုင်းလည်မှာ အိုးလိုက်တည်ထားလေသည်။ ချက်ထားပုံကတော့ ရေလုံပြုတ်သာသာ။ နောက်ပြီး ငါးပိရည်ကျို ပါပေမယ့် အတို့အမြှုပ် အသီးအရွက် မပါဘဲ ငါးပိရည်ကျိုပန်းကန်ဘေး ချထားသည်က အင်တုံလေးတစ်လုံးထဲရှိ ရေကြည်ကြည်လေးထဲမှာ အရှင်လတ်လတ် ပုစွန်ဆိတ်ကလေးများက ပြူးစိပြူးစိနဲ့ အတော်များများ ရှိနေလေသည်။ ထမင်းစားကြလေပြီ။ ငါးဘတ်ဟင်းက ဆီမပါ ဆားမပါ၊ တကယ်ရေလုံပြုတ် ဖြစ်သည့်အပြင် သိပ်မကျက်။ အညှီနံ့ပင် မပျောက်။ ကျုပ်တော့ စားလို့မရ။ အဖေလည်း စားမရ ကျုပ်သိသည်။ ဒါပေမဲ့ ထိုင်လက်စနဲ့မို့ အားနာပါးနာနဲ့ ဟန်စားစားနေသည်။ သူတို့လင်မယားကတော့ တကယ်ကို အရသာရှိရှိ စားနေကြသည်။ စားနေပုံကလည်း ကြည့်ပါဦး၊ ရေအင်တုံကလေးထဲ

ရေကြည်ကလေးနဲ့ လွှတ်ထားတဲ့ မုစွန်ဆိတ်အရှင်ကလေးတွေကို နှိုက်ယူလိုက်၊ ထမင်းလေးထဲ မြှုပ်လိုက်၊ ငါးပိရည်ဆမ်းစားလိုက်၊ ငါးဘတ်တုံးများကို ကိုက်စားလိုက်၊ ငါးဘတ်တုံးများ ကိုက်လိုက်တိုင်း ငါးညှီနံ့များက ထွက်လာသလို တစ်ခါတစ်ခါ သွေးစကလေးများက သူတို့နှုတ်ခမ်းများကို စိုစိုလာခြင်းကြောင့် မကြာမကြာ လျှာနဲ့သပ်နေလေသည်။

ခဏကြာတော့ ဘကြီးလုံထော်က တစ်ခုခုကို သတိရသလိုနဲ့ တဲအပြင်သို့ထွက်ကာ ပြန်လာတော့ လက်ထဲပါလာသည်က ဥကပေါက်ကာစ နီတာတွတ် မျက်စိတောင် မဖွင့်သေးတဲ့ ပေါက်ကာစငှက်ကလေး လေးငါးခြောက်ကောင် ကျုပ် မြင်လိုက်ရသည်။ အမေကတော့ မြင်ပုံမရ။ ဘကြီးလုံထော်က ထမင်းဗိုင်းဘေးရှိ ရဲရဲတောက်နေတဲ့ မီးဖိုကြီးထဲမှ မီးကျည်ခဲများပေါ်သို့ ငှက်ပေါက်စကလေးများကို အပြုံလိုက် ပစ်ထည့်လာရာ ငှက်ပေါက်စကလေးများက တစ်ခဏတာ ယက်ကန် ယက်ကန်ဖြစ်ပြီး ငြိမ်ကျသွားတော့ မီးဖိုကြီးထဲကို လက်ကြီးနဲ့ ဆတ်ကနဲ ဆတ်ကနဲ ငှက်ကလေးများကို နှိုက်ယူလိုက်ပြီး...

"ဖူး...ဖူး...ဖူး"

ကပ်နေတဲ့ ပြာကလေးများကို နှစ်ခါ သုံးခါလောက် မှုတ်လိုက်ပြီး သူ့ရဲ့ ထမင်းဇလုံကြီးထဲကို ပစ်ထည့်လိုက်ပြီး ဗိုင်ဗိုင်နှိုင်နှိုင်

ထိုင်လျက် မကျက်တကျက် နီတာတွတ် ငှက်ပေါက်စကလေးများကို တစ်ကောင်ချင်း ငါးပိရည်ထဲ နှစ်လိုက်၊ ထမင်းနှင့် မြုပ်စားလိုက်၊ စားလိုက်တိုင်း ငှက်ပေါက်စကလေးတို့ရဲ့ သွေးစများနှင့် အညစ်အကြေးတို့က သူ၏နှုတ်ခမ်းများသို့ပေလိုက် လျှာနှင့်သပ်လိုက်၊ လက်ဖမိုးနှင့် သုတ်လိုက်၊ အင်တုံလေးထဲက ပုစွန်ဆိတ် အရှင်ကလေးတွေကို နှိုက်ယူလိုက်၊ ငါးပိရည်လေးနဲ့ တို့မြုပ်စားလိုက်၊ ငါးဘတ်တစ်ကြီးတွေကို ကိုက်စားလိုက် ဘေးနားတွင် တည်ထားသည့် ဖလားကြီးထဲက ရေများကို ကြိုက်လိုက်၊ ဖလားကြီးထဲက ရေတွေက အနံ့ထွက်လာမှ အရက်တွေဆိုတာ ကျုပ်သိရသည်။

ပြန်လာတော့မှ လမ်းမှာ…

"အဖေ ဘကြီးလုံထော်တို့က သည်လိုပဲ စားတာပဲလား၊ ကျုပ်ဖြင့် စားမရပါဘူးဗျာ"

အဖေက ကျုပ်စကားကို မဖြေဘဲ…

"အင်း…"

လေးတွဲ့စွာ သက်ပြင်းရှည်ကြီးတစ်ချက်ချကာ ပထမ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီးနောက် ခေါင်းကို လေးတွဲ့စွာ ယမ်းလိုက်ကာ…

"ငါ့အိမ်နေစဉ်က ဒါလောက် အစားမပက်စက်ပါဘူးကွာ၊

ခု ဒီကောင် အချိုးတွေပြောင်းနေသလို အစွမ်းတွေလည်း ထက်နေတယ်"

"အဖေ သူ ဘယ်လိုအစွမ်းတွေ ထက်နေတာလဲ"

"သည်လိုကွ၊ အခု သည်ကြာအင်းကို လေလံရတဲ့ အင်းဒိုင်တွေဟာ သူ့ကိုပဲ မလွတ်တမ်း အင်းသူကြီးအဖြစ် ခေါ်ကြတယ်၊ သူကလည်း စွမ်းတာကိုးကွ"

"ဘယ်လိုစွမ်းတာလဲ အဖေ"

"သည်လိုကွ၊ သည်နှစ်မှာ ဧရာဝတီမြစ်ရေ ဘယ်နှကြိမ်တက်မယ်၊ ဘယ်ရေမှာ ငါးပါမယ်၊ ဒါကြောင့် ဘယ်ရေအကျမှာ အင်းကို ရင်းအသေပိတ်ရမယ်၊ ရင်းပိတ်တဲ့အခါမှာလည်း နှီးတစ်ရာခကျော် တစ်ရာကို ပေးသည့်ငွေပြီး တစ်ခါမျှ ရေပေါ်မပေါ်ဘဲ ချည်နိုင်တုပ်နိုင်တယ်။ ပြီးတော့ သူပြောတဲ့အတိုင်း ဧရာဝတီမြစ်ရေဟာ သူပြောတဲ့အတိုင်း တစ်ခါဆို တစ်ခါ၊ နှစ်ခါဆို နှစ်ခါ၊ သုံးခါဆို သုံးခါ ကွက်တိပဲ၊ နောက်ပြီး ကြာအင်းကြီးထဲမှာ သည်နှစ် ဘာငါးတွေများလို့ အင်းဒိုင်ရှုံးမယ်၊ ဘာငါးတွေများလို့ အင်းဒိုင်မြတ်မယ်ဆိုတာတွေကလည်း ကွက်တိပဲ၊ သည်နှစ်တော့ မြစ်ရေက ခရေတောင်ကျော်ပိုးခေါ်သွားတယ်ဆိုရင်တော့ အဲသည်နှစ်ဆွဲတဲ့ အင်းဒိုင် လုပ်စားလို့တောင် မရတော့ဘူး"

"သည်လိုဆို သူက အင်းလောကမှာ ဆရာတစ်ဆူပေါ့နော်"

အဖေက ကျုပ်စကားကို မဖြေဘဲ "ဟင်း" သက်ပြင်းရှည်ကြီး တစ်ချက်ချလို့ ခေါင်းတဆတ်ဆတ်ညိတ်ကာ...

"အကုသိုလ် အကျိုးပေးသန့်သကိုး"

ဟုသာ ညည်းတွားလိုက်သည်။ ကျုပ်တို့လည်း အိမ်သို့ ပြန်ရောက်ကြလေပြီ။

× × ×

သည်နှစ်တော့ သည်ကြာအင်းကြီးကို ကျုပ်တို့ရွာမြောက်ပိုင်းက သာမန်တံငါအလုပ် လုပ်တဲ့ ကြွက်နီဆိုတဲ့သူက သည်ကြာအင်းကို ရှိသမျှ ငွေပိုငွေလျှံလေးနဲ့ လေလံရကာ ဆွဲလေသည်။ သူတို့က သူတို့ဇနီးမောင်နှံနဲ့ ခြောက်နှစ် ခုနစ်နှစ်အရွယ် သံဖြူဆိုတဲ့ သားတစ်ယောက်နဲ့ ဖနီးဖြစ်သူ ဓီးကွက်မနဲ့ မိသားစုသုံးယောက်သာ ရှိလေသည်။

ထုံးစံအတိုင်းပေါ့ ဘကြီးလုံထော်ကို အင်းသူကြီးအဖြစ် ခန့်အပ်ကာ သူတို့လင်မယားကို ကြာအင်း၌ ထားလေသည်။ ဘကြီးလုံထော်ရဲ့ အစီအစဉ် ညွှန်ကြားချက်နဲ့ အင်းဝမှာ ဆည်ခံလိုက်တာ

တစ်မနက် တစ်မနက်မှာ ငါးတွေကို မနိုင်မနင်း ကျတာဗျို့။ အင်းထဲမှာလည်း ထက်ဝက်စား မြှုံးထောင် သူရတဲ့ငါး အင်းဒိုင်ကို ပြန်သွင်း၊ ငါးပိုက်ချသူတွေလည်း ငါးရံ့၊ ငါးခူ၊ ငါးကြင်း၊ ငါးဘတ် ငါးကြီး ငါးကောင်းတွေ တအားရကြတာဗျို့။ ဒါတွေကလည်း ဘကြီးလုံထော်ရဲ့ အစွမ်းပင်။ မြှုံးထောင်တဲ့ကောင် ဘယ်နေရာမှာ ဘယ်လိုထောင်၊ ဘာငါးတွေ ရလိမ့်မယ်။ ပိုက်တန်းတဲ့ကောင် ဘယ်နေရာ ဘယ်လိုတန်း၊ ဘာငါးတွေ မနိုင်အောင် ရမယ်။ ဘကြီးလုံထော် ပြောသလိုသာ လုပ်၊ ကွက်တိပဲဗျို့။ ဒါကြောင့် နံနက်လင်းတာနဲ့ တစ်ပြိုင်တည်း ဘကြီးလုံထော်ရဲ့ အင်းတဲဆည်မှာ ငါးဖောက်သည်။ ငါးစိမ်းသည် မြှုံးထောင်ပိုက်တန်းသူတွေနဲ့ တစ်နေကုန် တရုန်းရုန်းနဲ့ပေါ့ဗျာ။ ဒါကြောင့် အင်းဒိုင်ဖြစ်တဲ့ ကြွက်နီတို့မိသားစု သုံးယောက်မှာလည်း လပိုင်းအတွင်း ရွှေတွဲလဲ ငွေတွဲလဲ ဆောင့်ကြွားကြွားနဲ့ပေါ့။

တစ်နေ့မှာ အဖေနဲ့ အိမ်နားနီးဖြစ်တဲ့ ဘိုးသာလှ ကျုပ်တို့အိမ်အောက် ရေနွေးကြမ်းသောက်ရင်း စကားလက်ဆုံ ကျနေကြရာ ထူးဆန်းနေလို့ ကျုပ်လည်း နွားကန်ကြိုးကျစ်ရင်း နားစွင့်ကြည့်မိရာ…

"ကိုသာထွန်း ကြာအင်းကြီးထဲမှာ လုံထော်တို့ ဆည်ခံတာ ကိုးတောင် ဆယ်တောင်လောက်ရှိတဲ့ ငါးကြီးတစ်ကောင် ပိတ်မိနေ ဘယ်တဲ့ဗျ"

"ဟင် ဟုတ်လား၊ အကြီးကြီးပါလား၊ ဘာငါးကြီးတဲ့လဲ"

"ဘာငါးမှန်းတော့ မသိဘူး၊ နံနက်တစ်ခါ နေ့လည်တစ်ခါ ညနေတစ်ခါ ဆည်ထိပ်မှာ ဇောလာပေါ်တယ်တဲ့"

"ဟင်...အင်းဒိုင်ကြွက်နီတို့ လုံထော်တို့ ဘယ်လိုလုပ်ကြသလဲ"

"ဒါတော့ ကျုပ်လည်း မသိဘူး၊ ကျုပ်ကြားဖူးတာတော့ ဒီလောက်ကြီးတဲ့ ငါးကို မသတ်ရဘူး၊ မစားရဘူး၊ ပွဲပေးပြီး ဆည်ဖွင့်ပြီး လွှတ်ပေးရတယ်လို့ လူကြီးတွေပြောတာ ကြားဖူးတယ်ဗျ၊ သည်လို မဟုတ်တဲ့ သတ်မယ် စားမယ်ဆိုရင် ခိုက်တတ်တယ်လို့ ကြားဖူးတာပဲ"

ထိုစဉ်...

"သာဒင်ရေ၊ ဟေ့ သာဒင်"

အော်ကြီးဟစ်ကျယ်နဲ့ အိမ်ဝိုင်းထဲ ကိုစံအေးတစ်ယောက် ဝင်လာလေရာ...

"ဟ ဘာလဲဟ၊ ငါ ဒီမှာ"

"ဘကြီးလုံထော် ကြာအင်းကြီးထဲမှာ ကိုးတောင် ဆယ်တောင်လောက်ရှိတဲ့ ငါးကြီးတစ်ကောင် ပိတ်မိနေတယ်တဲ့၊ နံနက်တစ်ခါ နေ့လည်တစ်ခါ ညနေတစ်ခါ ဆည်ဝမှာ လာလာပေါ်တယ်တဲ့၊ အဲဒါ ရွာကလူတွေ သွားကြည့်ကြမလို့ကွ၊ တို့သွားကြည့်ရအောင် မင်းလာ

ခေါ်တာ"

"အေး ငါလည်း ကြားတယ်၊ ခုန်နက်ခင်းပဲ ရှိသေးတာ"

ကျုပ်လည်း ကျစ်လက်စ ဖွားကန်ကြိုးကို ရပ်ထားခဲ့ပြီး နှစ်ယောက်သား ဂလုံစုံမွှားနဲ့ ထွက်ခဲ့ကြတော့ ရွာလယ်လမ်းရောက်တော့…

"ငါးကြီးက ဆယ်တောင်ကိုမကဘူးတဲ့၊ အခုချိန်ဆို ပေါ်နေပြီ၊ နက်ကျောကျောကြီးတဲ့၊ ငါးခူကြီးတဲ့"

"ဟာ မဟုတ်တာ၊ ငါးချောင်းဖြစ်မှာပါ"

"ဟာ့ မဟုတ်တာ၊ ငါးရွေးဖြစ်ရမှာပေါ့ လူတွေလည်း မျိုတယ်ဗျ"

ရွာထဲရှိ လူအုပ်ကြီးက တစ်ယောက်တစ်ပေါက် ဆူညံဆူညံ ပြောဆိုကြရင်းနဲ့ ကြာအင်းဆီကို သွားနေကြလေသည်။ ကျုပ်တို့ နှစ်ယောက်လည်း လူအုပ်ကြီးနဲ့ အတူတူပေါ့။ ဘာငါးကြီးလည်း သိချင်တာကိုး။

သည်လိုနဲ့ ကျုပ်တို့နဲ့ လူအုပ်ကြီး ကြာအင်းကြီးနဲ့ မနီးမဝေး ကို ရောက်လာကြတယ်။ ဘကြီးလုံထော်တဲနဲ့ ဆည်ကြီးကိုလည်း မြင်နေရပြီ။ ဘကြီးလုံထော်တဲဘေး ဆည်ကြီးဘေး ကြာအင်းစပ်လည်း လူအုပ်ကြီးဗျ။ ကျုပ်တို့လို ငါးကြီးပေါ်ချိန်မှီ လာကြည့်ကြတာပေါ့ဗျာ။

ကျွန်တို့လည်း ကြာအင်းဘေးရောက်တော့ ငါးကြီးကို ကြည့်ချင်ဇောနဲ့ ကျွန်ုပ်နဲ့ စံအေး လူအုပ်ကြီးထဲ တိုးသွားလိုက်တာ ဆည်ထိပ်က ရပ်ကြည့်နေတဲ့ အင်းဒိုင်ကိုကြွက်နီနဲ့ ဘကြီးလုံထော်တို့ဘေး ရောက်သွားတယ်လေ။

"အားပါး အကြီးကြီးပဲဟ"

"ဟာ ကြောက်စရာကြီး"

ကျွန်ုပ်နဲ့ စံအေး အံ့သြခြင်းနဲ့အတူ မယံကို ကျွက်သွားတယ်ဗျူ။ ဆည့်ထိပ်မှာ ပေါ်နေတဲ့ ငါးကြီးက နက်ကျောကျောကြီးဗျ။ ဘယ်ဆယ်တောင်ကာမလဲ။ ရေထဲမြုပ်နေတဲ့ အမြီးအဖျားပိုင်းရောဆို တစ်ဆယ့်နှစ်တောင်လောက် ရှိလိမ့်မယ်။ ဟပြဲ ဟပြဲ လုပ်နေတဲ့ ပါးစပ်ကြီးက သုံးတင်းဝင်တောင်းလောက် ရှိမယ်ဗျ။

"တို့တစ်သက် ခုချိန်ထိ မမြင်ဖူးပါဘူး"

"နတ်ငါးကြီးလား"

"ဘာငါးကြီးလဲ"

"သည်လောက်ကြီးတဲ့ငါး မသတ်ရဘူး၊ မစားရဘူး၊ နိုက်တတ်တယ်"

"ပွဲပေးပြီး ဆည်ကို ဖွင့်လွှတ်ရတယ်"

သည်စကားကို အင်းဒိုင်ကိုကြွက်နီ ကြားတော့ "တောက်"

တစ်ချက် ခေါက်လိုက်ကာ…

"တောင်ပြော မြောက်ပြောနဲ့"

မြည်တွန်တောက်တီးနေစဉ်မှာပဲ ဘကြီးလုံထော်က တဲထဲကို ဝင်ပြီး သူ့တစ်ရပ်လောက်ရှိတဲ့ မှိန်းကြီးကိုင်ကာ ထွက်လာလေသည်။ မှိန်းကြီးကို တစ်ချက် နှစ်ချက် သုံးချက် ဝှေ့ရမ်းကစားလိုက်သေးသည်။ ဘကြီးလုံထော် မှိန်းကြီးကိုင်ကာ အင်းဒိုင်ကိုကြွက်နီအနား ရပ်လိုက်တော့ ဆည်ပေါ်နေတဲ့ ငါးကြီးဟာ ရေအောက်ငုပ်လျှိုးကာ ပျောက်ကွယ်သွားလေသည်။ ထိုစဉ် အင်းဒိုင်ကိုကြွက်နီက ဘကြီးလုံထော်ကို ကြည့်လိုက်စဉ် ဘကြီးလုံထော်က အနားတွင် ဆိုက်ကပ်ထားသော လှေကလေးပေါ်သို့ လှားကနဲ ခုန်တက်လိုက်ပြီး 'ဟဲ…ဟဲ…ဟဲ… ဟဲ' တစ်ချက်ရယ်လိုက်ပြီး လက်တစ်ဖက်က မှိန်းကြီးကို အသင့်အနေအထားကိုင်လျက် လှော်တက်မပါဘဲ လက်တစ်ဖက်က လက်ဖဝါးနှင့်သာ အင်းရေနက်ပိုင်းအနဲ့ ဖြည်းညင်းစွာ လှေကလေးကို လှော်ခတ်ရင်း မျက်လုံးအစုံက ရေအောက်သို့သာ စူးစိုက်နေလေသည်။ ကြာအင်းကမ်းစပ်က လူထုကြီးကတော့ ဘာများလုပ်မလဲ ဘာများဖြစ်မလဲ သည်းတထိတ်ထိတ် ရင်တဖိုဖိုနဲ့ ငြိမ်သက်နေကြလေသည်။ တစ်နေရာရောက်တော့ ဘကြီးလုံထော်က လှေကလေးကို ဖြည်းညင်းစွာ အရှိန်သတ်လိုက်ပြီး ရေအောက်သို့ မှိန်းကြီးကို အားကုန်ထိုးစိုက်လိုက်ရာ…

*

"ဝုန်း…ဖွမ်း"

ပြင်းထန်သော ရေပွက်ကြီး ထလာကာ ကောင်းကင်သို့ လွှင့်ပျံသွားသော ရေမှုန်ရေစက်တို့နှင့်အတူ လှေကလေးမှာ ဘေးသို့လွင့်စဉ်ကာ မှောက်သွားလေသည်။ ဘကြီးလုံထော်လည်း မှိန်းရိုးကြီးကိုင်လျက် ရေထဲသို့ လွင့်စဉ်သွားပြီး ရေအောက်သို့ မြုပ်သွားရာ ပေါ်မလာတော့ပေ။

အတော်ကလေးကြာတော့မှ ဝုန်းဒိုင်းကြဲနေတဲ့ ရေလှိုင်းဂယက်တို့က ငြိမ်သက်သွားလေသည်။ ခဏလေးကြာတော့…

"ပလွတ်…ပလွတ်…ပလွတ်"

သွေးပလုံစီကလေးများ အင်းရေပြင်ပေါ်သို့ တက်လာပြီးနောက် သွေးမှုက်ကြီးများ ထလာကာ အင်းရေပြင်မှာ သွေးတို့ဖြင့် ရဲရဲနီသွားလေသည်။ အင်းစပ်မှ ကြည့်ရှုနေကြတဲ့ လူအုပ်ကြီးကတော့ ဘကြီးလုံထော်ကို ငါးကြီးက ကိုက်ဖြတ်စားသောက်နေပြီလားသို့တည်းမဟုတ် ဘကြီးလုံထော်ကပဲ ငါးကြီးကို မှိန်းနဲ့ ထိုးသတ်လိုက်လေပြီလား သိလိုစောနဲ့ မျက်လုံးပြူးကာ အင်းရေပြင်ကို အာရုံစူးစိုက်လျက်ပင်။

"ဖွမ်း"

"ဟာ"

အင်းရေပြင်ကို အာရုံစူးစိုက်နေတဲ့ လူအုပ်ကြီးက အံ့သြခြင်းနဲ့ အတူ အာမေဋိတ်သံအမျိုးမျိုးနဲ့ ဆူညံ၍သွားလေသည်။ အင်းရေပြင်မှာ ပေါ်လာသည်က ဂုတ်ပိုးမှ ဝမ်းဗိုက်ကို ထုတ်ခြင်းခတ် ဖောက်ဝင်နေတဲ့ မှိန်းတန်းလန်းကြီးနဲ့ ဆယ်တောင်ကျော် နက်ကျောကျော အရောင်ရှိ ငါးကြီးပင်။

"ဖူး…ဖလူး…ဖလူး"

မရှေးမနှောင်းမှာပင် ဘကြီးလုံထော်က ရေပေါ်သို့ ပေါ်လာပြီး ဦးခေါင်းကို သုံးလေးခါ ရမ်းလိုက်ရာ ရှည်လျားလှတဲ့ သူ၏ ဆံပင်မှ ရေမှုန်ရေမွှားတို့က ဘေးသို့လွင့်စဉ် ပြန့်ကြဲသွားကြလေသည်။

"ဟဲ…ဟဲ…ဟဲ"

မညီမညာ အရုပ်ဆိုးလှတဲ့ သူ၏ သွားများပေါ်အောင် ရယ်လိုက်ပြီး သေနေပြီဖြစ်တဲ့ ဆယ်တောင်ကျော် ငါးကြီးအား မှိန်းရိုးမှ ဆွဲကာ အင်းစပ်သို့ ကူးလာပြီး ကုန်းပေါ်တွင် လူလေးငါးဆယ်ယောက် ဆွဲရမယ့် ငါးကြီးကို ဘကြီးလုံထော်က တစ်ဖက်တည်းဖြင့် ပါးဟပ်ကြီးမှဆွဲကာ ကုန်းပေါ်သို့ တင်လိုက်ရာ…

လူအုပ်ကြီးက ဝိုင်းအုံလာပြီး…

"ဟာ ဆယ်တောင် ဘယ်ကမှာလဲ၊ တစ်ဆယ့်နှစ်တောင် အကျော်ရှိတယ်"

"ငါးရွေးကြီးဟ"

"ကုန်းမှာ မြွေမွေး၊ ရေမှာ ငါးရွေးတဲ့၊ သူကလည်း ရေမှာတော့ ကြောက်စရာကောင်းတဲ့ ဘုရင်တစ်ဆူပဲ"

"လုံထော်ကလည်း ဒါလောက်စွမ်းတော့ လူမှဟုတ်ရဲ့လား"

တစ်ယောက်တစ်ခွန်း စကားတွေ အမျိုးမျိုးပြောနေပေမယ့် ဘကြီးလုံထော်ကတော့ နားကလည်း အတော်လေးသည့်မို့ ကြားမည်လည်းမထင်။ ဂရုလည်းမစိုက်ဘဲ သူ့ဇနီး ဒေါ်မယ်ဇင်ကို အော်ပြောလိုက်လေသည်။

"ဟေ့...မယ်ဇင်ရေ၊ ဇလုံကြီးတစ်လုံး ယူခဲ့ဟေ့"

ခဏကြာတော့ ဒေါ်မယ်ဇင် ငါးရောင်းရာတွင် သုံးသောဗန်းကြီးလောက်ရှိ ဒန်ဇလုံကြီး ရွက်လာကာ ဘကြီးလုံထော်အား ပေးလိုက်ရာ ဒေါ်မင်ဇင်ကလည်း လုပ်ကိုင်နေကျမို့ အထာကျွမ်းနေပြီထင်။ ဇလုံကြီး မှာလိုက်တာ ဇလုံကြီးထဲ၌ ဓားမြှောင်တစ်ချောင်းက အသင့်ပါလာလေသည်။ ဘကြီးလုံထော် လည်း အသင့်ပါလာတဲ့ ဓားမြှောင်နဲ့ ပက်လက်ကြီး ဖြစ်နေတဲ့ ငါးကြီး ရဲ့ ဝမ်းဗိုက်ကြီးကို ထိုးစိုက်လိုက်ပြီး 'ရွှမ်း' တစ်ချက်တည်း ခွဲချလိုက် ရာ 'ဗွမ်း' ငါးကြီးဝမ်းဗိုက်ထဲက သွေးတွေ အပြင်သို့ စဉ်ထွက်လာပြီး ဘကြီးလုံထော်က တစ်ကိုယ်လုံး သွေးတို့နှင့် ရွှဲနစ်ပေကျံနေသည်မှာ

တကယ်ရက်စက်ကြမ်းကြုတ်လှတဲ့ လူသတ်သမား အာဏာပါးကွက်သားကြီးတစ်ယောက်နှင့် တူသလို ဟက်တက်ကြီးကွဲနေတဲ့ ငါးကြီးရဲ့ ဝမ်းဗိုက်ထဲက ကလီစာတွေကို ဖွတ်ဆွဲထုတ်နေသည်ကလည်း မကောင်းဆိုးဝါးတစ်ကောင် အာသာငမ်းငမ်းနဲ့ အစာကို လုနေသည်နှင့် တူလှသည်။ ငါးကြီးဝမ်းတွင်းကလီစာတွေ ဆွဲထုတ် ဇလုံကြီးထဲ ထည့်လိုက်တော့ ဗန်းကြီးသောက် ဇလုံကြီးကို မောက်လျှံသွားတာပဲဗျို့။

"ဟော့ မယ်ဇင်၊ ဒါတွေကို အခု မြန်မြန်ချက် ငါရေချိုးပြီးရင် ငါတို့စားမယ်၊ ပြီးမှ ငါးကြီးကို ဖျက်မယ်"

ဟု ပြောလိုက်ခြင်းနဲ့အတူ ဘကြီးလုံထော်ရဲ့ အသွင်ကလည်း သရဲသဘက်စီးသည့်အသွင်ကို ဆောင်နေလေသည်။ အင်းဒိုင်ကိုကြွက်နီကတော့ ဘကြီးလုံထော် လုပ်သမျှကို ကြည့်ကာ တဟဲဟဲနဲ့ သဘောအကျကြီး ကျနေလေသည်။ ဒါနဲ့ လူအုပ်ကြီးလည်း အလှိုင်လှိုင် ပြန်ကြရာ လမ်းတွင်…

"ဘကြီးလုံထော်က လူမှဟုတ်ရဲ့လား၊ သရဲသဘက်များ စီးနေတာလား"

"အကုသိုလ်က အားကြီးတယ်ကွ"

ဆိုကြတဲ့ စကားတွေကို ကျုပ် သဲ့သဲ့မျှ ကြားလိုက်မိလေသည်။

နှစ်တွေလည်း ကြာခဲ့ပါပြီ။ အဲသည်လိုဖြစ်ပြီး လပိုင်းအတွင်းမှာပဲ အင်းဒိုင်ကြွက်နီနဲ့ ဇီးကွက်မတို့ရဲ့ သားလေးဟာ အမည်တပ်မရတဲ့ရောဂါနဲ့ ဆုံးသွားသလို ဖခင်ဖြစ်သူ အင်းဒိုင်ကိုကြွက်နီကလည်း ကြာအင်းဘေး ကိုင်းမဲ့တောကြီးထဲ လူသတ်လို့ သေရသည်။ များမကြာမီ ဇနီးဖြစ်သူ ဇီးကွက်မကတော့ အဲသည်ကိုင်းတောကြီးထဲမှာပဲ ပိုးထိပြီး ဆုံးသွားကာ ကိုကြွက်နီရဲ့ မျိုးတုံးကန်းသွားတော့သည်။ ဘကြီးလုံထော်ရဲ့ ဇနီး ဒေါ်မယ်ဇင်ကတော့ အနာကြီးရောဂါကို ကြာရှည်စွာခံစားပြီး ကြာအင်းစောင်းက ငှင်းတို့အင်းတဲလေးမှာပဲ ဆုံးသွားလေသည်။

ဘကြီးလုံထော်တစ်ယောက်သာ ကြာအင်းစောင်းက အင်းတဲကလေးမှာ ငါးနိုက် ဖားရှိုက် ငှက်ထောင်နဲ့ နေလေတော့သည်။ နေသည်ဆိုပေမယ့် အင်းတဲလေးမှာ နေ့လည်းနေ့မို့ ညလည်းညမို့ သူ့ကိုတွေ့ရခဲသည်။ သူ့ကို အမြဲတွေ့ရသည်က အင်းဖွတ်တွေ မြစ်ဖွတ်တွေမှာ အတွေ့များလေသည်။ တွေ့ရတော့လည်း ငါးနိုက်တာသိုလို ဖားရှိုက်တာလိုလို ငှက်ထောင်တာလိုလိုနဲ့ တွေ့ရပြီး တွေ့တိုင်းလည်း မဲမှောင်နေတဲ့ ခန္ဓာကိုယ်မှာ နံပိုင်းမျှရှိ ပုဆိုးတိုတိုကလေးက အမြဲနီးဖူက်တို့နှင့် ပေနေလေသည်။ လူတွေကို သူက ရှောင်နေသလို လူတွေကလည်း သူနဲ့ တစ်ခဏမျှရပ်ပြီး စကားမပြောနိုင်တော့ပေ။

ဘာကြောင့်လည်းဆိုတော့ သူမရှောက်ကိုယ်မှ သွေးညှီနံ့ ငါးညှီနံ့တို့က အမြဲတမ်း နံစော်နေခြင်းကြောင့်ပင်။ အဲသည်တုန်းကတော့ မကြာမကြာ တွေ့တတ်သလို ခုတော့ဖြင့် သူလှေမျက်ကလေး အင်းစောင်းဘေး အင်းတဲကလေးနားမှာ တွေ့ရပေမယ့် သူ့ကိုတော့ လုံးဝမတွေ့တော့ပေ။

အဲသည်အချိန်က စပြီး ကြာအင်းကြီးထဲမှာ အင်းဆွဲသူ ငါးလုပ်သားများ ငှက်ထောင်သူများ ပြောနေကြသည်က ဘကြီးလုံထော်က လူစင်စစ်ကနေ ဘဝမကူးဘဲ သရဲဖြစ်သွားတာတဲ့။ ညညတွေမှာ ကြာအင်းကြီး ရေနက်ပိုင်းထဲမှာ ဘကြီးလုံထော် လှေတစ်စင်းနဲ့ ငါးထောင်နေတာကို အရိပ်လို အရောင်လို တွေ့ရတယ်တဲ့။ အင်းဆွဲတဲ့လူတွေကလည်း ညက ဘိုးလုံထော် ဆည်ထဲကငါးတွေ ထိုင်စားနေတာ တွေ့ရသတဲ့။ တစ်ခါ တစ်ခါကျတော့လည်း ကြာအင်းရေနက်ပိုင်းထဲမှာ လှေကလေးတစ်စင်းဟာ လူမမြင်ရဘဲ လှလှော်နေတာလို လှိုင်းဂယက်လေးတွေထပြီး သွားနေတာ လသာညများ တွေ့ရသတဲ့။ တစ်နယ်လုံး ဟိုလူကပြော၊ ဒီလူက မြင်ကြနဲ့ပေါ့လေ။

သည်လိုပြောကြဆိုကြတဲ့ စကားတွေနဲ့ မို့တော့ ကြာအင်းကြီးထဲမှာ လုပ်ကိုင်စားနေကြတဲ့ လူတိုင်းမှာ အယူသီးအစွဲတစ်ခုက စလေ့တစ်မှုလို ဖြစ်နေလေသည်။ ငှင်းဝလှေကတော့ အင်းဆွဲ၊ ငါးထောင်၊

ငှက်ပိုက်တန်းသူများဟာ ဘကြီးလုံ့ထော်အား ပူဇော်ပသ တင်မြှောက်ရလေသည်။ ပူဇော်ပသရတာကတော့ ငါးကြီးကြီးတစ်ကောင် ဆီမပါဆားမပါ ရေလုံ့ပြုတ် ငရုတ်သီးအစိမ်းဖြစ်ဖြစ် အမှည့်ဖြစ်ဖြစ် သုံးလေးတောင့် ကြက်သွန်ဖြူနီ တစ်ခုစီ အရက်တစ်လုံး တင်သသည့်အခါမှာ ပါးစပ်က ပွစိပွစိနဲ့ မပင့်ဖိတ်ရပါ။

"ဟော့...လုံ့ထော် နားလေးနားကန်း၊ ငါ(...)မသား၊ အခုမြန်မြန်လာမျိုလှည့်ဆို့လှည့်"

ဟု အသံကုန် အော်ဟစ်ပြီး ပင့်ဖိတ်ရလေသည်။ ပြီးမှ...

"ငါ့ဆည်ထဲ ငါးများများကျအောင် လုပ်ပေးဦး၊ ငှက်ထောင်တဲ့သူဆိုလည်း ငှက်များများရအောင် လုပ်ပေးဦး ကြားလား နားကန်းနားလေး လုံ့ထော်၊ ငါ(...)မသား"

အဲသည်လို ပူဇော်ပသမှ အနှောင့်အယှက်ကင်းပြီး ငါးဆိုလည်း များများရ၊ ငှက်ဆိုလည်း များများရသတဲ့ဗျာ။ သည်ဓလေ့ထုံးစံက ယနေ့ချိန်ထိ ပြုလုပ်ကြဆဲပင်။

အနန္တငါးပါးအား ဦးနိုက်လျက်
ဘိုးသာဒင်



# တိုက်နွားနဲ့အောက်လမ်းဆရာ

**နတ်ညှုသစ်**

ရပ်ထဲရွာထဲက သူတို့မောင်နှမကို ဘေးပြသားသမီးတွေတဲ့။ ကဲ ကြည့်စမ်းပါဦး။ ဘယ်လောက်ရင်နာစရာကောင်းလိုက်သလဲ။ ခံပြင်းလိုက်ပါဘိ။ သွားပြီ။ ဘဝတစ်လျှောက်လုံး အဲဒီနာမည်ဆိုးကြီးက သူတို့

အရှေ့ဘက်ကောင်းကင် စာပေ

ဆောင်နေနှင့်ယောက်လုံးကို သူများတကာ တံတွေးခွက်ထဲ ပက်လက်မျော အောင်လုပ်တော့မည့် နိဒါန်းအစပင်ဖြစ်တော့၏။

"ကြောင်း"

ပါးပြင်နှင့် လက်ဖဝါးထိသွားသံက ဆိုင်းဆရာလက်သံအလား ကျယ်လောင်လှသည်။

"ပြော…ပြောစမ်း မိငယ်၊ နင် ဒီကိုယ်ဝန်ကို ဘယ်ကောင်နဲ့ ရခဲ့သလဲဆိုတာ ပြော၊ ငါ အဲဒီအကောင်ကို သွားသတ်ပစ်မယ်"

"ဝုန်း"

ထမင်းစားပွဲ မြေသွား၏။

ပွဲကအစတော်ကို ကြမ်းနေ၏။ ကုလားသိုက် ကျားဝင်ဆွဲသည်နှင့်နယ်။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လျက်။ ဘီလူးဆိုင်းတီးနေသူက တိုက်မောင်း။

"မသိဘူး မသိဘူး၊ ညီမလေးကံသာ သတ်ပစ်လိုက်ပါတော့ အဟီး…ဟီး…"

ရှိုက်ကြီးတငင် ငိုချင်းချနေသူကတော့ မိငယ်ပင် ဖြစ်၏။

အတာယ်အကြောင်းကြောင့် တိုက်မောင်းတစ်ယောက် မိငယ်အပေါ် ပေါက်ကွဲနေရပါသနည်း။

ဆိုရပါလျှင် တိုက်မောင်းနှင့် မိငယ်သည် ဖအေတူ မအေတူ သွေးသားရင်းချာ တော်စပ်ကြသည့် မောင်နှမပင် ဖြစ်ကြ၏။ ဆိုးဝါးလှတဲ့

လောကခံကို ညီမဖြစ်သူအပေါ် မကျရောက်စေရန် တိုက်မောင်းတစ်ယောက် အစ်ကိုပီသစွာဖြင့် ခါးသီးစွာခံစားခဲ့ရ၏။ တိုက်မောင်း ဆယ်နှစ်သားအရွယ်မှာ ဆင်းရဲနွမ်းပါးလွန်းလှသည့် သူတို့မိသားစုဆင်းရဲဒုက္ခကိုဖြေရှင်းရန် ဖခင်ဖြစ်သူက ငွေကိုအလွယ်ရမည့် ဖြတ်လမ်းနည်းဖြင့် လိုက်လေတော့၏။ အပေါင်းအသင်းများပြီး အနုကြမ်းစီး၏။ ဓားပြတိုက်တော့၏။

နောက်ဆုံး အဲဒီအကုသိုလ်ဒဏ်ကပဲ ဖခင်ဖြစ်သူကို သေမင်းဆီ အရောက်ပို့ခဲ့လေ၏။ ရွာတစ်ရွာမှာ ညဘက်ဓားပြတိုက်နေတုန်း ကျေးရွာ ကာကွယ်ရေးအဖွဲ့တွေနှင့်တိုးကာ နှစ်ဖက်ပစ်ကြခတ်ကြရင်း ဖခင်ဖြစ်သူခမြာ နေရာမှာတင် အသက်ဆုံးပါးခဲ့ရလေ၏။ တိုက်မောင်း မိခင်မှာလည်း လင်ယောကျ်ားစိတ်နှင့် နေရာတင်လဲကျကာ အသက်ပါ ပါသွားခဲ့၏။

ဖခင်ဖြစ်သူရဲ့ ကောင်းမှုကြောင့်ပဲ တိုက်မောင်းတို့ မောင်နှမ နှစ်ယောက် ရပ်ထဲရွာထဲမှာ ဓားပြသားသမီးတွေဆိုပြီး ဘွဲ့ထူးဂုဏ်ထူးတွေ ရရှိလာခဲ့ကြတော့၏။

နဝိုကတည်းကမှ တစ်ရွာလုံးရဲ့ တံတွေးခွက်ထဲမှာ ပက်လက် မျောနေရကာမှ ညီမဖြစ်သူ မိငယ် ပြဿနာက မဖိတ်ခေါ်ဘဲ ရောက်ရှိ လာသည်မို့ တိုက်မောင်းတစ်ယောက် ဘာဆက်လုပ်ရမှန်းလည်းမသိ။

အဲဒီနေ့က…

တိုက်မောင်းတစ်ယောက် ကိုလူလုအိမ်မှာ အိမ်သာကျင်းတူးပြီး

ပြန်လာတော့ မိုးပင်ချုပ်နေပြီ။ တစ်အိမ်လုံးလည်း မှောင်မဲနေချက်။ ကိုက်မောင်းစိတ်ထဲ "မိငယ် ဒီကောင်မလေး ဖယောင်းတိုင်လေး ဘာလေး လည်း မထွန်းထားဘူး" ဟု တစ်ယောက်တည်း ရေရွတ်ရင်း လွယ်အိတ်ထဲမှ မီးခြစ်ကိုထုတ်ကာ ဖယောင်းတိုင်လိုက်ရှာပြီး မီးထွန်းညှိလိုက်၏။

မိငယ်အခန်းထဲ ဝင်ကြည့်တော့ ဖျာပေါ်မှာ တုံးလုံးလှဲနေသည့် မိငယ်ကိုကိုက်မောင်းမြင်ပြီး . . .

"ဟဲ့ မိငယ် နေမကောင်းဘူလား၊ ထထမင်းဆိပ်နဲ့ဦး၊ အချိန်မရှိ နိုက် တော်ကြာဖျားနေဦးမယ်"

ဟု ဆိုကာ ထမင်းစားပွဲပြင်ပြီး ကိုက်မောင်းတစ်ယောက် ထမင်း ဟင်းများကို ခူးခပ်၍ ညီမဖြစ်သူကို လှမ်းပြောလိုက်၏။ ပြီးစီးသည်နှင့် . . .

"မိငယ် ထမင်းလာစား၊ ဘာပြီးမှ ဆက်အိပ်"

ညီမဖြစ်သူကို ထခေါ်လေတော့ ရှေ့ ကဲ်အောင် မိငယ်တစ် ယောက် "အော့" "ဝေါ့" အန်လျက်နေသည်ကို ကိုက်မောင်းအစ်ကိုဖြစ်သူကား အရွှန်းအမင်းကိုတ်လန့်သွားချေပြီ။ မိငယ်လည်း သွေးလွှမ်းသလို အစ်ကို ဖြစ်သူကို ဘာပြောလို့ ပြောရမှန်းမသိ ထိတ်လန့်စွာကြည့်နေ၏။

"နင် အဲဒါ ဘာဖြစ်တာလဲ မိငယ်"

ကိုက်မောင်း မေးလေပြီ။

"အဟင့် . . . ဟင့် . . . ဟီး . . . အစ်ကို ညီမလေးကို သတ်ပစ်လိုက်ပါ

တော့အစ်ကိုရယ်"

ဆိုပြီး ငိုကြီးချက်မနှင့် ပြန်ဖြေလိုက်သံက တိုက်မောင်းနားထဲ သရည်ပူနှင့် လောင်းချလိုက်သလို နမူးကြောတွေ ထောင်သွားပြီး

"ဒါ...ဒါဆို"

သွားပြီ။ သူတင်သလို သူ့ညီမ ဖြစ်နေပြီပေါ့။

"ဘောက်"

"ဟာ...ကွာ"

တိုက်မောင်းရင်ထဲ ဒေါသတွေအလိပ်လိုက် တက်လာချေပြီ။ ဒီကိစ္စမျိုးက ဝန်းနိုင်းကြံလို့ကလည်း မရ။

တိုက်မောင်း အပြင်ကိုပင်မထွက်နိုင်တော့။ ဘယ်ထွက်နိုင်တော့နှင်း။ ငယ်ရွယ်စဉ်ကတဲမှာ နမဖြစ်သူ လှင်ကောင်မပေါ် ဗိုက်ကြီးတဲ့ကိစ္စက တောမီးလို ကြီးထွားပျံ့နှံ့နေသည်ဆိုတော့ ဘယ်မျက်နှာ၊ ဘယ်အခွက်နဲ့များ အပြင်ထွက်ရပါ့မလဲ။ အနေကတည်းမှ ရပ်ထဲရွာထဲ စားပြသားသမီးတွေဆိုပြီး ကျော်စောနေတာ၊ အခု မိငယ်ရဲ့ဗိုက်ပြဿနာက ဖြစ်လာပြန်တော့...။

တောင်နိုင်။ အပြင်မထွက်လို့က မရ။ ဝမ်းရေးက ရှိသေးသည်မို့ ပေါက်တဲ့နဖူးမထူးဟုဆိုက "ဗိုလ်နေမြဲ၊ ကျားနေမြဲ"။ ဘယ်သူ့ကိုမှ ဂရုမစိုက်။ ကိုယ့်အရပ်သာကိုယ်လုပ်ရမည် မဟုတ်လော။

နမဖြစ်သူ မိငယ်ကလည်း သူများတကာတွေးခွက်ထဲ မက်

လက်မျောပြီး နေ့စဉ်ရက်ဆက် အခန်းအောင်းပြီးတော့သာ နေလေတော့၏။ နေ့တိုင်းလည်း မျက်ရည်နှင့်မျက်ခွက်။

ဒီလိုကိစ္စကြီး ဖြစ်မလာခဲ့ရင်အကောင်းသား။ မိမိဘဝကို ဘယ်လိုလူ၊ ဘယ်လိုကောင်စားမျိုးကများ ချေမွဖျက်ဆီးခဲ့လေသနည်း။

ကာယကံရှင် မိငယ်ကိုယ်တိုင်ပင် မသိ။ မသိဆို အဲဒီနေ့ မြောက်ဘက်ပိုင်းက အရီးလေး ဒေါ်စိန်ခင်တို့ မြေပဲခင်းမှာ မြေပဲဆွတ်ပြီး ပြန်လာတော့ မှောင်စပျိုးနေပြီ။ ရွာအဝင် တောစပ်နားရောက်တော့ နောက်ကနေ 'ဒုတ်'ကနဲ ရိုက်ချသံနှင့်အတူ မိငယ်လည်းလူ့လောကမှ ခေတ္တခဏအနားယူလိုက်ရ၏။ သတိပြန်ရလာတော့ အင်္ကျီတွေလည်း တွန့်ကြေနေပြီး ကြယ်သီးတွေလည်း ပြုတ်ထွက်နေကာ ထမီမှာလည်း ဒူးအထိလျှောကျနေသည်ကို တွေ့လိုက်ရသောအခါ . . .

"ရှက်လိုက်တာ၊ အစ်ကို . . . အစ်ကို့ကို ဘယ်လို . . . ဘယ် . ."

'သွားပြီ၊ နင့်ဘဝ ပဲ့ကြွေသွားပြီ မိငယ်ရေ' ဟုဆိုကာ စိတ်ထဲကနေ အော်ဟစ်လိုက်မိ၏။

× × ×

ကြားရသည့်သတင်းက လုံးဝကို စိတ်ချမ်းမြေ့စရာမရှိ။ မိငယ်တစ်ယောက် အိမ်ထုတ်တန်းမှာ ကြိုးဆွဲချပြီး မိမိကိုယ်ကို အဆုံးစီရင်သွားခြင်းပင် ဖြစ်၏။ အရှက်ကို အသက်နှင့်လဲသွားခြင်းဟု ဆိုရမည်။

ဘယ်အချိန့်တည်းက သေဆုံးနေမှန်းမသိ။ တစ်ကိုယ်လုံး အေးစက်တောင့်တင်းနေကာ မျက်ဖြူကြီးလန်လျက် လျှာကြီးထွက်ခနေလေရာ လာကြည့်ကြသည့် လူတွေပင် ရဲရဲမကြည့်ရဲ။

"တောက်" တခေါက်ခေါက်၊ အံတကြိတ်ကြိတ်နှင့် နှမဖြစ်သူအလောင်းကိုဖက်ပြီး ငိုနေလျက်။ ရွာကလည်း အစီမံးသေဖို့ ချက်ချင်းမီးသင်္ဂြိုဟ်ရမည်ဟု ဆိုလေ၏။

"ဖအေက ခေါးပြ၊ နှမကလင်ကောင်မပေါ် ဗိုက်ကြီးရှာနာတယ်"

"ဟုတ်ပါ့၊ ရှာနာတယ်ကွ"

"ရှက်တတ်ရင် လှဲသေဖို့ ကောင်းတယ်"

"အဲဒီလိုတော့ မပြောကြပါနဲ့ကွာ၊ ခမျာ ဘယ်လောက်ဝမ်းနည်းနေမလဲ၊ ကိုယ်ချင်းစာကြည့်ကြပါ"

"ဘာမှကိုယ်ချင်းစာစရာ မလိုဘူး၊ ဒါ သူတို့အကုသိုလ် သူတို့ခံရတာ"

တစ်ရွာလုံး လက်ညှိုးထိုးသမျှ၊ ပြောဆိုသမျှ တိုက်မောင်းခံရပါပြီ။ ရင်ထဲမှာလည်း တဆစ်ဆစ်နဲ့ နာကျင်နေ၏။ ဖြေစရာမရှိ။

မိငယ်အလောင်းကို သင်္ဂြိုဟ်ပြီး အဲဒီညမှာတင် တိုက်မောင်းရွာထဲမှ ပျောက်သွားတော့၏။ နှမရက်လည်မှာတောင် တိုက်မောင်းမရှိ။

ထိုနေ့ ညက တိုက်မောင်းကို ရွာသူရွာသားတွေ နောက်ဆုံးတွေ့မြင်လိုက်ရခြင်းပင် ဖြစ်ပေတော့၏။

တိုက်မောင်းတို့ မောင်နှမနေခဲ့သည့် အိမ်လေးမှာ ယခုဆိုလျှင် ခြောက်ကပ်ကပ်နှင့် ယိုယွင်းပျက်စီးပြနေပေပြီ။ ပို၍ဆိုးသည် မှာ…

“တိုက်မောင်းညီမ မိငယ်က မကျွတ်ဘူးလား မသိဘူး၊ ညည အဲဒီအိမ်ထဲမှာ မိန်းကလေးတစ်ယောက် ငိုသံကို ကြားနေရတယ်”

ဟု တစ်မျိုး။

“ညဘက်ကျရင် ကောင်မလေးတစ်ယောက် အဲဒီအိမ်ရှေ့မှာ လမ်းလျှောက်နေတာများ သူ့ခြေထောက်တွေက မြေကြီးနဲ့တောင်မထိဘူး”

ဟုတစ်ဖုံ သတင်းတွေ ထွက်လာကြရာ နောက်ဆုံး အစိမ်းသေသေတဲ့အိမ် ရွာမှာမထား၊ ဤရွာသည်ဟုဆိုကာ တစ်ရွာလုံးကဝိုင်းပြီး မီးရှို့ပစ်လိုက်ကြတော့၏။

တိုက်မောင်းတို့မောင်နှမ နေခဲ့ကြသည့် ဘုံဗိမာန်လေးကား ယခုဆိုလျှင်ဖြင့် ပြာပုံအတိကျသွားသည်၊ ဒါကိုတော့ ပျောက်ချင်းမလှ ပျောက်ကွယ်သွားသည့် တိုက်မောင်း မသိမမြင်ပေ။

× × ×

ကိုးနှစ်ခန့် ကြာခဲ့ပြီဖြစ်သည်။

လူတစ်ယောက်၊ သူ့ပုံစံက ဆံပင်ရှည်ကို ကျောအလယ်ထိ

ဖြန့်ချထားပြီး မုတ်ဆိတ်မွေးများကလည်း ရင်ညွန့်အသေအောင် ရောက် နေသဖြင့် အမှတ်တမဲ့ ကြည့်လိုက်လျှင် ဖေဒင်ဆရာလိုလို၊ မသိလျှင် ဂိုဏ်းဆရာလား၊ ဘိုးတော်လိုလိုနှင့် ဆင်တူလှပေ၏။

အထူးခြားဆုံးက အဲဒီလူရဲ့ မျက်လုံးတစ်စုံပင် ဖြစ်၏။ မျက်လုံးက သိမ်းငှက်တစ်ကောင်လို မျက်လုံးမျိုး။ စူးရှထက်မြက်လှပြီး အကြည့်ခံရ သူအဖို့ နေရာမှာတင် ဖိန်းတိန်းတိန်း၊ ရှိန်းတိန်းတိန်း ဖြစ်သွားစေမည့် မျက်လုံးမျိုးဆိုလျှင်လည်း မမှား။ နောက်တစ်ခု ထူးခြားချက်က လက်နှစ် ဖက်လုံး တက်တူး(ဆေးမှင်ကြောင်) ထိုးထားခြင်းပင် ဖြစ်၏။ ညာဘက် လက်မှာနဂါးအရုပ်၊ ဘယ်လက်မှာ ဂဠုန်အရုပ်ကိုထိုးထားလေ၏။ ရှပ် အင်္ကျီအဖြူလက်တိုကို ဝတ်ဆင်ထား၍ လက်နှစ်ဖက်က အရုပ်တို့မှာလည်း ထင်ရှားပေါ်လွင်လှ၏။

ပုဆိုးကိုတော့ အညာပုဆိုးအကွက်ကျဲကျဲကြီးကို ဝတ်ဆင်ထား ကာ ကြီးမားလွန်းလှသည့် လွယ်အိတ်ကြီးကိုလည်း လွယ်ထား သေး၏။

ထိုလူက ရွာထဲကို အေးဆေးတည်ငြိမ်စွာ ဖြတ်လျှောက်လာ ပြီး တစ်နေရာရောက်သော် သူ့ရဲ့ခြေလှမ်းအစုံကို ရပ်တန့်ပစ်လိုက်တော့ ၏။

"တောက်"

မာန်ပါလွန်းလှသည့် တောက်ခေါက်သံမျိုး။

"ငါတို့အိမ်ကိုတောင် မချန်၊ မီးရှို့ပစ်ခဲ့ကြတာကိုး၊ ရိုင်းလိုက်လေခြင်း"

ဒီစကားကိုပြောသူက မည်သူနည်း။ တခြားသူတော့မဟုတ်။ တိုက်မောင်းပင် ဖြစ်လေတော့၏။ မီးလောင်ပြင် ဖြစ်သွားသည့်သူ့အိမ်ကို ကြည့်ပြီး လက်သီးကိုကျစ်နေအောင် ဆုပ်ကာ…

"တိုက်မောင်း ဘာကောင်လဲ သိစေရမယ်"

ဟု ကြိမ်းဝါးလိုက်လေတော့၏။

တိုက်မောင်း ပြန်ရောက်လာသည့် သတင်းက ရပ်ထဲရွာထဲ တစ်ခဏချင်း ပျံ့နှံ့သွား၏။ တိုက်မောင်းရွာကို ဘာကြောင့်ပြန်လာရသနည်း။ အကြောင်းမရှိဘဲ တိုက်မောင်းရွာသို့ ပြန်မလာ။ တစ်ရွာလုံး စဉ်းစားရလေပြီ။

× × ×

ည…။

ကြယ်ရောင်လရောင်ကင်းမဲ့၍ အလင်းရောင်ပျောက်တဲ့ည ဟူ၍ပင် တင်စားခေါ်ဝေါ်ရပေမည်။ ပတ်ဝန်းကျင်တစ်ခွင်လုံး ပိန်းပိတ်အောင်မှောင်မဲနေကာ ကိုယ့်လက်ကိုပင် ပြန်မမြင်နိုင်သည့် အနေအထားမျိုးလည်း ဖြစ်၏။

တစ်ချက်တစ်ချက် တိုက်ခတ်သွားသည့် လေရူးကြောင့် သစ်ပင်ကြီးငယ်များမှာ ယိမ်းထိုးလှုပ်ရှားသွားကာ ညအမှောင်ထုအောက်ဝယ် တစ္ဆေ

တွေ ပျော်ပါးမြူးတူးကခုန်နေကြသလိုနှယ်။ အချို့အားဖြင့်လည်း သက်ကြီး ခေါင်းချချိန်မို့ တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေကြ၏။

"ငူ…အူ…အူ…အူ…"

ရက်တရက် ထွက်ပေါ်လာသည့် ခွေးအူသံကြီးက ကြားရသူ အဖို့ ကျောချမ်းစရာ ကောင်းလွန်းလှ၏။

"အ…အ…အ…အ"

ထူးဆန်းလှပေစွ။ ကျီးကန်းအော်သံများပင်တည်း။ 'ကျီး' ဆိုတဲ့ အမျိုးက နေ့မှာသာထွက်သည့်ငှက်မျိုး။ ယခုမူ အဘယ်ကြောင့် ညကြီး အချိန်မတော် တအအနှင့်အော်ပြီး ပျံနေကြရသနည်း။ တော်တော်လေးထူး ဆန်းနေ၏။

ကျီးအုပ်က တအအနှင့်အော်ပြီး ရွာအပြင် သင်္ချိုင်းဇရပ်နားရောက် သော် တစ်ကောင်တစ်ပြီးမှ မရှိတော့လောက်အောင် ပျောက်ခြင်းမလှပျောက် ကုန်ကြ၏။ ကျီးကန်းအုပ် ပျောက်ပြီးသည်နှင့် သင်္ချိုင်းဇရပ်ပေါ်မှာ လူတစ် ယောက် ဆေးလိပ်ထိုင်ဖွာနေ၏။

ဆေးလိပ်မီးတရဲရဲနှင့် ဆက်ကာ ဆက်ကာ ဖွာနေလိုက်တာများ တစ်စုံတစ်ယောက်သာ မြင်သွားခဲ့ပါလျှင် နေရာတင် အသက်ထွက် သွားပေလိမ့်မည်။ မှောင်ကလည်းမှောင်၊ နောက်ပြီး သင်္ချိုင်းကုန်းထဲက ဇရပ်ပေါ်မှာဆိုတော့ အမှတ်တမဲ့ ကြည့်လိုက်လျှင် တစ္ဆေတစ်ကောင် ဆေးလိပ်

ထိုင်ဖွာနေပုံနှင့် ဘူလွှန်းလှပေတော့၏။

ဤလူကား မည်သူနည်း။

ထိုလူ ဆေးလိပ်မီးဖွာတိုင်း လက်နှစ်ဖက်မှာ ထိုးထားသည့် တက်တူးအရုပ်နှစ်ရုပ်က ထင်းကနဲပေါ်ထွက်လာရာ ထိုသူမှာ တခြားသူတော့ မဟုတ်၊ တိုက်မောင်းပင် ဖြစ်ပေတော့၏။

× × ×

ညက သန်းခေါင်ယံအချိန်ကြီး ကျီးတွေတအာအာနှင့် အော်ပြီး ပျံသွားသည့်သတင်း ဒီမနက်ပိုင်း ရွာထဲမှာတလျှပ်လျှပ်နှင့် ဖြစ်ကုန်ကြ၏။ ခါတိုင်းညတွေ ဒီလိုမဟုတ်။

"အကောင် မနည်းလောက်ဘူး"

"တစ်ရာကျော်မယ်ကွ"

"မကောဘူးထင်တယ်"

အမျိုးမျိုး ထင်ကြေးပေးသူလည်း ရှိကြသလို-

"ကောင်းတဲ့လက္ခဏာတော့ မဟုတ်ဘူး"

"ပရလောကသားတွေများလား"

"ရွာထဲ ပရိတ်ရွတ်ရင် ကောင်းမယ်"

ဟု ရှေးရိုးစွဲ အယုံအကြည် ရှိသူများလည်း ရှိကြပေ၏။ မည်သို့ပင် ဆိုစေကာမူ ရွာလူကြီးမှ ညစဉ်လူနှစ်ယောက်ကျ လှည့်ကင်းစောင့်ရန်

အမိန့်ထုတ်ပြန်လိုက်တော့၏။

ယနေ့ညမှ စတင်၍ လုံခြုံရေးယူသူများက အရက်သမားဖိုးတုတ်နှင့် ဖဲသမားအောင်ထူးတို့ပင်ဖြစ်၏။ နှစ်ယောက်သား တစ်ယောက်တစ်လှည့် ကင်းစောင့်နေကြရင်း ရှက်ီလေးတွတ်လိုက်၊ အချဉ်ထုပ်လေးမြည်းလိုက်နှင့် ဇရက်မင်းစည်းစိမ် ယူနေကြတော့၏။

ထိုအချိန်မှာ လေပြင်းတစ်ချက် ဝှေကနဲတိုက်သွားရင်း နှစ်ယောက်သား ခေါင်းထောင်ပြီး ဟိုဟိုဒီဒီ ကြည့်လိုက်ကြသေးပြန်၏။ ဘာမှမဟုတ်ဟုဆိုကာ ရှက်ီကိုပြန်တွတ်နေကြရာ ရုတ်တရက်…

"ဘွတ်…အဲ"

"ရှူး…ရှူး"

နွားဟောက်သံနှင့် ဓာရှုတ်သံကြီးက ထွက်ပေါ်လာသဖြင့် ဖိုးတုတ်နှင့် အောင်ထူး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ…

"နွားဟောက်သံကွ"

"ငါလည်း ကြားပါတယ်ဟ"

ဖိုးတုတ်က မီးပုံထဲ ထင်းကောက်ထည့်လိုက်၏။ အလင်းပိုရရန်သဘော။

"ရှူး…ရှူး"

"ဖူး…ဖူး…ဖလူး"

"နှာပါမှုတ်နေတာကွ"

"ဒီအချိန်ကြီးကျမှ ဘယ်သူ့နွားများ လွတ်လာပါလိမ့်ကွာ"

တစ်ယောက်တစ်မျိုး ပေါက်ပေါက်ဖောက်နေကြ၏။ ထိုအချိန်မှာပင်…

"အား…အား…အား"

"အ…အ…အ"

ဆိုပြီး ကျီးကန်းသံများကိုပါ ထပ်မံကြားလိုက်ရ၍ နှစ်ယောက်သား အပေါ်သို့မော့ကြည့်လိုက်ကြ၏။

"ဟာ"

မြောက်မြားစွာသော ကျီးကန်းတွေ သူတို့နှစ်ယောက် ခေါင်းပေါ်မှာဝဲပြီး 'အာ'သံပေးလျက်။ ညကြီးမင်းကြီး ဒီကျီးကန်းတွေက ဘယ်ကဘယ်လို ရောက်လာကြရသနည်း။

"အောင်…အောင်ထူး"

ဖိုးတုတ် အသံတွေပင်တုန်ပြီး အောင်ထူးကို လက်ကုတ်မေးငေါ့ပြလိုက်၏။ အောင်ထူး ကြည့်လိုက်တော့…

'ဟင်' ကနဲ အသံထွက်သွားသူက အောင်ထူး။ ဘာကိုမြင်လို့ တုန်လှုပ်သွားရပါသနည်း။

ဖိုးတုတ် လက်ကုတ်မေးငေါ့ပြ၍ အောင်ထူး ကြည့်လိုက်မိ၏။

မျက်လုံးနီနီရဲရဲကြီးနှစ်လုံး မီးပုံအလင်းထဲ ပေါ်လာတော့မှ လူနှစ်ရပ် ကျော်လောက်ရှိမည့် နွားကြီးတစ်ကောင်။

ပို၍အံ့ဩတုန်လှုပ်စရာကောင်းတာက နွားကြီးပေါ်မှာ မိန်းမ တစ်ယောက် ခွစီးပြီး ထိုင်နေသည်ကိုလည်း တွေ့မြင်လိုက်ကြ၏။

ထိုမိန်းမက ဆံပင်ကို ဖားလျားချထားပြီး ခေါင်းကို ငုံ့ထားသဖြင့် မည်သူမှန်းတော့မသိ။ ဖိုးတုတ်နှင့်အောင်ထူး နှစ်ယောက်သား အရဲစွန့်ပြီး ရှေ့တိုးကြည့်ကာမှ ထိုမိန်းမက ခေါင်းကိုတဖြည်းဖြည်း ထောင်လာပြီး တစ်ပတ်လှည့်ပြလိုက်လေ၏။

'ဂျတ်...ဂျတ်' ဆိုပြီး အသံများပင်မြည်သွားသေး၏။သူတို့ နှစ်ယောက်ကို ပြုံးပြလိုက်တော့ ပါးစပ်ထဲမှလောက်ကောင်များကျလာ၏။

ဖိုးတုတ် သေးများပင်ထွက်ကျကုန်ပြီ။ အောင်ထူးဆို အပေါ်သွား နှင့် အောက်သွား 'တဂတ်ဂတ်' နှင့် သွားချင်းရိုက်နေပြီ။

''သ...သ...သ...ရဲ''

''ပြေး...ပြေး''

နှစ်ယောက်သား ကြောက်ကန်ပြီး အော်ပြေးသွားလိုက်တာ များ မြန်လို့။

နွားကြီးက ရွာထဲဝင်ဖို့လုပ်လေရာ တစ်စုံတစ်ခုက တားဆီးနေ၍ ဝင်ခွင့်မရ။ နွားကြီးပေါ်မှမိန်းမသည်လည်း လွင့်ထွက်သွားလေ၏။

ကျီးကန်းတွေကလည်း 'တအအ' နှင့် အော်ပြီး သချိုင်းဘက်သို့ ပျံသန်းသွားကာ နွားကြီးလည်းအမှောင်ထုထဲ ပြေးဝင်ပျောက်ကွယ်သွား တော့ပြန်၏။

× × ×

နောက်တစ်နေ့နေ့က်။

ဖိုးတုတ်နှင့် အောင်ထူး သူ့ရဲကောင်းကြီးနှစ်ယောက် မနည်းကို နှာနှပ်ယူရ၏။ ဘာမေးမေး မေးလို့မရ၊ အောင်ထူးဆို နွားမြင်တာနှင့် လန့်နေ၏။ ဖိုးတုတ်ခမျာလည်း ရူးသလိုလို ကြောင်သလိုလိုကို ဖြစ်နေ၏။

"ဒီကိစ္စ ပေါ့ပေါ့တန်တန် မဟုတ်ဘူးနော် သူကြီး"

"ကျုပ်လည်း အဲဒါကို စဉ်းစားမရ ဖြစ်နေတာ"

"သူကြီး…ဗျို့…သူကြီး"

"လှကြိုင်ပါလား၊ ဘာလဲကွ"

လှကြိုင်က သူကြီးအနားနားကပ်ပြီး တိုးတိုးလေး ပြောလိုက်၏။ သူကြီးက နားထောင်ပြီး ခေါင်းတညိတ်ညိတ်။

× × ×

"တောက်"

ဒါ တိုက်မောင်းရဲ့ တောက်ခေါက်သံ။ သေသေချာချာကို စီရင်ထားပါလျက် ဘယ်လိုအရာက သူ့ကို ထိုးနှက်လိုက်ရပါသနည်း။ ညီမ

အတွက် လက်စားမချေရမချင်း သူနေလို့ထိုင်လို့ ရမှာမဟုတ်။ နောက်ပြီး ဒီပညာရပ်ကို သင်ကြားခဲ့တာ ညီမဖြစ်သူအတွက် လက်စားချေဖို့မဟုတ်လား။

တကယ်တော့ တိုက်မောင်း ရွာမှကိုးနှစ်တိတိ ပျောက်သွားခဲ့တာ တခြားအကြောင်းတော့ မဟုတ်။ အမေနှင့် ညီမဖြစ်သူအတွက် ရှက်ပြီး ရွာမှပျောက်သွားခြင်းပင်ဖြစ်၏။ အဲဒီနောက်ပိုင်း လူတစ်ယောက်နှင့်ပေါင်းမိကာ တိုက်မောင်းနေယ်စုခဲ့ရပြန်၏။ တိုက်မောင်းနှင့် ပေါင်းမိသည့်လူက ဆေးဆရာယောင်ယောင် ဘာယောင်ယောင်နှင့် နောက်တော့မှ ယောနယ်ဘက်က အောက်လမ်းဆရာတစ်ဦးမှန်း တိုက်မောင်းသိခဲ့ရ၏။

ထိုဆရာကပဲ တိုက်မောင်းကို အောက်လမ်းပညာရပ်တွေ သင်ပေး၏။ ရှက်မှု၊ နာကျင်မှုတွေနှင့် တိုက်မောင်း အောက်လမ်းပညာကို ရေကုန်ရေခမ်းသင်ယူ၏။ အချိန်ကြာလာသည်နှင့်အမျှ ဆရာထက်တပည့် လက်စောင်းထက်လာကာ ထိုဆရာက သူနှင့် လမ်းခွဲစေ၏။

နောက်ပိုင်း ဒီပညာရပ်တွေနှင့် တိုက်မောင်းရွာပြန်လာခဲ့၏။

သို့သော် တိုက်မောင်းအား မကောင်းသော အောက်လမ်းပညာ တတ်မြောက်နေသူဟူ၍ တစ်ရွာလုံး မည်သူမျှမသိကြချေ။ သချိုင်းဇရပ်ပေါ်မှ တိုက်မောင်းကို ချောင်းကြည့်နေသူများက သူကြီးဦးဆောင်တဲ့အဖွဲ့။

"အခုထိ ဘာမှမထူးသေးဘူး၊ မင်းတို့ သူ့ကို ရအောင်စောင့်

ကြည့်ထား"

သူကြီးက စိတ်ချရလောက်မည့်သူများကိုသာထားခဲ့ပြီး ကျန်လူများကိုခေါ်ကာ ရွာဘက်ပြန်လာခဲ့၏။ ယနေ့ညအတွက် လုံခြုံရေးကို လူအင်အားများများနှင့် စောင့်ရမည်။

ညဦးပိုင်းအထိ တိုက်မောင်း လှုပ်ရှားမှုကို မမြင်ရသေး။ တိုက်မောင်းကို စောင့်ကြည့်နေသူများလည်း ခြင်တွေ၊ ဖြုတ်တွေကိုက်လို့ ယားယံလှပြီ။ ဒီလိုနှင့် ညသန်းခေါင်ရောက်တော့…

"အူ…အူ…ဝူ…အူ"

ခွေးအူသံကြီးက ချောက်ချားဖွယ်ရာ ထွက်ပေါ်လာသဖြင့် အားလုံး တွန့်သွားကုန်ကြ၏။

"ဟာ…ဟိုမှာကြည့်စမ်း"

တစ်ယောက်က လက်ညှိုးထိုးပြလိုက်၍ အားလုံးက ရေပ်ပေါ်အကြည့်များ ရောက်သွားကုန်ကြ၏။

"ဗြတ်စွာဘုရား…"

တိုက်မောင်း လက်နက်ဖက်ကို ဆန့်တန်းပြီး ကောင်းကင်ကို မော့ကြည့်နေရာမှ သူ့ခန္ဓာကိုယ်သည် တဖြည်းဖြည်းနှင့် ကွယ်ပျောက်သွားပြီး မြောက်မြားစွာသော ကျီးကန်းများက 'တအအေ' နှင့် အော်ကာ ရွာဘက်သို့ ပျံသန်းသွားသည်ကို အားလုံးတွေ့မြင်လိုက်ကြရ၏။

"အ…အ…အ…အ"

"အား…အား…အား"

"ကျီးတွေပါလားဟ"

"ထူးဆန်းတယ်ဟော့၊ တို့ရွာပေါ်မှာပဲ ဝဲပျံနေတာကွ"

ရွာထဲရှိ လုံခြုံရေး ကာလသားများပင် အမှတ်တမဲ့ ရောက်ရှိလာသည့် ကျီးကန်းအုပ်ကိုကြည့်ပြီး အံ့သြနေကြ၏။

ညပိုင်း လုံခြုံရေးယူနေသည့် ကင်းသမားများကို စစ်ဆေးရန် ရွာလူကြီးတစ်ယောက် ဓာတ်မီးတစ်လက်နှင့် လျှောက်လာရာ တစ်နေရာရောက်သော်…

"ဖူး…ဖလူး"

ဆိုပြီး နှာမှုတ်သံကြီးနှင့်အတူ လွန်စွာမှ ကြီးမားလှသည့် နွားကြီးတစ်ကောင် ရှေ့မှာပေါ်လာရာ ရွာလူကြီး မျက်လုံးပြူးမျက်ဆံပြူး ဖြစ်သွား၏။ နွားကြီးက ရွာလူကြီးကို အသေအချာ စိုက်ကြည့်နေလျက်။ နွားကြီးမျက်လုံးနှစ်လုံးကလည်း နီရဲပြီး ပတ္တမြားနှစ်လုံးတည့်ထားသလားတောင် ထင်မှတ်ရပေ၏။

"အား…အား…အား"

"အ…အ…အ"

ကျီးအုပ်ကလည်း ရွာလူကြီးအပေါ်မှာသာ ဝဲပျံနေကြလေ၏။

ရွာလူကြီး အရမ်းကိုတုန်လှုပ်နေပြီ။ ဒီနွားကြီးက ဘယ်ကနွားလဲ။ ကျီးတွေကလည်း ညကြီးအချိန်မတော် သူ့အပေါ်မှာ ဘာလို့ဝဲပျံနေရတာလဲ။ စဉ်းစားလို့မှ မဆုံးသေး…။

"ဘွတ်အဲ"

နွားကြီးက ခွာကို သုံးခါယက်ပြီး ရွာလူကြီးကို ပြေးဝှေ့တော့၏။ ရွာလူကြီးခမျာ အော်ချိန်ပင်မရလိုက်။ ချိုပေါ်မှာ ကားယားကြီးပါသွားကာ အူများပင် အထွေးလိုက်ကျလာ၏။ နွားကြီးကလည်း ရွာလူကြီးကို မသေမချင်း ချိုနှင့်အားရပါးရ ဝှေ့ပြီးမှ အမှောင်ထုထဲသို့ဝင်ပြီး ပျောက်ကွယ်သွားတော့၏။ ထို့အတူ ကျီးအုပ်လည်း သချိုင်းဘက်သို့ ပြန်လှည့်ပျံသန်းသွားလေတော့၏။

x x x

ရွာလူကြီး ဗိုက်ပေါက်အူပွင့်ပြီး သေပြီဆိုတဲ့သတင်းက တော်တော်လေးကို တုန်လှုပ်ချင်စရာ။ သက်ဆိုရာ ရဲတွေပင် ခေါင်းရှုပ်ချင်စရာကောင်းလှ၏။ ရွာလူကြီး အလောင်းဘေးနားတွင်တော့ နွားခြေရာများမှလွဲ၍ တခြားဘာမှမရှိ။ ဒါဆို ရွာလူကြီးကို…။

တိုက်မောင်း နွားအရုပ်လေးကိုကြည့်ပြီး မျက်ရည်များပင် ကျလာ၏။ လက်စသတ်တော့ သူ့ညီမကို ရွာလူကြီးကိုယ်တိုင် စော်ကားခဲ့တာကိုး။ ယခု ဒင်း ဘာတတ်နိုင်သေးလဲ။

"ငါ့ညီမအတွက် ငါတာဝန်ကျေပြီ၊ ငါတို့ကို ရှုံ့မုန်းခဲ့တဲ့ တစ်ရွာလုံးကို အမျိုးဖြုတ်ဖို့ပဲ ကျန်တော့တယ်၊ တိုက်မောင်းတဲ့ပေါ့ တစ်ရွာလုံးရေပါထောင်းသောက်သွားစေရမယ်ကွ"

ဟု ကြုံးဝါးလိုက်သံက သချိုင်းအတွင်း ပဲ့တင်ထပ်ဟိန်းထွက်သွား၏။

(မှတ်ချက် ။ ။ တိုက်မောင်းညီမ မိငယ်အား ရွာလူကြီးဘာကြောင့် စော်ကားခဲ့သနည်းဆိုတာ စာတ်အိမ်ဖွဲ့ပြီး ရှင်းပြလျှင်…)

အဲဒီနေ့က ရွာလူကြီး ဒီကောင်မလေးကိုမြင်ပြီး ရင်ထဲဘယ်လိုဖြစ်မှန်းမသိ။ ကောင်မလေးရဲ့ နောက်ပိုင်းအလှက ရွာလူကြီးကို တံတွေးခဏခဏ မျိုချမိစေ၏။ ရွာလူကြီးတစ်ယောက် တဏှာက ငယ်ထိပ်ရောက်နေပြီ။ ကြံစမ်း…စားရသောက်ရဖို့အရေး။

ဟုတ်ပြီ။ မိငယ် ဒီလမ်းကပြန်လာနေကျ။ ဒါကို သူသိသည်။ ဒါကြောင့် ပုန်းပြီး မိငယ်ပြန်အလာကို စောင့်ကြည့်နေလိုက်၏။ အနည်းငယ်မှောင်စပျိုးတော့ မိငယ်ပြန်လာသည်ကို ရွာလူကြီး တွေ့လိုက်ရ၏။ ဘေးဘီကို တစ်ချက်ရှိုးလိုက်တော့ အားလုံးအရှုပ်အရှင်းကင်း၏။

မိငယ်အနောက်ကနေ အသာလေး လျှောက်ကပ်ပါလာပြီးမှ လက်ဝါးစောင်းနှင့် အားပြင်းပြင်းပိတ်ရိုက်ချလိုက်၏။ ယောကျ်ားအားနှင့် မိငယ် ခွေကနဲလဲကျသွား၏။

လှလိုက်တာ။ ရွာလူကြီး သွားရည်ပင်ကျလာလျှက်။ ပွဲတော်

အုပ်ကို ခွေးစားတော့မည့်ပုံပင်။ အပျိုရိုင်းလေးတစ်ယောက်ရဲ့ ဘဝကို တဏှာ၊ ရာဂ ကပ်နေသည့် လူ့ဘီလူးမှ ချေမွဖျက်ဆီးပစ်လိုက်လေပြီ။

ဤကား မိငယ် စော်ကားခံခဲ့ရသည့် ဇာတ်ကြောင်းတည်း။

× × ×

တစ်နေ့ ရွာထဲမှမိပုဆိုသည့်မိန်းမတစ်ယောက်အား ပုဂ္ဂိုလ် တစ်ယောက်ကဝင်ပူးတော့၏။ ဘာမဆိုင်ညာမဆိုင် ကောက်ကာငင်ကာ ကြီး အပူးကပ်ခံရသည်မို့ သူ့ယောက်ျားပင် လန့်ဖျပ်သွား၏။ ချက်ချင်း နတ်ကတော် ဒေါ်စိန်ကို ခေါ်ပြီး မေးမြန်းရတော့၏။ ဘေးပတ်ဝန်းကျင် အိမ်များကပါ လာရောက်ကြည့်ရှုကြ၍ တစ်ခဏချင်း လူအများဖြင့် စည် ကားသွားတော့၏။

"အခုဝင်လာတဲ့ ပုဂ္ဂိုလ်က ဘယ်သူပါလဲ၊ သမီးတော်ကို မိန့်ကြား ပါရှင်"

နတ်ကတော် ဒေါ်စိန်က ပုဂ္ဂိုလ်အား မေးလိုက်၏။

"ငါ ဘယ်သူဆိုတာ နင်တို့ သိစရာမလိုဘူး၊ နင်တို့တစ်ရွာလုံး ကာလနာမတိုက်ချင်ရင် ငါပြောသလိုသာလုပ်"

"ဟုတ်...ဟုတ်ကဲ့ပါ၊ ဘယ်လိုလုပ်ရမလဲဆိုတာ ဆက်လက်မိန့် ကြားပါ"

"နင်တို့ရွာကို ပြန်ရောက်လာတဲ့အကောင်က နယ်နယ်ရရတော့

မဟုတ်ဘူး၊ မှော်အတတ်နဲ့ စုန်းပညာကို အောင်မြင်ထားတဲ့အကောင်၊ အောက်လမ်းပညာလည်း တတ်တယ်၊ သူက သူ့ညီမအတွက် လက်စားချေဖို့ ပြန်ရောက်လာတာ"

ဟု ရှင်းပြတော့မှ အားလုံးထိတ်လန့်ကုန်ကြ၏။ မိပုကို ဝင်ပူးနေသည့် ပုဂ္ဂိုလ်ကဆက်လက်၍…

"သူက သူ့ညီမအတွက် သူစီရင်ထားတဲ့တိုက်ရွှာနဲ့ အဲဒီလူကို အစုသတ်ပြီးသွားပြီ၊ မကြာခင် နင်တို့ရွာအလှည့် ရောက်လာတော့မှာ၊ နင်တို့ရွာထဲ ဝင်နေတဲ့သူ့ရဲ့တိုက်ရွှာကို 'တံစူးဝါး'နဲ့ပဲသတ်လို့ရမယ်"

ဟု ပြောပြီး ပုဂ္ဂိုလ်ထွက်သွား၏။ မိပုလည်း ခေါင်းကြီးငိုက်စိုက်ကျလျက် သူ့ကိုယ်သူဘာဖြစ်လို့ဖြစ်မှန်းမသိ။ 'တံစူးဝါး' ဆိုတာက လူသေကောင်မီးရှို့ရာမှာ ထိုးဆွသည့် ဝါးမျိုးဖြစ်ပြီး ထိပ်မှာအချွန်ပါ၏။ ရွာသားတွေ ဘယ်ကဘယ်လို သွားရှာလာမှန်းမသိ၊ လိုချင်တဲ့ 'တံစူးဝါး'တော့ ရရှိလာခဲ့ကြ၏။

× × ×

ညရောက်သည်နှင့် တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်လျက်၊ မည်သူမှ အပြင်မထွက်ရ။ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ထွက်မကြည့်ရဟု မှာကြားထားကာ သတ္တိကောင်းလှသည့် ကာလသားလေးငါးယောက်ကို ဦးဆောင်သူက ကာလသားခေါင်းကိုကြီးထွန်း။

ဒီလိုနှင့် ကင်းပုန်းဝပ်ပြီး အခြေအနေကို စောင့်ကြည့်နေကြစဉ်မှာပဲ…

"ဘွတ်…အဲ"

ဆိုပြီး နွားအော်သံကြီးက ထွက်ပေါ်လာရာ အားလုံး အသံလာရာကို ကြည့်မိလိုက်ကြ၏။ နွားကြီးတစ်ကောင် ကြီးလိုက်တာလည်း လွန်ရော။ မျက်လုံးကြီးတွေဆို နီရဲနေတာများ။ နွားကြီးက သူတို့ဘက်ကို လာနေ၏။

"ထွက်ကွာ"

ကိုကြီးထွန်း ကင်းပုန်းဝပ်နေရာမှ ခုန်ထွက်လိုက်၏။ ကျန်လူများလည်း ကိုကြီးထွန်းနောက်မှာ။ နွားကြီးက သူတို့ကို အသေချာ ကြည့်ပြီး ဝှေ့ရန် ပြေးလာနေ၏။

"အ…အ…အ"

"အား…အား…အား"

ကျီးကန်းတွေကလည်း ဘယ်ကဘယ်လို ရောက်ရှိလာမှန်း မသိ။ ကိုကြီးထွန်းတို့ ခေါင်းပေါ်မှာ ဝဲပျံနေလေ၏။ ကိုကြီးထွန်းက 'တံစူးဝါး' ကို အသေချာကိုင်ပြီး ဝှေ့ရန် ပြေးလာနေသည့် နွားကြီးကို ရှောင်လိုက်ကာ တံစူးဝါးနှင့် နွားကြီးဗိုက်ကို ထိုးချလိုက်တော့၏။

"ဝူး…ဝူး…ဘွတ်အဲ"

ဟု အော်ပြီး နွားကြီး လဲကျသွားတော့၏။

"အူ…အူ…အူ…ဝူ…ဝူ"

"အ…အ…အ…"

"အား…အား…အား"

ခွေးအူသံ၊ ကျီးအော်သံတွေက ကြောက်မက်ဖွယ်ရာ ထွက်ပေါ်လာပြီးမကြာမီ၊ အသံများ ပြန်လည်တိတ်ဆိတ်သွားလေတော့၏။ ကိုကြီးထွန်းက နွားကြီးဗိုက်မှတံစူးဝါးကို ဆွဲနှုတ်လိုက်ရာ…

"ဟာ"

"ဟင်"

ဆိုပြီး အားလုံး အံ့သြကုန်ကြ၏။

စောစောက နွားကြီးမှာ ယခုမူ နွံ့နွားရုပ်တစ်ရုပ် ဖြစ်နေသည်ကို အားလုံးတွေ့မြင်လိုက်ရခြင်းဖြစ်၏။

× × ×

မနက်ရောက်သည်နှင့် ရွာဦးကျောင်းဆရာတော်ကြွလာပြီး နွံ့နွားရုပ်လေးကို ကြည့်ကာ…

"လောကီအရေး အင်မတန်ရှုပ်ထွေးလှသကိုး၊ ဒီနွားရုပ်ကိုတိုက်နွားလို့ ခေါ်တယ်၊ သူ့ကို ပြုလုပ်တော့မယ်ဆိုရင် အောက်လမ်းပညာနဲ့ ပြုလုပ်ရို့ရတာ"

ဟု ရှင်းလင်းမိန့်ကြား၏။

"ဒါဖြင့် တိုက်မောင်းက တိုက်ဖွားကို သူ့အောက်လမ်းပညာတွေနဲ့ ပြုလုပ်ပြီး သူ့ညီမကို စော်ကားတဲ့လူကို ရှာစေတာပေါ့နော် ဘုရား"

ဒါက ကိုကြီးထွန်းရဲ့ လျှောက်တင်တဲ့ အမေးစကား။

"မှန်တာပေါ့ကွယ်၊ တိုက်ဖွားပြုလုပ်ပြီးပြီ ဆိုတာနဲ့ လိုသလို ခိုင်းစေတော့ပဲ၊ သူလက်စားချေရမယ့်လူကို မတွေ့တွေ့အောင် ရှာဖို့ကို လည်း ပြုလုပ်စီရင်သူက မှာကြားထားပြီးသား၊ မမြင်ရတဲ့ အစီအရင် အစွမ်းတွေနဲ့ပေါ့၊ နောက်ပြီး ဒကာတိုက်မောင်းကလည်း အဲဒီပညာရပ်ကို တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်လာခဲ့တာ မဟုတ်လား၊ ကဲ ကဲ အဲဒီဖွားရုပ်ကို ကျင်းနက်နက်တူးပြီး မြေမြှုပ်ပစ်လိုက်ကြပါကွယ်"

ရွာသားတွေလည်း ဆရာတော် မိန့်ကြားသည့်အတိုင်း ဖွားရုပ်ကို ကျင်းတူးပြီး မြေမြှုပ်ပစ်လိုက်ကြတော့၏။

ထိုအခိုက်...

"မပေး...မပေး...ပေးပေး...ငါ့ညီမလေး ပြန်ပေး"

ဟု ဆိုပြီး အရူးတစ်ယောက် ခုန်ပေါက်ပြေးလွှားကာ အော် ဟစ်ပြေးလာနေ၍ အားလုံး ကြည့်လိုက်ကြ၏။ တိုက်မောင်း။

"တိုက်မောင်းပါလား"

ဟုတ်ပါသည်။ တိုက်မောင်း...ဘယ်ပုံ ဘယ်လိုကြောင့် အရူး

တစ်ယောက်လို ဖြစ်သွားခဲ့ရသနည်း။ ဒါကိုဘယ်သူမှမသိ။ မည်သူ တစ်ဦး တစ်ယောက်မျှ သိနိုင်ကြမည် မဟုတ်ချေ။

**နတ်လူသစ်**





# မိစ္ဆာကျောက်ရုပ်တစ္ဆေ

စိုးမိုးနိုင်

အကြောင်းတိုက်ဆိုင်စွာဖြင့် လွန်ခဲ့သော နှစ်(၅၀)ကျော် ကာလက ချင်းပြည်နယ်သို့ ကျွန်ုပ် ကျောင်းဆရာဘဝဖြင့် သွားရောက် သင်ကြားခဲ့စဉ်ကာလက အဖြစ်အပျက်လေးတစ်ခုကို အမှတ်မထင်

အရှေ့ဘက်ကောင်းကင် စာပေ

ပြန့်ဖြင်ယောင်နေမိတော့၏။ တစ်ကြိမ်၌ ကျွန်ုပ်သည် ဒေသခံမိတ်ဆွေ ကျောင်းဆရာလေး ကိုဖိုးထွေး၏ ဖိတ်ခေါ်ချက်အရ ယဉ်ကျေးမှု မထွန်းကားသေးသော(လူရိုင်းတစ်ပိုင်း) နာဂတိုင်းရင်းသားများ နေထိုင်ရာ "လင်းခေါင်(မ်)" မည်သော ကျေးရွာလေးသို့ အလည်အပတ်အနေဖြင့် ရောက်ရှိခဲ့ရ၏။ ထိုအခါ အနော်ရထာမင်းလက်ထက် ပုဂံခေတ်အခါက အသိဉာဏ်မကြွယ်ဝသေး၊ သူတို့ ကိုးကွယ်ကြသော ပုဂံပြည်သူပြည်သားများနှင့် ခေါင်းပုံဖြတ် ဂုဏ်သွေးစုပ် ခြယ်လှယ်မင်းမူခဲ့ကြသော အရည်းကြီးများလို အဖြစ်မျိုးကို ရင်နာဖွယ် ထိုဒေသ၌ တွေ့ရှိခဲ့ရလေ၏။

အကြောင်းမူကား တစ်နေ့သ၌ ကျွန်ုပ်သည် နာဂကျေးရွာလေးအတွင်း အလည်အပတ် ရောက်ရှိနေခိုက် ပျင်းရိလှသည်နှင့် ရွာထဲသို့ တစ်ယောက်တည်း စနည်းနာရန် ထွက်ခဲ့လေ၏။ ထိုအချိန်တွင် ကျွန်ုပ်နှင့်အတူပါလာသူ ကိုဖိုးထွေးမှာကား နာဂရွာသူကြီး ရှီးရခီးနှင့် စကားလက်ဆုံကျနေသတည်း။

ကျွန်ုပ်မှာမူ ပြာရီမှိုင်းနေသော တောင်တန်းပြာကြီးများကြားတွင် တည်ရှိသော ငှင်းရွာလေး၏ သာယာလှပသော နံနက်ခင်းအလှကို ခံစားရင်း တစ်ဦးတည်း လမ်းလျှောက်လာခိုက် မင်္ဂလာရှိသော နံနက်ခင်း၏ အလှအပကို ပျက်စီးသွားစေသော၊ တစ်နည်းအားဖြင့်

လွန်စွာအရုပ်ဆိုး အကျည်းတန်စေသော မြင်ကွင်းတစ်ခုကို မမျှော်လင့်ဘဲ ရုတ်တရက် ကြုံဆုံလိုက်ရ၏။

ဤအရာကား လင်မယားဖြစ်ဟန်တူသော နာဂတိုင်းရင်းသားနှစ်ဦးသည် လူမျက်နှာပုံနှင့်(ခြေ၊ လက် မပါ) ကျောက်တိုင်သဏ္ဍာန် အရုပ်ကြီးတစ်ခုရှေ့၌ ဒူးတုပ်ထိုင်လျက် အနေအထားဖြင့် ရှိခိုးဦးချနေကြသည်ကို အံ့ဩသင့်ဖွယ် တွေ့မြင်လိုက်ရ၏။ ထို့ပြင် ၎င်းကျောက်ရုပ်ကြီး ရှေ့မှောက်၌ ဖယောင်းတိုင်၊ အမွှေးတိုင် စသည်များ ထွန်းညှိပူဇော်ထားသည်ကို တွေ့ရပြီး ၎င်းကျောက်ရုပ်ကြီး၏ မျက်နှာပေါက်မှာကား လွန်စွာခက်ထန် ရုပ်ဆိုးလှပေ၏။ တစ်နည်းအားဖြင့်ဆိုသော် လွန်စွာရက်စက်ကြမ်းကြုတ်မည့် အသွင်သဏ္ဍာန်ကဲ့သို့ အသက်ဝင် လက်ရာမြောက်လှပေသည်။

ကျွန်ုပ်မှာ ပင်ကိုစရိုက်အားဖြင့် စပ်စုမေးမြန်းတတ်သူ ဖြစ်ရကား ထိုလင်မယားအား ၎င်းကျောက်ရုပ်ကြီးနှင့် ပတ်သက်၍ အနည်းငယ် တီးခေါက်ကြည့်မိချေ၏။

"ဗျို့...နောင်ကြီးတို့၊ ဒါ ဘာလုပ်နေကြတာလဲခင်ဗျာ"

ထိုအခါ အမျိုးသားဖြစ်သူ နာဂကြီးက ကျွန်ုပ်အား 'အလုပ်ရှုပ်ရန်ကော' ဟု အဓိပ္ပာယ်ရသော ရှုတည်တည်အကြည့်မျိုးဖြင့် စိုက်ကြည့်ရင်း...

"မင်းကြည့်ရတာ ဒီဒေသက မဟုတ်ဘူးနဲ့တူတယ်"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်က မြို့ကနေလာတဲ့ ကျောင်းဆရာလေးပါ၊ ဒီပြည်နယ်မှာ တာဝန်ကျလို့ပါခင်ဗျာ"

ဟု ယဉ်ကျေးစွာ ပြန်ဖြေလိုက်၏။

ကျွန်ုပ်စကားကြောင့် နာဂကြီးမှ တစ်ချက်ပြုံးလိုက်ပြီး…

"သြော်…ဒါကြောင့် မင်းက ဒီရွာရဲ့ ဓလေ့ထုံးစံတစ်ခုကို မသိတာကိုး"

"ဗျာ…ဓလေ့ထုံးစံ ဟုတ်လား"

"ဟုတ်တယ် ကောင်လေး၊ အခု ငါတို့ရွာမှာ မိုးခေါင်ရေရှားနေတယ်၊ ဒါကြောင့် အခု မင်းတွေ့နေရတဲ့ နတ်မင်းကြီးရုပ်တုကို တစ်ပတ် တစ်ခါ ဆိတ်တစ်ကောင် ပူဇော်နေရတယ်"

"ဟာဗျာ၊ ဒီလိုကျောက်ရုပ်ကြီးကို ပူဇော်နေလို့ ဘာအကျိုးရှိမှာတုန်းဗျ"

ကျွန်ုပ်စကားကြားလိုက်ရသော ၎င်းနာဂကြီးမှာ ကျင်စက်နဲ့ အတို့ခံလိုက်ရသူပမာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်ကို တွေ့လိုက်ရ၏။ ထို့ပြင် ၎င်း၏မျက်နှာသည် ကျောင်းအုပ်ဆရာကြီး ရှေ့မှောက်၌ အပြစ်လုပ်မိသော ကျောင်းသားလေးအသွင်ကဲ့သို့ အငြိုငြင်ခံရမည်ကို စိုးရိမ်သွားသော အမူအရာများ ဖြစ်ပေါ်သွားသည်ကိုလည်း တွေ့ရ

လိုက်၏။

"ဟာ…မင်း ဘယ်လိုပြောလိုက်တာလဲ ကောင်စုတ်လေး၊ အိုး…နတ်မင်းကြီး မသိလို့ပြောမိတဲ့ ဒီအမိုက်အမဲလေးရဲ့ စကားကို ဗွေမယူပါနဲ့ တန်ခိုးရှင်ကြီးရယ်၊ ကျွန်တော်မျိုး တောင်းပန်ပါတယ်"

ကျွန်ုပ်မှာမူ နာဂတိုင်းရင်းသားကြီး၏ အပြုအမူကြောင့် အံ့ဩသင့်ခြင်းစိတ်တစ်ဝက်၊ ရယ်မောလှောင်ပြောင်ချင်စိတ်က တစ်ဝက်နှင့် ရင်ထဲ၌ ဝေဒနာတစ်မျိုး ဖြစ်ပေါ်သွား၏။ သို့သော် နာဂကြီး၏ နောက်ဆက်တွဲစကားတို့ကြောင့် ကြောက်ရွံ့တုန်လှုပ်စိတ်တို့က အစားထိုးနေရာယူ ဝင်ရောက်သွားကြပြန်၏။

"မင်းက ညီသည်ဆိုတော့ မသိရင်မှတ်ထားပေါ့ ကောင်လေးရာ၊ ငါတို့ အခုလို ဒီနတ်မင်းရုပ်တုကြီးကို ပူဇော်နေရတာ အကြောင်းရှိတယ်ကွ၊ တစ်ခါက ဒီနတ်မင်းရုပ်တုကြီးရှေ့မှာ တို့ရွာက မောင်ဆိုင်းလုလေးက ဆိတ်ကျောင်းနေရင်းနဲ့ ရုပ်တုရှေ့မှာ ဘာတွေ အမှားလုပ်မိတယ် မသိပါဘူး၊ အဲဒီနေ့ညနေမှာ အကောင်းကြီးကနေ ရုတ်တရက် ထူးထူးဆန်းဆန်း သေဆုံးသွားရရှာတယ်ကွဲ့"

"ဆိတ်ကျောင်းနေရင်းနဲ့ မတော်တဆ ပိုးတွေဘာတွေ ထိသွားတာနေမှာပေါ့ ဦးကြီးရဲ့"

"ဒီလိုထင်ရင်တော့ လုံးဝမှားလိမ့်မယ် မောင်ရင်၊ ကျုပ်နဲ့

ရွာသူကြီးနဲ့ သွားပြီးစစ်ဆေးကြည့်တော့ ဟောဒီရုပ်တုကြီးရဲ့ နှုတ်ခမ်းမှာ မခြောက်သေးတဲ့ သွေးကွက်သွေးစတွေကို တွေ့ကြရတယ်ကွဲ့"

"ဗျာ..."

"ရုပ်တုကြီးရဲ့ နှုတ်ခမ်းမှာ သွေးတွေပေကျံနေတယ် ဟုတ်လား"

"အစစ်ပေါ့ မောင်ရင်ရယ်"

နာဂကြီး၏ စကားကြောင့် ကျွန်ုပ်မှာ ဘာပြန်ပြောရမှန်း မသိအောင်ပင် နှုတ်တို့ ဆွံ့အကုန်၏။ ကိုယ့်နားကိုကိုယ် မယုံကြည်နိုင်အောင် ဖြစ်ခဲ့ရလေသည်။ (မိတ်ဆွေတို့ပဲ စဉ်းစားကြည့်တော့လေ၊ ဒီလို ဘာအသက်ဝိညာဉ်မှ မရှိတဲ့ ကျောက်ရုပ်တုကြီးရဲ့ နှုတ်ခမ်းမှာ သွေးတွေ တွေ့ရတယ်ဆိုတော့ မည်မျှအံ့သြစရာကောင်းပေသနည်း) တစ်ဆက်တည်းမှာပင် ဤဘဒ္ဒကမ္ဘာကြီး၌ ပုထုဇဉ်လူသားတို့ဉာဏ်ဖြင့် လိုက်မမှီသော လျှို့ဝှက်ဆန်းကြယ်မှုတို့ဖြင့် ပြည့်နှက်နေကြသည်ကို တွေးလိုက်မိ၏။

ကျွန်ုပ်၏အတွေးတို့ ဝေခွဲမရဖြစ်နေချိန်၌တွင် တစ်ချိန်လုံးငြိမ်သက်စွာ နားစိုက်ထောင်နေသော နာဂအမျိုးသမီးကြီးက ပါဝင်၍ ပြောလာ၏။

"နောက်ပြီး ရှိသေးတယ် မောင်ရင်လေးရဲ့၊ ဦးအိုက်ပန်းရဲ့

နွားအုပ်ထဲက နွားတစ်ကောင်ဟာလည်း ဒီနတ်မင်းရုပ်တုကြီးရှေ့မှာ မြက်စားနေရင်းနဲ့ ရုတ်တရက် လဲကျသေဆုံးသွားခဲ့ဖူးတယ်၊ အဲဒီနွားကြီး သေဆုံးပုံကလည်း အရမ်းထူးဆန်းတယ်၊ လည်ပင်းမှာ အစွယ်ရာလို အပေါက်ကြီးနှစ်ပေါက်ကို တွေ့ကြရပြီး တစ်ကိုယ်လုံး သွေးစုပ်ခံထားရသလိုမျိုး ဖြူဖပ်ဖြူလျော်ဖြစ်ပြီး သေဆုံးသွားရရှာတယ်လေ"

"သြော်...ကြားရတာတွေက အရမ်းကို အံ့သြဖို့ကောင်းပါတယ်ဗျာ"

"ကဲ...ကျွန်တော့်ကို ခွင့်ပြုပါဦး"

အပြန်လမ်းတစ်လျှောက် စဉ်းစားလာသည်မှာ ကျွန်ုပ်သည် ဝါသနာပါဇာအရ ခက်ခဲနက်နဲသော အရာများ၊ ပြဿနာများကို လေ့လာရသည်။ အဖြေရှာရသည်ကို ကြိုက်နှစ်သက်သောသူ ဖြစ်သည်။ ထို့ကြောင့် ယခု ကြုံတွေ့နေရသော ပဟေဋ္ဌိပုစ္ဆာပမာ ၎င်းပြဿနာ၏ အဖြေအား သိရှိရန် ဆုံးခန်းတိုင်သည်ထိအောင် လိုက်လံလေ့လာတော့မည်ဟု စိတ်ထဲ၌ ခိုင်မာသော ဆုံးဖြတ်ချက်ကို ချမှတ်လိုက်လေတော့သတည်း။

× × ×

"မောင်ရဲခေါင်…မောင်ရဲခေါင်…ထစမ်းပါဦး"

နားစည်ထဲသို့ အသံကြဲဓာနှင့် ပြည့်ဝသော အသံတစ်ခုက အနားနားသို့ကပ်၍ တီးတိုးပြောဆိုလိုက်သည့်နှယ် ကျွန်ုပ်မှာ အိပ်မော ကျနေရာမှ ရုတ်တရက် လန့်၍နိုးသွားရ၏။ လဲလျောင်းနေရာမှ အသံ လာရာဆီသို့ ကိုယ်ကို စောင်းငဲ့၍ ကြည့်လိုက်မိတော့ ခေါင်းပေါင်း အဖြူပေါင်းထားပြီး ဝတ်ဖြူစင်ကြယ် ဝတ်ဆင်လျက် ညာဘက်လက်၌ နဂါးဦးခေါင်းပုံနှင့် တောင်ဝှေးတစ်ချောင်းကို ကိုင်ထားသော အသက် (၇၀)အရွယ်ခန့်ရှိ အဘိုးအိုတစ်ဦးကို ထူးဆန်းစွာ တွေ့မြင်လိုက်ရ၏။

နံရံထက်မှ နာရီမှ တစ်ချက်ချက်နှင့် ရွေ့လျားသွားနေသည်။ အချိန်အနည်းငယ်မျှ လက်တံက အံ့ဩမှင်တက်မိနေမိ၏။ ထိုအခါ ၄င်းအဘိုးအိုမှ…

"မောင်ရဲခေါင် ကြည့်ရတာ အရမ်းအံ့ဩနေတယ်နဲ့တူတယ်၊ သိပ်မအံ့ဩပါနဲ့၊ ကျုပ်က မောင်ရဲခေါင်ရဲ့ ပဋ္ဌာန်းဆက်ပုဂ္ဂိုလ် တစ်ဦး ပါ"

"ဗျာ…၊ အဘက ကျွန်တော်နဲ့ ပဋ္ဌာန်းဆက် ဟုတ်လား"

"အမှန်ပါပဲကွယ်"

"ဪ…ဒါနဲ့ အဘက ကျွန်တော့်ဆီကို ဘာအကြောင်း ကြောင့် ကြွရောက်လာရပါသလဲဆိုတာ သိချင်ပါတယ်ခင်ဗျာ"

"အိမ်း…ပြောပြမှာပေါ့ကွယ်၊ လာရင်းကိစ္စကို ပြောပြချင်လွန်းလို့ပဲ အခုလို မောင်ရင့်ဆီကို ကျုပ် အရောက်လာခဲ့တာပေါ့ကွယ်"

"ဘယ်အကြောင်းများပါလိမ့် အဘရယ်"

"အကြောင်းကတော့ ဒီရက်တွေအတွင်း မောင်ရဲခေါင်မှ စိတ်ထဲမှာ ဒွိဟဖြစ်နေတဲ့ 'လင်းခေါင်ရွာ' က လူပုံသဏ္ဍာန် ကျောက်ရုပ်ကြီးအကြောင်းကို အဘက ပြောပြချင်လို့ပေါ့ကွယ်"

ကျောက်ရုပ်ကြီးဟူသော စကားကို ကြားသည်နှင့် ကျွန်ုပ်၏ မျက်လုံးတို့ အရောင်လက်သွားခဲ့သည်။ သိလိုစောဖြင့် အဘိုးအို ပြောလာမည့် စကားတို့ကို နားစိုက်ထောင်နေမိ၏။

"တကယ်တော့ ဒီကျောက်ရုပ်ကြီးဟာ နာဂလူမျိုးတွေ ထင်သလို နတ်ဒေဝါတစ်ဦး ဝင်ပူးစီးနေတဲ့ အရုပ်ကြီးတော့ မဟုတ်ပါဘူး လူကလေးရယ်၊ အရမ်းကို စရိုက်ဆိုးသွမ်းရက်စက်တဲ့ နတ်မိစ္ဆာ၊ တစ်နည်းပြောရရင် သက်တမ်းရင့် ဖုတ်တစ္ဆေတစ်ကောင် ဝင်ပူးစီးနေတဲ့ အရုပ်ကြီးပါ"

"ဗျာ၊ သက်တမ်းရင့် ဖုတ်တစ္ဆေကြီး ဟုတ်လား အဘ"

"အစစ်ပဲ မောင်မဲခေါင်၊ အရုပ်ကြီးမှာ အခုပူးကပ်နေတဲ့ တစ္ဆေကြီးရဲ့ သက်တမ်းဟာ နှစ်ပေါင်း(၂၀၀)ကျော်ပြီကွဲ့၊ သူဟာ လူ့ဘဝမှာ ရှိစဉ်အခါတုန်းက အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ

လက်ထက် နာမည်ကြီး ဓားပြခေါင်းဆောင်တစ်ဦးပေါ့ကွယ်၊ နောက်တော့ ဘုရင့်အမိန့်နဲ့ ရဲမက်တွေက သုတ်သင်ရှင်းလင်းဖြစ်ခဲ့ကြလို့ အခုလို မကျွတ်မလွတ်တဲ့ တစ္ဆေသရဲဘဝကို ရောက်နေရတာပါ၊ လူ့ဘဝတုန်းက အကုသိုလ်တွေရဲ့ အကျိုးဆက်ပေါ့ကွယ်"

"ဪ...ကျောက်ရုပ်နတ်မိစ္ဆာကြီးရဲ့ အကြောင်းက စိတ်ဝင်စားဖို့ ကောင်းလိုက်တာ အဘရယ်"

"ဒါနဲ့ သူ့ကို နှိမ်နင်းနိုင်မယ့် နည်းလမ်းလေးဘာလေးများ မရှိဘူးလား အဘရယ်"

"သိပ်ရှိတာပေါ့ကွယ်၊ အဲဒီနည်းကို ပြောပြချင်လို့ အဘ လာခဲ့တာပဲ၊ ဒါပေမဲ့ မောင်ရဲခေါင်တို့လို အဘနဲ့ ပဋ္ဌာန်းဆက်ရှိတဲ့ လူက နှိမ်နင်းပေးမှပဲ ရမယ့်ကိစ္စကွဲ့"

"ဟုတ်ကဲ့၊ ပြောမှာသာ ပြောပါ အဘ၊ မသိနားမလည်တဲ့ ရိုးသားတဲ့ လူတွေမှ ရွေးပြီး အနိုင်ကျင့် ရက်စက်တဲ့ ဒီနတ်မိစ္ဆာကောင်ကြီးကို ကျွန်တော်ကိုယ်တိုင် နှိမ်နင်းပေးပါ့မယ်လို့ အဘရှေ့မှာပဲ ကတိပေးပါတယ် အဘ"

"အိမ်း...ဒီစကားမျိုး ကြားရတာ ဝမ်းသာလှသကွယ်၊ နည်းကတော့ ဒီလိုပါ လူကလေး"

အဘိုးအိုမှ တခြားသူများ မသိမကြားစေချင်၍လောမသိ

ကျွန်ုပ်၏ နားနားသို့ကပ်၍ တိုးတိုးညင်သာသော အသံဖြင့် ကျောက်ရုပ် မိစ္ဆာကြီးကို နှိမ်နင်းရမည့် နည်းလမ်းများကို ပြောပြပြီးသည်နှင့် မျက်စိ ရှေ့မှာတင် မျက်လှည့်ပြလိုက်သလို ဖျတ်ကနဲ ပျောက်ကွယ်သွားလေ၏။

ဤနေရာအရောက်တွင် ကျွန်ုပ်လည်း အိပ်မောကျနေရာမှ ဖျတ်ကနဲ လန့်နိုးလာချေ၏။ နာရီကို လှမ်းကြည့်လိုက်မိတော့ ည တစ်နာရီ ထိုးနေပြီဖြစ်သည်။ ကျွန်ုပ်လည်း အိပ်ရာကုတင်ပေါ်၌ထိုင်၊ ချမ်းအေးသောကာလ ဖြစ်သော်လည်း ချွေးများပြန်လျက် ဖော်ပြပါ ထူးဆန်းသော အိပ်မက်အကြောင်းကို တစိမ့်စိမ့် တွေးနေမိတော့၏။

× × ×

နောက်တစ်နေ့ နံနက်ခင်း အရုဏ်အလင်းရောက်သည်နှင့် ကျွန်ုပ်သည် အိပ်မက်ထဲမှ ပဉ္စာန်းဆက်ပုဂ္ဂိုလ် ဝတ်ဖြူစင်ကြယ် အဘိုးအို၏ အကြံပေးကူညီခြင်းကို လက်တွေ့အကောင်အထည်ဖော်ရန် အတွက် ညွှန်ကြားထားသော ပစ္စည်းများကို ယူငင်၍ တာဝန်ကျရာ ချင်းပြည်နယ် ဖလမ်းမြို့မှနေ၍ နာဂတိုင်းရင်းသားရွာ "လင်းခေါင်(မ်)" သို့ တစ်ဦးတည်း ထွက်လာခဲ့တော့၏။

ရွာတွင်းသို့ ကျွန်ုပ်ဝင်ရောက်လာသည့်အချိန်တွင် ရွာသူရွာသား

အချို့ စုရုံးစုရုံး ဖြစ်နေကြသည်ကို တွေ့ရသောအခါ ကျွန်ုပ်မှာ ခရီးသွားဟန်လွှဲ တီးခေါက်ကြည့်မိချေ၏။ ထိုအခါ စကားသွက်ပုံရသော အသက်(၂၀)အရွယ်ခန့်ရှိ နာဂလူငယ်လေးတစ်ဦးမှ…

"ဩော်…အားကိုက အခုမှ ဒီကို ပြန်ရောက်တာဆိုတော့ မသိသေးဘူးနဲ့တူတယ်၊ ပြောရရင်တော့ အားကို ခွင့်ယူပြီး မြို့ကို ခဏပြန်သွားတဲ့အချိန်မှာပဲ တစ်ဖက်ရွာက ကောင်မလေးတစ်ယောက် ငါတို့ရွာက နတ်မင်းကြီး ရုပ်တုရှေ့မှာ အရိပ်ခိုဝင်နားနေရင်းက 'အမယ်လေး ကယ်ကြပါဦးရှင်' လို့ အော်ဟစ်အကူအညီတောင်းရင်း လဲကျသွားတယ်၊ အော်သံကြားလို့ ငါတို့ရွာကလူတွေ ရောက်သွားတဲ့ အချိန်မှာ အဲဒီမိန်းကလေးဟာ အသက်မရှိတော့ဘူး၊ အံ့သြဖို့ကောင်းတာက သူ့ရဲ့ကျောကုန်းမှာ ကြီးမားတဲ့ လက်ငါးချောင်းရာကြီး စွဲထင်ကျန်နေတာပဲ အားကို"

နာဂတိုင်းရင်းသားလေးမှ ကျွန်ုပ်အား စိတ်ရှည်စွာဖြင့် စီကာပတ်ကုံး ပြောပြနေ၏။ ကျွန်ုပ်မှာမူ 'ငါလာတာ အနည်းငယ် နောက်ကျသွားတယ်' ဟု စိတ်မကောင်းစွာ တွေးတောနေမိ၏။ တစ်ဆက်တည်းပင် "ဒီနတ်မိစ္ဆာကောင်ကြီး" အား ယနေ့ပင် အပြတ်ရှင်းတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်မိ၏။

ယနေ့ ကျွန်ုပ်လာရသည်မှာ ကံကောင်းသည်ဟု ဆိုရပေမည်။

အဘယ်ကြောင့်ဆိုသော် ဤအချိန်တွင် 'လင်းခေါင်(မ်)' ရွာရှိ ရွာသူရွာသားများအားလုံးသည် ကံမကောင်း အကြောင်းမလှစွာ သေဆုံးရရှာသော တစ်ရွာသူ မိန်းကလေးအပေါ်သို့ အာရုံရောက်နေကြသည်။ ရွာအပြင်သို့ ကျွန်ုပ်လာနေသည့် လမ်းတစ်လျှောက် နှောင့်ယှက်ဟန့်တားမည့်သူ တစ်ဦးမျှ မတွေ့ရ။ လမ်းဘေးဝဲယာတစ်လျှောက် လေတဖြူးဖြူးနှင့် စိမ်းလန်းစိုပြေနေသော မြက်ရိုင်းပင်ရှည်ကြီးများသာ တွေ့ရ၏။ စင်စစ်ဆိုရသော် 'လင်းခေါင်(မ်)' ရွာသည် တောင်တန်းပြာကြီးများ ဝန်းရံနေပြီး 'ပန်းချီကားတစ်ချပ်' နှယ် သာယာလှပသော ရွာကြီးတစ်ရွာ ဖြစ်ပေ၏။ သို့သော်ငြားလည်း 'နတ်ဆိုးမိစ္ဆာ' ဝင်ပူးသောင်းကျန်းနေသည့် ကျောက်ရုပ်တုကြီးကြောင့် ရှုံ့မဲ့တွေ ညစ်ပေနေသည့် ကြာဖြူပန်းတစ်ပွင့်နှယ် မိမိမှ မကယ်တင်လျှင် အကျည်းတန်နေရပေတော့မည်။

(၁၅)မိနစ်ခန့်မျှ လျှောက်လှမ်းမိပြီးသော် ကျွန်ုပ်သည် ကြောက်မက်ဖွယ် ရုပ်ဆင်းသဏ္ဌာန်နှင့် လွှမ်းစွာအသက်ဝင်လှသော 'နတ်ဆိုးမိစ္ဆာ' ကျောက်ရုပ်ကြီး၏ ရှေ့မှောက်သို့ ရောက်ရှိချေတော့၏။ သို့သော် ကျွန်ုပ်သည် ရောက်ရောက်ချင်းပင် ပရိတ်များဖြင့် မန်းမှုတ် သရဇ္ဈာယ်ထားသော သစ်သားတုတ်ချွန်လေးဖြင့် ကျွန်ုပ် ရပ်နေရာ၏ ဘေးပတ်ချာလည်သို့ စည်းဝိုင်းတစ်ခု (ဝိုင်းထား)တားထားပြီး ဖြစ်နေတော့၏။

ထို့နောက် ဝတ်ဖြူစင်ကြယ်အတိုးအိုး၏ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရန် ပရိတ်ရေပုလင်းငယ်တစ်ခုကို လွယ်အိတ်ထဲမှ ဆွဲထုတ်လိုက်၏။ ထိုအချိန်တွင် မိစ္ဆာကျောက်ရုပ်တုကြီးမှာကား အသက်ရှိနေဘိအလား ကျွန်ုပ်အား မျက်ထောင့်နီကြီးများဖြင့် စူးစိုက်ကြည့်နေပြီး ရန်လိုသည့် အရိပ်လက္ခဏာများကို ပြနေ၏။ ကျွန်ုပ်မှာမူ ၎င်းအား သတိထားကြည့်နေမိသော်လည်း ဂရုမစိုက်သည့်ဟန်ဖြင့် လုပ်စရာရှိသည်များကိုသာ ဆက်လုပ်နေတော့၏။

ပြီးနောက် နေအိမ်၌ ပရိတ်ကြီး(၁၁)သုတ်လုံးဖြင့် မန်းမှုတ်ထားသော ပရိတ်ရေဖြင့် ကျောက်ရုပ်တုကြီး ရှိရာသို့ လှမ်း၍ပက်ဖြန်းလိုက်လေရာ…

"ဝုန်း…"

"ဒုန်း…"

ပတ်ဝန်းကျင်တစ်ခုလုံး ငလျှင်တော်လဲသံကြီးများလို အော်မြည်၍ ဆူညံပွက်လောရိုက်သွားချေတော့၏။ ကျွန်ုပ်မှာ ကျောက်ရုပ်တုကြီးအား သေသေချာချာ သတိထားကြည့်မိသောအခါ ထူးဆန်းအံ့သြဖွယ်ရာ ကျောက်ရုပ်တုကြီး၏ နေရာအနှံ့အပြားမှ သွေးများယိုစီးစိမ့်ကျလာသည်ကို တွေ့ရှိရချေ၏။

"အူး…"

"အစ်...အစ်...အူး"

ကျောက်ရုပ်တုကြီးဆီမှလည်း ဝက်အော်သံလို အသံအစ်အစ်ကြီးများ ထွက်ပေါ်လာသည်ကို အံ့ဖွယ်ကြားလိုက်ရပြန်၏။ ကျွန်ုပ်မှာ မြွေဆရာ၏ အလမ္ပာယ်ပြကွက်တစ်ခုကို တွေ့မြင်လိုက်ရသော ကလေးငယ်တစ်ယောက်လို ထူးဆန်းသော ဤအချင်းအရာများအား ခေတ္တမျှ ငေးမောမှင်သက်၍ ကြည့်နေမိ၏။

ထိုစဉ်အချိန်မှာပင် ကွက်ကျားလျှောင်တစ်ခုလို ကျောက်ရုပ်တုကြီး၏ အနီးပတ်ဝန်းကျင်တစ်ဝိုက်ရှိ မြေကြီးများမှာ တဖြည်းဖြည်း လှုပ်ရှားကွဲအက်လာကြပြီး...

"ဝုန်း..."

"အူး..."

ကျောက်ရုပ်တုကြီးမှာလည်း အလယ်ခေါင်တည့်တည့်မှ ထက်ခြမ်းကွဲထွက်သွားပြီး အလွန်ကျယ်လောင်သော အသံကြီးနှင့်အတူ မည်းမည်းသဏ္ဍာန်(လူရိပ်နှယ်) အရိပ်ကြီးတစ်ခု မိုးပေါ်သို့ အရှိန်ပြင်းစွာဖြင့် ခုန်တက်သွားသည်ကို ကျွန်ုပ်တွေ့မြင်လိုက်ရတော့၏။

ထို့နောက် ၎င်းအရိပ်မည်းကြီးသည် ကျွန်ုပ်အား ရန်မူရန် ပြေးဝင်လာတော့၏။ သို့သော် ကျွန်ုပ်၏ ပတ်ချာလည်၌ စက်ဝိုင်းသဏ္ဍာန် တားထားသော ပရိတ်စည်းဝိုင်းကြောင့် ကျွန်ုပ်ရှိရာ အထဲသို့

မဝင်သာဘဲ အပြင်မှာသာ သတ်မည်ဖြတ်မည် တကဲကဲဖြင့် ဟန်ပြင်၍ ခြောက်လှန့်နေတော့၏။

ထိုအခါ ကျွန်ုပ်မှ လွယ်ထားသော လွယ်အိတ်အတွင်းမှ တစ်စုံတစ်ရာကို အပြင်သို့ ထုတ်ယူလိုက်၏။ ဤအရာကား တစ္ဆေ၊ သရဲ၊ ဖုတ်၊ ကျတ်တို့ လွန်စွာကြောက်သော "သိမ်ဝင်သပိတ်ကွဲ" အပိုင်းလေးပင်တည်း။ ၎င်းနောက် ဒေါသတကြီးဖြင့် ရန်မူနေသော အရိပ်မည်းကြီး ရှိရာသို့ ပစ်ပေါက်လိုက်လေတော့၏။

"ဝုန်း..."

"အူး...အစ်...အစ်..."

ဤတွင် အရိပ်မည်းကြီးဆီမှ (ဝက်အော်သံကဲ့သို့) နာနာကျင်ကျင် အော်ဟစ်လိုက်သံကြီးကို အသည်းတုန် အူတုန်မျှ ကြားရချေတော့၏။ ဤနေရာတွင် ကျွန်ုပ် ဉာဏ်မီသမျှ ရှင်းပြရမည်ဆိုပါက ဖုတ်ဝင်သကဲ့သို့ ကျောက်ရုပ်တုကြီးတွင် မှီခိုနေထိုင်၍ လူနှင့် တိရစ္ဆာန်များ၏ အသက်ကို လုယူသွေးစုပ်နေသော နှစ်ချီဖုတ်တစ္ဆေကောင်ကြီး၏ ဓာတ်သိမ်းခန်းဟူ၍ပင် ပြောရချေတော့မည်။ နောက်ဆုံးတွင် ပတ်ဝန်းကျင်တစ်ခွင်လုံး ယခင်ကအတိုင်း တိတ်ဆိတ်ငြိမ်သက်သွားပြီး ကျောက်တုံးလေးများအဖြစ်သို့ တစ်စစီ ပျက်စီးကွဲကြေနေသော ကျောက်ရုပ်တုကြီး၏ အပိုင်းအစများကိုသာ တွေ့မြင်ရတော့၏။ အဲဒီ

မည်းကြီးကား "သိမ်ဝင်သပိတ်ကွဲ"၏ ဒဏ်ကို မခံနိုင်ဘဲ စုပ်စမြုပ်စ ပျောက်ကွယ်သွားပေတော့သည်။

ကမ္ဘာပျက်သည့်အလား ဆူညံပွက်လောရိုက်သံများကြောင့် လောမသိ။ "လင်းခေါင်(မ်)"ရွာမှ ရွာသူရွာသားတချို့ ကျွန်ုပ်ရှိရာသို့ တဖွဲဖွဲ ရောက်ရှိလာကြ၏။ နောင်များမကြာမီအချိန်မှာပင် "လင်းခေါင်(မ်)" ရွာသူရွာသားများသည် မိမိတို့၏ အသိဉာဏ်ပညာ နည်းပါးမှု၊ ဆင်ခြင်တုံတရားကင်းမဲ့မှု၊ အကြားအမြင် ဗဟုသုတ နည်းပါးမှု၊ ရိုးရာအစွဲအလန်းကြီးမားမှုများ၏ အပြစ်ကို သတိမူ ဆင်ခြင်မိကြကုန်၏။ မိမိတို့၏ မှားယွင်းသော အယူအဆများအပေါ် ယူကျုံးမရ ဖြစ်နေကြတော့၏။ ကျွန်ုပ်ကိုလည်း ရွာသူကြီး ရှီးရခီးမှ အစပြု၍ "လင်းခေါင်(မ်)" တစ်ရွာလုံးမှ ကျေးဇူးတင်မဆုံး ဖြစ်နေကြ၏။ ကျွန်ုပ်၏ အိမ်အပြန်ခရီးတွင်မူ ၎င်းတို့၏ ဒေသထွက် အသီးအနှံများနှင့်တကွ နာဂရိုးရာ အဝတ်အစားများ၊ နာဂရိုးရာ ပစ္စည်းများကို လက်ဆောင်အဖြစ် ပေးလိုက်ကြသည်မှာ တစ်ပုံတစ်ပင် အစုံအလင်ပင် ဖြစ်ပေတော့သတည်း။

**စိုးမိုးနိုင်**

•



# မြစိမ်းတောင်နားကမိန်းကလေး

**မင်းအိမ်ခန့်**

ကျွန်တော်က ရန်ကုန်မှာ အငှားကား တက္ကစီ မောင်း ပါတယ် ဆရာ။ ဟင်···တိုက်ဆိုင်လိုက်တာ ဆရာကလည်း တက္ကစီ သမားတွေရဲ့ တွေ့ကြုံရင်ဆိုင်ရတဲ့ ပရလောကနဲ့ ပတ်သက်တဲ့ ဇာတ်လမ်း

သရဲတွေကို အဖြစ်အပျက်တွေကို မဂ္ဂဇင်းမှာ ပြန်ဖော်ထုတ်ရေးနေတဲ့ သူလား။ ဆရာ့ဝတ္ထုတွေကိုလည်း ကျွန်တော် ဖတ်ဖူးပါတယ်။ ကျွန်တော် လား ကြုံဖူးတာပေါ့ ဆရာ။ ခုလို မမျှော်လင့်ဘဲ ဆရာနဲ့ ဒီဆံတော်ရှင်မှာ အမှတ်မထင် လာကြုံတော့ ကျွန်တော့်အဖြစ်ပျက်လေး ပြောပြလို့ ရတာပေါ့။ ကျွန်တော့်နာမည်က ဟိန်းထက်ကျော်ပါ ဆရာ။ ရန်ကုန် မြောက်ဥက္ကလာ ပါရမီဘက်မှာ နေပါတယ်။ ခု ဒီဒေးစွန်ပါဆံတော်ရှင်ကို ကျွန်တော်က တစ်လကို အနည်းဆုံး နှစ်ခေါက် ဒါမှမဟုတ် တစ်ခေါက်တော့ လာဖူးပြီး အမိဋ္ဌာန်ပွဲတွေလျှု တစ်ရက် ပုတီးစိပ် မေတ္တာပို့ပါတယ်။ ကျွန်တော် ကိုးကွယ်တဲ့ ဆရာတော်ကြီးကိုလည်း လှူဖွယ်ဝတ္ထုလေးဘာလေး ကပ်ပေါ့လေ။ ကျွန်တော် ကားဆွဲလို့ အဆင်ပြေတာနဲ့ ဒီဘုရားကို လာတာပဲ။ ဒီဆံတော်ရှင်စေတီက ဆုတောင်းလည်းပြည့် တန်ခိုးလည်း ကြီးတယ် ဆရာရဲ့။ ကျွန်တော်က တော့ ယုံကြည်တယ်။ ခု ကျွန်တော်ပြောပြမယ့် အဖြစ်ပျက်လေးက မနေ့က ဟိုတစ်ပတ်က ဒီဆံတော်ရှင်မှာပဲ ကြုံတွေ့ခဲ့ရတဲ့အဖြစ် ဆရာ ရဲ့။ ကျွန်တော် ပြောပြပါမယ် ဆရာ။

ဒီဒေးစွန်ပါတောင်အကြောင်းလည်း ဆရာတို့က ဂန္ထဝင်ရာတွေ အဖြစ်ဆန်းတွေ နယ်လှည့်ပြီး သွားလာရှာဖွေ ရေးသားနေသူတွေဆို တော့ ကျွန်တော့်ထက် ပိုပြီး ဒီတောဒီတောင်တွေအကြောင်း ပိုသိမှာ

သေချာတယ်။ ဒီဒေးစွန်ပါတောင်က ဘုမ္မိယသိုက်နန်းရှင်တွေ ယေါမျှား သလို မမြင်အပ်တဲ့ ပရလောကသားတွေလည်း နေရာအနှံ့ ရှိနေကြတာ ပဲလေ ဆရာ။ ကျွန်တော် ကြုံတွေ့ရတာက သိုက်နန်းရှင်လား၊ မကျွတ် မလွတ်တဲ့ ပရလောကသားလားဆိုတာ ခုထိ မဝေခွဲတတ်ဘူး ဆရာ။

ဆရာလည်း သိသားပဲ။ ရန်ကုန်ကနေ ဒေးစွန်ပါတောင်ကို လာရတဲ့ခရီးက သိပ်နီးလှတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်တော်က တက္ကစီသမားဆိုတော့ ကျွန်တော့်ကားနဲ့ ကျွန်တော် အေးအေးဆေးဆေး လာလို့ရတယ်။ ပြင်ပလူဆိုရင်တော့ ပဲခူးနဲ့ ပဲခူးဘုရားစုံ ခရီးဆိုရင် အနည်းဆုံး ငါးသောင်းအထက် တောင်းတာပဲ။ ကျွန်တော် ဒေးစွန်ပါ တောင်ကို လာတဲ့နေ့ဆိုရင် ကျွန်တော့်အတွက် ကားခရှုံးတယ် ထင်ပေ မယ့် ကျွန်တော် မယူဘူး။ ဘာပြုလို့လည်းဆိုတော့ ရန်ကုန်အပြန်မှာ ကျွန်တော် တစ်ဦးမဟုတ် တစ်ဦး အပြန်အော်ဒါ ရတယ်။ စရိတ်ကြေ တယ် ဆိုပါတော့။ ရန်ကုန်အပြန် မိုးချုပ်ချင်လည်း ချုပ်တတ်တယ်။ ဒါပေမဲ့ အလွန်ဆုံး ကိုးနာရီပဲ။ အပြန်အော်ဒါမရတဲ့နေ့ဆိုတာ မရှိဘူး။ ဒါတော့ ထူးခြားတယ်။

အဲဒီနေ့ကလည်း ကျွန်တော်က မနက် ငါးနာရီလောက်တည်း က ရန်ကုန်ကနေ ဒေးစွန်ပါတောင်ကို မောင်းလာခဲ့တာ။ ကံကောင်း ချင်တော့ ထောက်ကြန့်အလွန်မှာ လင်မယားနှစ်ယောက်က ကားတား

ပြီး ပဲခူးမြို့ထဲထိ အော်ဒါခေါ်တော့ ကျွန်တော် ပဲခူးအလာမှာတင် လက်ထဲ အုံနှာခအပြင် အပိုကြေးပါ စုပြည်နေပြီ။ ကျွန်တော် ဒေးစွန်ပါ ကို အေးအေးဆေးဆေး ဖူးရတာပေါ့။ တောင်ခြေရောက်တော့ ကျွန်တော့် ဆရာတော်ကြီးဆီကို ဝင်ပြီး လှူဖွယ်အချို့လှူ တောင်ပေါ်ကို လှမ်း တက်လာခဲ့တာပေါ့။ တောင်ခြေစောင်းတန်းက အလှူခံ သီလရှင် ရသေ့ ယောဂီတွေကို ငွေအကြွေတွေလှူရင်း တောင်ပေါ်တက်တယ်။ ဆံတော်ရှင်ကိုရောက်ရင် ကျွန်တော်က ဘုရားပွဲ၊ သိုက်နန်းရှင်တွေပွဲ၊ အဘဘိုးတော်ပွဲတွေ အမြဲလှူတယ်။ ပွဲကိုတော့ ဓာတင်အောက်က ပွဲတန်းတွေမှာ မမှာဘူး။ တောင်ထိပ်က ကိုသိန်းထူးတို့ဆိုင်မှာပဲ ယူတယ်။ စိတ်ကြိုက် ငှက်ပျောဖြတ်လို့ရတာပေါ့။ ဈေးလည်း တောင် အောက်နဲ့ အတူတူပဲ။ သူ့မိန်းမကလည်း သဘောကောင်းတယ်လေ။

ဆံတော်ရှင်ဘုရားမှာ ပွဲလှူ အစ်မတော်တွေ သိုက်နန်းကြီးမှာ ပွဲလှူ လိုတဲ့ဆုကိုတောင်းပြီး ပုတီးစိပ်တယ်။ ကျွန်တော့်ကားကိုလည်း ကမ္ဘာ့သိုက်ချုပ်ဘိုးဘိုးကြီး မဏိကုဏ္ဍလဆီမှာ အန္တရာယ်ကင်း ဘေး ရှင်း အပ်နှံတာပေါ့လေ။ ပြီးရင် နွားငွေ့တောင်၊ ဗားမဲ့ဂူတွေဘက် သွားတယ်။ အရမ်းဝေးတဲ့ ကျိုက်စွန်ပါတို့ ရွှေစေတီတို့ မျှော်တော် ယောင်ကုန်းတွေဘက်တော့ မသွားပါဘူး။ ပြောရရင် တောင်ပေါ်မှာ အမိဋ္ဌာန်က တစ်နေ့လုံး ဝင်တာပေါ့လေ။ ညနေခင်း သုံးနာရီ လေးနာရီ

လောက်မှ တောင်ထိပ်ပေါ်က ပြန်ဆင်းတာ။ ဒေးစွန်ပါဆံတော်ရှင်နဲ့ ကျွန်တော်နဲ့ ပဋ္ဌာန်းဆက်ပါလို့ပဲလား၊ ပွဲတွေပဲ လှူလို့လား မသိဘူး။ ကျွန်တော် ရန်ကုန်ပြန်ရောက်ရင် ကားက အရမ်းဆွဲကောင်းတယ်။ အခြားဘဝတူ တက္ကစီသမားတွေ ပိုက်ဆံမရလို့ ညည်းနေတဲ့အချိန်မှာ ကျွန်တော်က အမြဲပိုက်ဆံရှင်တယ်။ ဒီဒေးစွန်ပါတောင်က ဂန္ထီရဆန်ပြီး အရမ်းထူးခြားဆန်းကြယ်တယ် ဆရာ။ ဆရာလည်း ဒီတောင်ကို မကြာခဏ ရောက်နေတော့ သိမှာပါ။

ဩော်…အဲဒီနေ့က အဖြစ်လား။ ပြောပြမှာပါ ဆရာရဲ့။

ခုနပြောခဲ့သလိုပဲ ကျွန်တော်က ဒီတောင်နဲ့ ပဋ္ဌာန်းဆက်ရှိတော့ တစ်လ အနည်းဆုံး တစ်ကြိမ်ရောက်တယ်။ အဲဒီနေ့ကလည်း ခုနပြောသလို ကျွန်တော်က မနက် ကိုးနာရီလောက်တည်းက တောင်ပေါ်ရောက်နေတာ။ တောင်ခြေမှာ လက်ဖက်ရည်သောက်ပြီး တောင်ပေါ်တက် ပွဲတွေလှူပြီး ပုတီးစိပ်။ ညနေကျတော့ ဆရာတော့်ကျောင်းကိုဝင်၊ ပြန်ဖို့နှုတ်ဆက်ပြီး ခြောက်နာရီလောက်မှာ ပြန်ဖို့ ကားဆီလာတော့ ကျွန်တော့်ကားဘေးနားမှာ မိန်းကလေးတစ်ယောက် ရပ်နေတာ တွေ့ရတယ်။ မှန်ဦးထဲမှာ ကျွန်တော့်ကားအပြင် အခြားကိုယ်ပိုင်ကား သုံးလေးစီးလည်း ရပ်ထားတော့ ကျွန်တော်က အမှုမဲ့ အမှတ်မဲ့ပေါ့ လေ။ မိန်းကလေးက အတော်လှတယ်ဗျ ဆရာ။ ပြောရရင် နှစ်ခါပြန်

လှည့်ကြည့်ရတဲ့ အလှမျိုး။ ဆံပင်ကြီးကလည်း ကောင်းလိုက်တာ။ ခါးလယ်လောက်ထိ ဖြောင့်စင်းနေတာ။ သူလည်း ဘုရားလာဖူးတဲ့ မိန်းကလေးပဲပေါ့လေ။

တောဆိုတော့ ညနေခြောက်ရီဆိုတာ မှောင်ရိပ်သန်းလာပြီ ဆရာ။ တောရိပ်တောင်ရိပ်က နေရောင်အကျမြန်တာကိုး။ ကျွန်တော် ကားတံခါးကိုဖွင့်တော့ အဲဒီမိန်းကလေးက ကျွန်တော့်ကို လှမ်းကြည့်ပြီး-

"အစ်ကိုက ရန်ကုန်ပြန်မှာမို့လားဟင်"

"ဟင်...ဩော်...ဟုတ်ကဲ့၊ ကျွန်တော်က ရန်ကုန်ပြန်မှာပါ၊ နည်းနည်းတောင် နောက်ကျနေပြီ"

"တစ်ခုအကူအညီတောင်းချင်လို့ရှင်၊ ညီမက အဖော်တွေနဲ့ ကွဲသွားပြီး သူတို့ကားလည်း မတွေ့တော့ဘူး၊ အဲဒါ တစ်ဆိတ်ကျေးဇူး ပြုပြီး အစ်ကို့ကားနဲ့ ကျွန်မ လမ်းကြုံလိုက်ခဲ့ပါရစေရှင်"

"ဩော် လမ်းကြုံကတော့ တင်ခေါ်သွားလို့ ရပါတယ်၊ ဒါပေမဲ့ ကျွန်တော်က တစ်ယောက်တည်း ပြန်မှာ"

"အို...ရပါတယ်ရှင်၊ ကျွန်မ အစ်ကို့ကို ယုံပါတယ်၊ ညီမ က ထောက်ကြန့်နားထိ လိုက်မှာပါ၊ မှောင်သွားရင် ကျွန်မ ပြန်ဖို့ အရမ်းအခက်ခဲဖြစ်သွားမှာ အစ်ကို၊ အစ်ကို့ကို ညီမ ယုံပါတယ်"

"အင်းလေ လိုက်ခဲ့ပါ"

အဲဒါနဲ့ပဲ တိုတိုပြောရရင် ကျွန်တော့်ကားနဲ့အတူ အဲဒီ မိန်းကလေး ပါလာတယ်ဆိုပါတော့။

ထူးခြားတာက မိန်းမချောလေးက ကျွန်တော်နဲ့အတူ ရှေ့ဘက်ခန်းမှာ ထိုင်တာမဟုတ်ဘဲ နောက်ခန်းမှာ ထိုင်တာ။ ပိုပြီးထူးခြားတာက ကျွန်တော့်ကား တောင်ခြေက ထွက်လာကတည်းက အရင်လို မဟုတ်ဘဲ ကျွန်တော့်ကားထဲမှာ စံပယ်ပန်းနံ့လိုလို၊ သဇင်ပန်းနံ့လိုလို ပန်းရနံ့လေးတစ်ခုက မွှေးပျံ့နေတာပဲ။ ကျွန်တော် အံ့ဩပေမယ့် ဘာမှ မမေးမိဘူး။ ပဲခူးမြို့ဘက်ကို ပြန်မောင်းလာရင်းနဲ့ သူကလည်း စကား မပြော၊ ကျွန်တော်ကလည်း နှုတ်ဆိတ်နဲ့ ပျင်းစရာကြီးမို့ ကျွန်တော်က စကားစလိုက်တာပေါ့။

"ညီမက ဘယ်မှာနေတာလဲ"

"ရှင်"

"ဪ ညီမက အဖော်တွေနဲ့ ဘုရားလာဖူးတာဆိုတော့ ညီမက ရန်ကုန်ကပဲလား မိတ်ဖြစ်ဆွေဖြစ် မေးတာပါ"

"ဟို…အမှန်ပြောရရင် ညီမက မော်ဘီ မြစိမ်းတောင်နားက ရွာလေးတစ်ရွာမှာ နေတာပါ၊ ထောက်ကြန့်လောက်ဆို ညီမ ရွာပြန်လို့ ရပြီလေ၊ ရွာရောက်ရင် သူတို့နဲ့ ပြန်တွေ့မှာပါ"

"မင်းတို့ရွာဘက်သွားတဲ့ ကားရော ဒီအချိန် ရှိပါဦးမလား"

"အင်း ရပါတယ်၊ ထောက်ကြန့်ရောက်ရင် ကျွန်မ သွားလို့ ရပါပြီရှင့်၊ ညီမကို ထောက်ကြန့်လမ်းဆုံနားက ဟို ပုပ္ပားဝင်းထရံကြီးနား ချပေးခဲ့ပါ"

"ဪ…အင်း…အင်း"

အဲဒီမိန်းကလေးက စကားသံက အက်အက်ကွဲကွဲ တိုးညင်းညင်းလေး ပြောတာပါ။ ဘာကြောင့်မှန်းတော့ မသိဘူး။ ကျွန်တော့် တစ်ကိုယ်လုံး ကြက်သီးတွေ တဖျန်းဖျန်းနဲ့။ အမွှေးနံ့လေးကလည်း ကားထဲမှာ ပျံ့ဝေနေတာပေါ့။ ကျွန်တော်က အဲဒီမိန်းကလေး အရမ်းချောလှတာပဲ သတိပြုမိပြီး ပြောရရင် စိတ်ထဲမှာ မရိုးမသား ယုတ်မာ ပက်စက်တဲ့စိတ်မျိုးတော့ မရှိပါဘူး။ ဒါပေမဲ့ ထူးဆန်းတယ်နဲ့တော့ စိတ်ထဲ မကြာခဏ တွေးမိတယ်။ ကျွန်တော့်စိတ်ထဲမှာလည်း သူက တကယ့်လူသားအစစ်လား၊ သိုက်နန်းရှင်များလားပေါ့လေ။ အဲသလိုလည်း တွေးတွေးမိပါတယ်။ အချိန်က မှောင်နေပြီ။ ရန်ကုန်နဲ့ ပဲခူးကလည်း တကယ်မောင်းမယ်ဆို တစ်နာရီခွဲနီးပါးလောက် ကြာတယ်။ ညဘက်ဆိုတော့ ဟိုင်းဝေးကားကြီးတွေရဲ့ မီးအလင်းနဲ့ ကားကို ပုံမှန်ပဲ သတိထားပြီး မောင်းနေရသေးတယ်။ လှည်းကူးမြို့နားရောက်တော့ ကျွန်တော်က ဗိုက်ဆာလာတယ် ဆရာ။ အဲဒါနဲ့ ကားနောက်ခန်းမှာ ငြိမ်နေတဲ့ မိန်းကလေးကို…

"မင်း ဗိုက်မဆာဘူးလားကွ"

"အစ်ကို ဗိုက်ဆာလို့လား၊ ဆာရင်လည်း အားမနာနဲ့နော်၊ စားပါ၊ ကျွန်မ ကားပေါ်က စောင့်နေပေးပါမယ်၊ စားပါ၊ ညီမကတော့ ညနေစာ သိပ်စားလေ့ မရှိဘူး၊ ဆာလည်း မဆာတတ်ဘူး အစ်ကို"

"အာ…ကျွန်တော်တစ်ယောက်တည်း မင်းကို ထားခဲ့ပြီး စားရမှာ အားနာစရာကြီး၊ ရပါတယ် အိမ်ရောက်မှပဲ စားတော့မယ်"

"ရပါတယ်ရှင်၊ ကျွန်မကို အားမနာပါနဲ့"

"မစားတော့ပါဘူး၊ ကျွန်တော့်လိုပဲ မင်းရော ဆာနေသလား လို့ မေးကြည့်တာပါ၊ မစားတော့ဘူး"

သူကလည်း မဆာဘူးဆိုတော့ ကျွန်ုပ်လည်း ဆာတဲ့စိတ်ကို ဖျောက်ပြီး ကားကိုပဲ ဖိပြီးအာရုံစိုက်မောင်းလာခဲ့တယ်။ လှည်းကူးကို လွန်လာပြီး ထောက်ကြန့်လမ်းဆုံကို ရောက်တော့မည်။ အဲဒီမိန်းကလေး က ထောက်ကြန့်လမ်းဆုံအလွန်က ပုပ္ပားကျောင်းရှေ့မှာ ဆင်းမှာဆို တော့ အဲဒီမိန်းကလေးကို ချပေးပြီး ကျုပ်က မြောက်ဥက္ကလာမှာ နေတာဆိုတော့ နောက်ထပ် နာရီဝက်ဆို ကျုပ်အိမ်ကိုရောက်ပြီ။ အိမ်ကျမှပဲ နားတော့မယ်လို့ စိတ်ကူးပြီးသား။ အမိကက ခရီးကြုံ ကားကြုံလိုက်လာတဲ့ အဲဒီမိန်းကလေးကို သူသွားလိုရာ အေးကင်းရာ နေရာထိ ပို့ပေးရင် ကျုပ်တာဝန်ကျေပြီ။

ကျုပ်ကားက ထောက်ကြန့်လမ်းဆုံကို ကျော်လာတော့ ဆရာရယ် ကျုပ်က…

"ဘယ်နားရပ်ပေးရမလဲ ညီမ"

"ဩော်…အင်း…ဟိုရှေ့အုတ်တံတိုင်းကြီး အဝင်ဝအလွန် သစ်ပင်ကြီးအောက်ဆို ရပါပြီရှင့်၊ ရှင့်ကို အရမ်းကျေးဇူးတင်ပါတယ်"

"ရပါတယ် ညီမရယ်၊ ပဋ္ဌာန်းဆက်တွေမို့ ဂူညီခွင့်ရတာပါ၊ ဒါထက် ညီမက ဒေးစွန်ပါတောင်ကို ခုလိုပဲ မကြာခဏ ဘုရားသွားဖူးသလား"

"အဟင်း…ညီမတို့က ညီအစ်မ ငါးယောက်ပါ၊ အမြဲတမ်းတော့ သွားမဖူးပါဘူး၊ ခုလို လပြည့်လကွယ်နေ့တွေဆိုရင်တော့ သွားဖူးကြပါတယ်၊ တစ်ခါတစ်ရံ တစ်ညလုံး ဖူးတာပေါ့လေ၊ ခု ညီမရဲ့ အစ်မတွေက စိတ်ဆိုးပြီး ထားခဲ့လို့ ညီမ ကျန်ခဲ့တာ၊ တော်သေးတာပေါ့ အစ်ကိုနဲ့တွေ့လို့"

"ရှိပြီ အစ်ကို၊ ကျေးဇူးတင်ပါတယ်ရှင့်၊ ညီမကို အစ်ကိုက ခုလို ကူညီစောင့်ရှောက်တဲ့အတွက် ညီမ ကျေးဇူးဆပ်ပါရစေ"

"ဟာ…ရပါတယ် ညီမ၊ နေ နေပါ"

ဆရာရယ်။ ဘယ်လောက်အံ့သြဖို့ကောင်းသလဲ သိလား။ ကျုပ်လည်း သူညွှန်ပြတဲ့ သစ်ပင်ကြီးရှိရာ လမ်းနံဘေး ကားကိုအရပ်

အဲဒီမိန်းကလေးက ကားနောက်ခန်းတံခါးဖွင့်ဆင်းပြီး အဆင်းမှာ သူမ ရဲ့ လက်သူကြွယ်မှာ ဝတ်ထားတဲ့ လက်စွပ်ကလေး ကျုပ်ကို လှမ်းပေး တယ်။ ကျုပ်က မယူဘူး အတန်တန် ငြင်းပေမယ့်…

"ယူပါ၊ ညီမ ကျေးဇူးဆပ်တာပါ"

ပြောပြီး လက်စွပ်ကလေးကို အတင်းပေးပြီး မိန်းမချောလေး က အဲဒီပုပ္ပားကျောင်းကြီးဘက်လှည့်ပြီး လှမ်းထွက်သွားတာဗျ။ ကျုပ် လည်း တအံ့တဩနဲ့ ကားကို မောင်းထွက်ခဲ့ရတာပေါ့။ ဘီးလေးငါးဘီး လိမ့်ပြီးမှ သတိရလို့ လှည့်ကြည့်မိလိုက်တော့ ခုလေးတင် ကားပေါ်မှ ဆင်းသွားတဲ့ အဲဒီမိန်းကလေးရဲ့ အရိပ်အယောင်ကို လုံးဝမတွေ့ရတော့ ဘူး။ ကားမီးရောင်တွေအောက်မှာ ဘယ်သူမှ ရှိမနေဘူး။ ရှင်းလို့ လင်းလို့။

အဲဒီမှာ ကျုပ်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ တစ်ကိုယ် လုံး တဖြန်းဖြန်းနဲ့ ဘယ်ကဘယ်လို ဝင်လာတဲ့ ကြောက်စိတ်မှန်း မသိဘဲ ကားကို ဒုန်းမောင်းမိခဲ့တာ။ မြောက်ဥက္ကလာလမ်းဆုံကို ဘယ်လို ရောက်လာမှန်းတောင် မသိလိုက်ဘူး။ တွေးတိုင်း ခုထိ ကြက်သီးထ တုန်းဗျ။

ဒြော်…အဲဒီမိန်းကလေးပေးတဲ့ လက်စွပ်က ဒီမှာလေ ဆရာ လေးရဲ့။ ဒီမြလက်စွပ်လေးပေါ့။ သေချာတာက အဲဒီညက ကျုပ်ကားနဲ့

တင်ခေါ်လာမိတဲ့ မိန်းကလေးက သက်ရှိထင်ရှား လူသားစစ်စစ် မဖြစ်နိုင်ဘူး ဆရာ။ ယုတ်နိမ့်တဲ့ အောက်ဘုံသားလည်း မဖြစ်နိုင်ဘူး။ သူ့ရုပ်သွင်က ချောမောလှပပြီး ဆရာ့ကို ဝန်ခံခဲ့သလို သူ ကားပေါ် စလိုက်လာတည်းက တစ်ကားလုံး မွှေးပျံ့နေတာရယ်လေ။ ဒီထက်ပိုပြီး ထူးခြားဆန်းကြယ်နေတာက အဲဒီမိန်းကလေး ပေးခဲ့တဲ့ မြလက်စွပ်လေး ရပြီး ကျုပ်လက်မှာ ဝတ်ထားမိကတည်းက ကျုပ်တက္ကစီကားက အားရတာယ် မရှိတော့ဘဲ ဒီနေ့ထိ အော်ဒါတွေ ပါစင်ဂျာတွေ အမြဲရပြီး ငွေကြေးပြည့်စုံလာလို့ ဘာသာရေးကိစ္စတွေ အလှူအတန်းတွေ ပိုပြီး လှူဒါန်းလာနိုင်တာ လက်တွေ့ပဲ။ နောက်ပြီး ဒီထက်ဆန်းကြယ်တာက ကျုပ်ကားကို ငှားစီးဖူးတဲ့ ခရီးသည်တိုင်း စီးပြီးသွားရင် ကျုပ်ကားက စံပယ်ပန်းနံ့လေးတွေ အမြဲမွှေးနေတယ်လို့ ပြောပြောသွားကြတာပဲ ဆရာ။ အဲဒါ စီးသူတိုင်း ပြောတာ။ ဒီနေ့ထိပဲ။

ဟာ…ဆရာကလည်းဗျာ။ အမှတ်မထင် ဆုံခဲ့ရတာပါဆိုမှ။ အဲဒီမိန်းကလေးနာမည်ကို ဘယ်သိမှာလဲ ဆရာရယ်။ နောက်ပြီး အဲဒီ တစ်ကြိမ်ပဲ ဆုံခဲ့ပြီး ကျုပ်က ဒီဒေးစွန်ပါကို ရောက်တိုင်း ထပ်များ ဆုံရနိုးနဲ့ မျှော်လင့်နေမိတာလည်း ဒီနေ့ ခု ဆရာနဲ့ စကားပြောနေတဲ့ အချိန်ထိပဲ ဆရာ။ တစ်ချိန်ချိန်တော့ ဆရာပြောသလို ဆုံခွင့်ရှိရင် ဆုံရဦးမှာပေါ့ ဆရာရယ်။

•

သူက မော်တီဘက်က မြစိမ်းတောင်နားက ရွာမှာနေတယ်လို့ ပြောသွားတာပဲလေ ဆရာ။

ဆရာပြောသလို သိုက်နန်းရှင်လည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ ကျုပ် ယုံပါတယ်။ ယုံလို့လည်း ခုန ဆရာ့ကို ဝန်ခံပြီးပြီပဲ၊ ဒီနေ့ထိ ဆုံလိုဆုံငြား မျှော်လင့်နေမိသေးတယ်လို့။

**မင်းအိမ်ခန့်**





# တာဂေတာ

## ဘိုးမီးသွေး

ဒီအကြောင်းကို ကျုပ် တစ်ခါမှ မပြောဖူးဘူးဗျ။ ကျုပ်တို့ ထနောင်းကုန်းမှာ လူထူးလူဆန်းကြီး တစ်ယောက်ရှိတယ်။ အသက်က တော့ ခြောက်ဆယ်ကျော်လောက် ရှိပြီဗျ။ နာမည်က ဘိုးမီးသွေးတဲ့။

အရှေ့ဘက်ကောင်းကင် စာပေ

ဒီနာမည်က နောက်ပြောင်ခေါ်တဲ့ နာမည်မဟုတ်ဘူးဗျို့။ တကယ့်နာမည် အရင်းဗျ။ ဘိုးမီးသွေးရဲ့ အသားတွေဟာ တကယ်ကို နက်မှောင်နေတာ ဗျို့။ မီးသွေးအတိုင်းပါပဲဗျာ။ ညဘက်များ မှောင်ထဲမှာ ဘိုးမီးသွေး ရပ်နေရင် တွေ့ကို မတွေ့ရတာဗျို့။

တကယ်တော့ ဘိုးမီးသွေးက တာတေတို့ရွာသား မဟုတ်ဘူး ဗျ။ ဘယ်ရွာသားမှလည်း မဟုတ်ဘူး။ သူ့မိဘတွေကလည်း ဘယ်သူ တွေမှန်း မသိဘူး။ ဘိုးမီးသွေး ထနောင်းကုန်းကို ရောက်လာတာက တော့ ခုနစ်နှစ်သားလောက်ကတည်းက ရောက်လာတာတဲ့ဗျ။ အခု ပစ္ဆိမာရုံကျောင်းမှာ ကျောင်းထိုင်နေတဲ့ ကျုပ်ဆရာတော် ဦးဂုဏရဲ့ ဆရာ၊ ဆရာတော်ကြီး ဦးတိက္ခလက်ထက်မှာ ပစ္ဆိမာရုံကျောင်းကို ရောက်လာတာဗျ။ ဆရာတော်ကြီး ဦးတိက္ခကို ကျုပ်တို့ရွာသားတွေက ဘုန်းကြီးတိတ်လို့ ခေါ်ကြတယ်တဲ့ဗျ။ တာတေတို့ကတော့ အဲဒီဆရာ တော်ကြီးကို မမီလိုက်ဘူးပေါ့ဗျာ။ ကျုပ်အဘကတော့ ဘုန်းကြီးတိတ် လက်ထွက်ပေါ့ဗျာ။ အဘတို့သက်တမ်းလောက်ရှိတဲ့ ကျုပ်တို့ရွာက ဘိုးတော်တွေအားလုံး ဘုန်းကြီးတိတ်ရဲ့ လက်ထွက်တွေချည်းပဲဗျ။

လယ်တွက်၊ ယာတွက်၊ စပါးတွက်၊ နမ်းတွက်၊ ပဲတွက်၊ သစ်တွက်တွေဆို ကျုပ်တို့ ထနောင်းကုန်းက ဘိုးတော်ကြီးတွေက စိတ်နဲ့တင် တွက်နိုင်ကြတာဗျ။ ဘုန်းကြီးတိတ်ရဲ့ တပည့်တွေကိုဗျာ။

ဘုန်းကြီးတိတ်က လောကုတ္တရာရေး၊ လောကီရေး လွှတ်ကျွမ်းတာဆိုပဲဗျ။ တရားဟောတာလည်း လွှတ်ကောင်းတာတဲ့ဗျို့။ ဟိုရွာ ဒီရွာတွေမှာ အလှူရှိရင် ဘုန်းကြီးတိတ်ကို မပင့်တဲ့အလှူဆိုတာ ရှိကို မရှိတာတဲ့ဗျာ။

ဘုန်းကြီးတိတ်က အထက်လမ်းပညာတွေလည်း တော်တော်လိုက်စားတာဆိုပဲဗျ။ ဆေးရော၊ ဓာတ်ရော၊ ပယောဂရော အကုန်နိုင်တာတဲ့ဗျာ။ တစ်ခါတစ်ခါကျရင် တစ်ပါးတည်း တောထဲတောင်ထဲဝင်ပြီး ဆေးပင်တွေတူး၊ ဆေးမြစ်၊ ဆေးဥတွေ ရှာတာတဲ့ဗျ။ တစ်ခါတလေမှ ကျောင်းသားတွေဘာတွေ ခေါ်သွားတာဆိုပဲ။

တစ်ခါတော့ ဘုန်းကြီးတိတ် တောင်ပေါ်က တောကြီးထဲဝင်ပြီး ဆေးပင်ရှာတာတဲ့ဗျို့။ ဒီတစ်ခါတော့ သူ့ကျောင်းက ကျောင်းသားကြီးတစ်ယောက် ခေါ်သွားတယ်တဲ့။ အဲဒီကျောင်းသားက ထွားထွားကျိုင်းကျိုင်း ဗလကောင်းကောင်းတဲ့ဗျ။ နာမည်က ဆင်ပေါက်လို့ခေါ်သတဲ့။ အဲဒီအခေါက် တောထဲက ပြန်အထွက်မှာ မီးသွေးခဲလိုမည်းနက်နေတဲ့ ကလေးတစ်ယောက် ပါလာတာတဲ့ဗျို့။

ဘိုးမီးသွေးအကြောင်း ကျုပ်ကို ပြောပြတာက ကျုပ်ဆရာတော်က ပြောပြတာဗျ။ ကျုပ်ဆရာတော် ဦးဂုဏနဲ့ ဘိုးမီးသွေးနဲ့က အသက်သိပ်မကွာဘူးလေဗျာ။ ဘိုးမီးသွေးက ငါးနှစ်လောက် ကြီး

တယ်တဲ့ဗျ။ ဆရာတော် ဦးဂုဏ ကျောင်းသားဘဝမှာ စာလိုက်နေတော့ ဘိုးမီးသွေးက ကျောင်းသားကြီး ဖြစ်နေပြီတဲ့။ ဘိုးမီးသွေး ငယ်ငယ်က ဘုန်းကြီးကျောင်းသားဘဝမှာ ဆရာတော့်အလိုက် တခြားသံဃာတွေရဲ့ အလိုက် ကိုရင်တွေရဲ့အလိုက်ကို လွှတ်သိတာဆိုပဲ။ ဒါကြောင့်လည်း ဆရာတော်ရော၊ သံဃာတွေရော၊ ကိုရင်တွေရောက ဘုန်းကြီးကျောင်း သား မီးသွေးကို လွှတ်ခင်ကြတာတဲ့ဗျ။

ဆရာတော်ကြီး ဦးတိက္ခကများ 'မီးသွေး' လို့ ခေါ်လိုက်ရင်…

"ဘုရား"

လို့ ထူးပြီး ချက်ချင်းရောက်လာတာတဲ့ဗျာ။ ဆရာတော် သံဃာတော်တွေတင်မကဘူးတဲ့။ ကိုရင်လေးတွေကိုပါ လွှတ်ရိုသေတာ တဲ့ဗျာ။ ဘုန်းကြီးတိတ်က ဘိုးမီးသွေး ကိုးနှစ်သားမှာ ကိုရင်ဝတ်ပေး လိုက်တော့ တစ်ရွာလုံးက ကိုရင်မီးသွေးဆိုပြီး ဟိုအိမ်က ဆွမ်းလောင်း၊ ဒီအိမ်က ဆွမ်းလောင်းနဲ့ သပိတ်ကို ပြည့်ကျပ်လို့တဲ့ဗျ။

နောက်တော့ လူထွက်ပြီး ကျောင်းသားကြီးဘဝနဲ့ နေတာတဲ့။ ဆရာတော် ဦးဂုဏက ကျုပ်ကို ပြောတာက…

"ဘုန်းကြီးက ဒီကျောင်းမှာ ခုနစ်နှစ်သားတည်းက ကိုရင် ဝတ်ခဲ့တာကွ၊ ဒီတုန်းက ကျုပ်က ခုနစ်နှစ်၊ ကိုမီးသွေးက ဆယ့်နှစ်နှစ် ကွ၊ သူက ကိုရင် လူထွက်ပြီး ကျောင်းသားဘဝနဲ့ နေနေတာ"

"ဘိုးမီးသွေးက ဒီရွာသားပဲလားဘုရား"

ကျုပ်က ဆရာတော် ဦးဂုဏကို ဖိဆွဲပေးနေရင်းနဲ့ လျှောက်တာဗျ။ ကျုပ်ဆရာတော်က ကြေးနက်ဓာတ်လုံး ထိုးနေတာလေဗျာ။ ကျုပ်က အားရင် ဆရာတော်ကို ဖိလာပြီး ဆွဲပေးနေတာဗျ။

"ဘယ်ဟုတ်လိမ့်မတုံး တာတေရယ်"

"ဟင် ဒါဆိုရင် ဘယ်ရွာသားတုံးဘုရား"

"ဘယ်ရွာသားမှ မဟုတ်ဘူးကွ တာတေရဲ့၊ ဒီအကြောင်းတွေကို ဆရာတော် ပျံတော်မမူခင်က ကျုပ်ကို ပြောသွားလို့ သိတာ၊ မင်းသိချင်ရင် ငါပြောပြမယ်၊ တခြားသူတွေတော့ မပြောပါနဲ့ကွာ၊ ဒါပေမဲ့ ဒီရွာထဲက လူကြီးပိုင်းတွေကတော့ နည်းနည်းရိပ်မိတဲ့သူတွေ ရှိတယ်ကွ၊ ဒါပေမဲ့ ပြောတဲ့သူ မရှိပါဘူးလေ"

"ဘယ်လိုကြောင့်တုံးဘုရား"

ကျုပ်ကလည်း ဒါမျိုးကို စပ်စုရမယ်ဆိုရင် နှစ်ယောက်မရှိတဲ့သူလေဗျာ။

"မောင်တာတေ သိချင်ရင် ကျုပ်ပြောပြပါ့မယ်၊ အခုလိုပဲကွဲ၊ ကျုပ်က ကျုပ်ဆရာတော်ကို ဖိကူဆွဲပေးနေတာ၊ ဒီတုန်းက ဆရာတော်က ဆေးဒန်းလုံး ထိုးနေတာကွ"

"ဂုဏ မင်း မီးသွေးအကြောင်း သိချင်လား"

လို့ ကောက်ကာငင်ကာ မေးလိုက်တာကွ။ ကျုပ်ကလည်း ကိုမီးသွေးကို နဂိုတည်းက စိတ်ဝင်စားတာကလား။ ခင်လည်း သိပ်ခင်တာ။ ဒီတော့…

"မှန်ပါဘုရား၊ တပည့်တော် သိချင်ပါတယ်"

လို့ လျှောက်လိုက်တော့…

ကျုပ်ဆရာတော်က ဖိုခွင်ထဲကို မီးသွေးခဲလေးတွေ မီးညှပ်နဲ့ ညှပ်ပြီးထည့်လိုက်သေးသဗျ။ ပြီးတော့မှ ဆက်ပြောတယ်။

"ငါနဲ့ ဆင်ပေါက်နဲ့ အရှေ့ဘက်တောင်ဇတွေပေါ်တက်ပြီး ဆေးပင်တွေ ရှာကြတဲ့နေ့ပေါ့ကွာ၊ အသက်ရှစ်နှစ်လောက်ရှိတဲ့ ကလေး တစ်ယောက်က တောထဲမှာ ခွတ်ပြေးနေတာကွ၊ သူ့နောက်က တစ္ဆေတွေ၊ သရဲတွေက အုပ်လိုက်ကြီး ဝိုင်းလိုက်နေကြတာပေါ့"

"အို…ဘယ်လိုများဖြစ်တာတုံးဘုရား"

"ဟုတ်တယ် ဂုဏ၊ ငါဆိုတာ အုံ့ညလွန်းလို့ ဘဝလုပ်ရမှန်း မသိအောင်ကို ကြောင်သွားတာကွ၊ နောက်မှ ချက်ချင်းသတိရပြီး ဆင်ပေါက် ကလေးကို မြန်မြန်ချီလိုက်"

"အရှင်ဘုရား၊ ဒါ လူတွေဟုတ်ရဲ့လားဘုရား"

"ဆင်ပေါက်က လန့်ပြီး ငါ့ကို ပြန်မေးတာပေါ့"

"ဟုတ်တယ် ဆင်ပေါက်၊ အဲဒါ လူ လူ၊ မြန်မြန်ချီထား

လိုက်"

လို့ ငါက အော်လိုက်တာတော့မှ ဆင်ပေါက်က ကလေးကို ပြေးပြီး မွေ့ချီလိုက်တာကွ။ ဆင်ပေါက် ဖေးမယ်ဆိုရင်လည်း မေးစရာပဲကွ ဂုဏရဲ့၊ ကလေးက တစ်ကိုယ်လုံး မီးသွေးခဲလို မဲနေပြီး မတော် တရော် အင်္ကျီစုတ်ကြီးတစ်ထည် ဝတ်လို့ကွ။ ခေါင်းက ဆံပင်က ဒူးခေါင်းလောက်အထိ ရှည်ကျနေတာ။ အမှတ်တမဲ့ ကြည့်ရင်တော့ တကယ့်သရဲပဲကွ၊ ဆင်ပေါက်က ငါနိုင်းလို့သာ ကလေးကို ချီလိုက်ရတာ၊ ကြောက်တော့ ကြောက်နေပုံပဲကွ။ ကလေးလည်း ဆင်ပေါက် ပေါ် ရောက်သွားရော နောက်က လိုက်လာတဲ့ တစ္ဆေတွေရှေ့ကနေ ငါက ဆီးကာထားလိုက်တယ်။

"ဒီကလေးဟာ လူပါ၊ သင်တို့နဲ့ ဘဝချင်း မတူပါဘူး၊ ဒီကလေးကို လူတွေနဲ့နေဖို့ ငါခေါ်သွားမယ်၊ သင်တို့ ဒီနေရာကနေ လှည့်ပြန်ကြပေတော့လို့ ငါကပြောပြီး လက်ထဲက နဂါးရုပ်တောင်ဝှေး နဲ့ ရမ်းလိုက်တာ၊ လိုက်လာတဲ့ တစ္ဆေတွေ သရဲတွေ ချာကနဲ နောက်ကို လှည့်ပြီး ပြေးကြတော့တာ တောကြီးတစ်တောလုံး တဝုန်းဝုန်းကို မြည်သွားတာကွ ဂုဏရဲ့"

"အရှင်ဘုရားက အဲဒီနာမ်ရုပ်ဘဝတွေကို မြင်နိုင်တာလား ဘုရား"

လို့ ကျုပ်က ဘုန်းကြီးတိတ်ကို မေးလိုက်တာကွဲ မောင်တာ တောရဲ့။

"ဩော် ဂုဏရကလည်း တယ်ရိုးသကိုး၊ ငါက ဒီတစ္ဆေ သရဲတွေတင် မကဘူး ဂုဏရဲ့၊ ဖုတ်တွေ ပြိတ္တာတွေ မြေဖုတ်တွေ ဘီလူးတွေပါ မြင်ရသကွဲ့"

"ဟာ…ဟုတ်လားဘုရား၊ အရှင်ဘုရား မွေးကတည်းက မြင်ရတာလားဘုရား"

"မဟုတ်ဘူးကွ ဂုဏရဲ့၊ အထက်လမ်းပညာတွေ လိုက်စား တော့ အင်းတွေသောက်ရင်း ပုတီးတွေစိပ်ရင်းနဲ့ မြင်လာရတာ"

"ဟင်…တပည့်တော်ဟာ ဆရာတော်အနားမှာ တစ်သက် လုံးရှိနေတာတောင် အရှင်ဘုရားက တပည့်တော်ကို တစ်ခါမှ မပြော ဘူး"

"ဟဲ့ ဂုဏ၊ ဒါပြောစရာမှ မဟုတ်တာ၊ ကဲကွယ်၊ ဒါက ထားလိုက်ပါတော့၊ မင်းစိတ်ဝင်စားရင် ငါသင်ပေးမှာပေါ့၊ မီးသွေး အကြောင်းပဲ ဆက်ကြတာပေါ့၊ ငါက ကလေးချီထားတဲ့ ဆင်ပေါက် ကို ဟဲ့ ဆင်ပေါက် ကလေးခေါ်ပြီး ပြေးတော့လို့ လှမ်းအော်လိုက်တော့ ဆင်ပေါက်လည်း ကလေးကို ကျောပိုးပြီး တောင်အောက်ကို ဆင်းပြေး ရောပေ့။ ငါကလည်း နောက်ကလိုက်လာတဲ့ သရဲခပ်ကြီးကြီး

နှစ်ကောင် သုံးကောင်ကို ဆေးတောင်ဓားနဲ့ရမ်းပြီး ဂါထာတွေ ရွတ်ထားခဲ့ရတယ်။ နောက်တော့ ငါတို့နောက်ကို ဘာကောင်မှ လိုက်မလာတော့ဘူးဟေ့"

"အရှင်ဘုရား ဒီတုန်းက လိုက်လာတဲ့ တစ္ဆေ သရဲတွေ တော်တော်များသလားဘုရား"

"ဟ ဂုဏရဲ့၊ အကောင်တစ်ရာကျော်လောက် ရှိသကွဲ့၊ ပုံစံတွေမှ အစုံပေါ့ကွယ်၊ မျက်လုံးကြီးတွေ ပြူးထွက်နေတာရော၊ လျှာကြီးတွေ တွဲလောင်းကျနေတာရော ခေါင်းကြီး တင်းတောင်းလောက်ရှိတာရော အို…ပုံပျက်ပန်းပျက်ကြီးတွေကွ ဂုဏရဲ့၊ အကုသိုလ်များ တယ်လည်းကြောက်စရာကောင်းတာကလားကွယ်"

"ဒါနဲ့ ကလေးရလာခဲ့တာပေါ့ဘုရား"

"ရလာတာပေါ့ ဂုဏရဲ့၊ ဆင်ပေါက်ဆိုတဲ့ကောင်ကလည်း တော်တော်ကို အားကိုးရတာပေါ့၊ ကလေးကို ကျောင်းထဲရောက်တဲ့အထိကို ကျောပိုးပြီး မနားတမ်း ပြေးတာကွ၊ ကျောင်းရောက်တော့ ဆင်ပေါက်ခမျာ မောလွန်းလို့ ဟောဟဲကို လိုက်ရောဟေ့၊ ဒီတော့မှ ဆင်ပေါက်က ငါ့ကို လျှောက်တယ်"

"ဘုန်းကြီးဘုရား၊ ဒါ လူတော့ ဟုတ်ပါ့မယ်နော်"တဲ့။

"ဒီကောင် အဲဒီအချိန်အထိ ကလေးကို သံသယရှိနေတုန်းကွ၊

လူလား၊ တစ္ဆေလား သူ မခွဲခြားနိုင်ဘူး ဖြစ်နေတာ ဂုဏာရဲ့"

"ဆင်ပေါက် ဒါ လူအစစ်၊ တစ္ဆေမဟုတ်ဘူး"

"ဒါဆိုရင် ကလေးမိဘတွေက ဘယ်ရောက်နေလို့တုံးဘုရား၊ ပြီးတော့ တောထဲမှာတုန်းက ဘုန်းကြီးက ဆေးတောင်ဝှေးကြီး တရမ်းရမ်းနဲ့ ပါးစပ်ကလည်း ပွစိ ပွစိတွေ ပြောနေတာ ဘာဖြစ်လို့တုံးဘုရား၊ ဒီကလေးကို သူ့မိဘတွေ မသိအောင် ဘုန်းကြီး ခေါ်ပြေးလာတာ ဘာဖြစ်လို့တုံးဘုရား၊ ခုလောက်ရှိ ကလေးရဲ့ မိဘတွေ လိုက်ရှာနေရောပေါ့ ဘုန်းကြီးရဲ့"

"ဆင်ပေါက်ဆိုတဲ့ကောင်က ဒီကလေးကို ငါခေါ်လာတာ သိပ်ကြိုက်ပုံမပေါ်ဘူးကွ၊ ပြီးတော့ ဒီကောင်က ငါ့လို တစ္ဆေ သရဲတွေ ကလေးနောက်ကို အုံလိုက်လာတာ မြင်ရတာ မဟုတ်ဘူးလေကွာ၊ ဒီတော့ ဆင်ပေါက်က အကြောင်းရင်းကို မသိဘူးပေါ့၊ နေဦး ဆင်ပေါက်ရဲ့၊ ဒီကလေးအကြောင်းကို ငါလည်း ဘာမှသိသေးတာ မဟုတ်ဘူးကွ၊ သူ့ကို ဖြည်းဖြည်းမေးကြည့်ရမှာပဲ"

"ဘုန်းကြီးက မေးမယ်သာပြောတာ၊ ဘုန်းကြီးကောင်က စကားရော ပြောတတ်ရဲ့လားဘုရား"

"ဆင်ပေါက်ပြောတော့မှ ငါလည်း သတိရပြီး မေးကြည့်ရတော့တာပေါ့"

"ကလေး မင်း စကားပြောတတ်ရဲ့လား"

"ငါက ဒီလိုမေးတော့ ကလေးက ခေါင်းညိတ်ပြတယ်"

"ခေါင်းမညိတ်နဲ့ ပါးစပ်က ပြောကွဲ့၊ စကားပြောတတ်သလား"

"ပြောတတ်တယ်"

"အသံက တစ်မျိုးကြီးကွဲ့၊ ဆင်ပေါက်ဆိုတဲ့ကောင် နောက်ကိုတောင် ဆုတ်သွားတယ်ဟေ့၊ ကလေး စကားပြောတဲ့အသံက လူသံမပေါက်ဘူး တစ်မျိုးကြီး ဖြစ်နေတာကွ၊ ဒါကြောင့်လည်း ဆင်ပေါက်ကြောက်သွားတာ၊ ဒီမှာတင် ငါတွေးလိုက်မိတယ်ကွ၊ ဒီကလေးဟာလူနဲ့နေတဲ့ကလေး မဟုတ်ဘဲ တစ္ဆေတွေနဲ့နေတဲ့ကလေး ထင်တယ်လို့၊ ဒါနဲ့…"

"နေပါဦး ကလေးရဲ့၊ မင်းက အဲဒီတောကြီးထဲမှာ နေတာလား"

"ဟုတ်တယ်"

"ဟေ…ဒါဆိုရင် မင်း ဘယ်သူနဲ့ နေတာတုံး"

"ဟိုလူတွေနဲ့"

"ဟိုလူတွေ ဟုတ်လား၊ ဘယ်လူတွေကို ပြောတာတုံး၊ ဘုန်းကြီးတော့ အဲဒီတောကြီးထဲမှာ လူတစ်ယောက်မှ မမြင်ခဲ့ပါလား"

"နောက်ကလိုက်လာတဲ့လူတွေနဲ့ နေတာ"

"ဟာ...ဟုတ်လား၊ အဲဒါ လူတွေမဟုတ်ဘူး ကလေးရဲ့၊ အဲဒါ တစ္ဆေတွေ သရဲတွေကွ၊ မင်းက သူတို့နဲ့ နေတာလား"

"ဟုတ်တယ်"

"မင်း သူတို့ကို မကြောက်ဘူးလား"

"မကြောက်ဘူး"

"မင်းမှာ အဖေ အမေ ရှိသလား"

"အမေ ရှိတယ်"

"ဟေ...မင်းအမေက ဘယ်မှာနေတုံး"

"ဟိုလူတွေနဲ့ အတူတူနေတယ်"

"ဟာ...ဒါဆိုရင် မင်းအမေက တစ္ဆေမကြီးပဲပေါ့"

"မသိဘူး"

"မင်းအမေရဲ့ ပုံစံက ဘယ်လိုတုံးကွ"

"ငါက အဲဒီလို မေးလိုက်တော့ ကလေးက ထိုင်နေရာကနေ ထလိုက်တယ်၊ ပြီးတော့ လက်နှစ်ဖက်ကို ကွေးကွေးကြီးလုပ်၊ ခြေထောက်နှစ်ဖက်ကိုလည်း ကွေးကွေးကြီးလုပ်ပြီး လေးဘက်ထောက်ကြီး သွားပြတယ်"

"ဟာ"

"ဆင်ပေါက်ဆိုတာ ဟာကနဲတောင် ထအော်တာပေါ့၊ လက်စသတ်တော့ ဒီကောင့်ကို တစ္ဆေမကြီး မွေးထားတာကိုးလို့ ငါ တွေးလိုက်မိတယ်၊ ပြီးတာနဲ့ ဆင်ပေါက်ကို ကတ်ကြေးနဲ့ သင်ဒုန်း ဓား ယူခိုင်းလိုက်ပြီး ငါကိုယ်တိုင် ဒူးခေါင်းလောက် ရောက်နေတဲ့ ဆံပင်ရှည်ကြီးတွေကို ညှပ်လိုက်တယ်၊ ပြီးတာနဲ့ ကတုံးတုံးလိုက် တယ်။ ဒီကောင်ရဲ့ လက်သည်းရှည်ကြီးတွေ ခြေသည်းရှည်ကြီးတွေကို တော့ ဆင်ပေါက်က ညှပ်ပေးပြီး ရေမိုးချိုးပေးလိုက်တယ်။ ဒီတော့မှ သူ့ဝတ်လာတဲ့ အင်္ကျီစုတ်ကြီးကို သေသေချာချာ ကြည့်မိတယ်၊ အဲဒါ လူသေအလောင်းကနေ ဟိုတစ္ဆေတွေ ချွတ်ယူပြီး ဒီကောင့်ကို ဝတ်ပေး ထားတာပေါ့၊ ငါ့စိတ်ထင်တော့ တောထဲက တစ္ဆေတွေက ဒီကောင် လေးကို တော်တော်ကို ချစ်ကြပုံပဲကွ၊ သူ့ကို ငယ်ငယ်လေးကတည်းက အဲဒီတစ္ဆေ သရဲတွေက မွေးလာပုံရတယ် ဂုဏရဲ့၊ သူ့နောက်ကို အံ့ပြီး လိုက်လာကြတာ သူ့ကို ရန်ပြုဖို့ မဟုတ်ဘူးကွ၊ ဒီကောင် တောထဲက ထွက်ပြေးဖို့လုပ်လို့ လိုက်ဆွဲကြတာဖြစ်မယ်၊ ရေမိုးချိုးပြီးတာနဲ့ ငါက ကလေးကို သရဏဂုံ ဆိုခိုင်းကြည့်တယ်၊ သူလိုက်ဆိုတတ်တယ်ကွ၊ သင်္ကန်းတောင်း တိုင်ပေးကြည့်တယ်၊ သူလိုက်ဆိုတတ်တယ်။ ဒါနဲ့ ငါချက်ချင်း ဒီကလေးကို သင်္ကန်းဝတ်ပေးလိုက်တယ်"

"ဘွဲ့ ဘယ်လိုပေးမလဲ ဘုန်းကြီး"

"ဆင်ပေါက်က ငါ့ကို မေးတာကွ၊ ငါက စဉ်းစားတယ်၊ သူ့မွေးနေ့၊ မွေးနံလည်း ငါမသိဘူးကွ၊ ဒါပေမဲ့ ဒီနေ့က ကြာသပတေး နေ့ပဲ၊ ဒီတော့ ဒီနေ့ပဲ သူ့ကိုတွေ့တာ၊ ဒီနေ့ပဲ သူ့ကို သက်နံးစည်းပေး တာဆိုတော့ ကြာသပတေးနံနဲ့ပဲ နာမည်ပေးရမှာပဲလို့ တွေးမိတယ် ဂုဏရဲ့၊ ရှင်ပညာဆိုရင် ကောင်းမလား၊ ရှင်ပဝရဆိုရင် ကောင်းမလား လို့ တွေးရင်းနဲ့ တစ်ခုတွေးမိတယ်ကွ၊ ဒီကလေးဟာ ထူးထူးခြားခြား သရဲမကြီးတစ်ကောင်က မွေးစားထားတဲ့ ကလေးပဲ၊ ပြီးတော့လည်း တစ္ဆေ သရဲတွေကြားထဲမှာ ကြီးလာတဲ့ကလေးဆိုတော့ တော်တော်ကို ထူးဆန်းတယ်။ ဒီတောထဲက တစ္ဆေတွေကလည်း သူ့နောက်ကို လိုက် ချင်လိုက်လာမှာ၊ ဒီတော့ သူ့ရဲ့လူဆိုတဲ့ ဓာတ်က နိုင်မာဖို့လိုလိမ့်မယ်၊ ပညတ်သွားရာ ဓာတ်သက်ပါဆိုတဲ့ ရှေးစကားနဲ့လည်းညီအောင် သူ့ရဲ့ လူဓာတ်လည်း နိုင်အောင် 'ရှင်မီးသွေး' လို့ နာမည်ပေးလိုက်တယ် ဟေ့။ ဒါမှ မီးသွေးလို နက်နေတဲ့ သူ့အသားနဲ့ ကိုက်ညီပြီး ဓာတ်ဝင် မှာပို့လား ဂုဏရဲ့၊ အဲဒီနေ့တည်းကစပြီး ကိုရင်မီးသွေး၊ ကိုရင်မီးသွေးနဲ့ ထနောင်းကုန်းတစ်ရွာလုံး အုန်းအုန်းကျွက်ကျွက်ကို ဖြစ်သွားတာဟေ့။ မီးသွေးကလည်း မီးသွေးဆိုတဲ့အတိုင်း မဲနက်နေတာဟေ့၊ သူ့ကို ငါရှုံပေးတဲ့ သက်နံးကလည်း ဝါဝါလေးကွ၊ အနက်နဲ့ အဝါဆိုတော့ လွှတ်လိုက်တော့တာပေါ့ကွာ၊ ရွာထဲ ဆွမ်းခံကြွရင် သူက သပိတ်

ကလေးပိုက်လို့၊ ဆင်ပေါက်က ဆွမ်းဟင်းချက်ထမ်းပြီး လိုက်ရတာ ပေါ့ကွာ၊ နောက်တော့ ကိုရင်မီးသွေးကိုလောင်းတဲ့ ဆွမ်းတွေ၊ ဆွမ်းဟင်းတွေက များများလာတော့ ဆင်ပေါက်မှာ ဆိုင်းထမ်းတံပိုးနဲ့ကို လိုက်ရတာပေါ့"

"နေပါဦး အရှင်ဘုရားရဲ့၊ တောထဲက တစ္ဆေတွေ ဒီကလေးနောက်ကို လိုက်မလာဘူးလားဘုရား"

"ဟာ ဂုဏ္ဏရယ်၊ လိုက်ပါပြီကောကွာ၊ ဒါပေမဲ့ တစ္ဆေတွေ အကုန်လုံး လိုက်တာတော့ မဟုတ်ဘူးကွ၊ မီးသွေးကို မွေးစားတဲ့ သရဲမကြီးတစ်ကောင်တည်း လိုက်လာတာ၊ ငါ့ကျောင်းထဲတော့ မဝင်နိုင်ဘူးကွ၊ ကျောင်းဘေးမှ ပတ်ပြီးပြေးနေတာပေါ့၊ ပြီးတော့ ရွာထဲတွေမှာ လျှောက်ပြေး၊ အိမ်ခေါင်မိုးတွေပေါ်ကို အုန်းကနဲ ခုန်ချ၊ လူတွေကို ခြောက်လှန့်နဲ့လုပ်တော့ တစ်ရွာလုံး ထိတ်လန့်ကုန်တော့တာပေါ့ကွယ်၊ ဒီမှာတင် ငါလည်း နတ်ကတော်တစ်ယောက် မြန်မြန်ခေါ်ပြီး မီးသွေးအမေ သရဲမကြီးကို ဝင်ပူးခိုင်းရတော့တာပေါ့ကွာ၊ သရဲမကြီးက ဝင်ပူးတယ်ဆိုရင် ငါ့ကို ရန်တွေ့တော့တာပဲပေါ့၊ ငါ့ကို သူ့ကလေး နိုးသွားတယ်လို့ ပြောတော့တာပေါ့၊ ငါလည်း သူ့ကို နားဝင်အောင် တော်တော်ပြောရ ဟောရတာပေါ့ကွာ၊ နောက်တော့ သူငြိမ်ပြီး နားထောင်သွားတယ်ကွ"

"နင်နဲ့ ဒီကလေးက ဘဝမတူဘူး၊ နင်က ဒီကလေးကို လူဖြစ်အောင် ကျွေးမွေးစောင့်ရှောက်ပေးတဲ့ကုသိုလ် နင့်မှာ အပြည့် အဝရပြီးသွားပြီ၊ နင် ဒီကလေးအပေါ်ထားတဲ့ စေတနာတွေဟာ နင့် အတွက် ကံတွေဖြစ်သွားပြီ၊ အခု နင့်သားကို ငါက ခေါ်လာပြီး ပို ကောင်းအောင် လုပ်ပေးထားတာ၊ နင့်သား အခု ကိုရင်ဖြစ်နေပြီ၊ အဲဒီကုသိုလ်တွေအားလုံး နင့်ကို ရအောင် ငါလုပ်ပေးမယ်၊ နင့်သားကို သာသနာ့ဘောင်သွင်းပေးတဲ့ ကုသိုလ်တွေကို နင် ရအောင်ယူပါ"

လို့ ပြောပြီး ကိုရင်မီးသွေးကို ခေါ်ပြလိုက်တယ်။ ဒီတော့မှ သရဲမက သဘောပေါက်ပြီး ဝမ်းသာလွန်းလို့ မျက်ရည်တွေတောင် ကျတာဟေ့။ ဒါနဲ့ ငါလည်း သူ့ကို တရားဟောတယ်။ သူ့သား ကိုရင်လေးကို တစိမ့်စိမ့်ကြည့်ပြီး တရားနာရောဟေ့။ ဒါပေမဲ့ ငါက သိချင်နေတာတစ်ခု ရှိသေးတာကိုးကွ၊ ဒါနဲ့ တရားတစ်ဝက်လောက် အရောက်မှာ တရားကို ခဏရပ်ပြီး...

"ဒကာမကြီး နင် ဒီကလေးကို ဘယ်လိုရတာတုံး"

"မှန်လှပါဘုရား၊ ဒီကလေးက လူကမွေးတာ မဟုတ်ဘူး ဘုရား၊ သမင်မတစ်ကောင်က မွေးတာပါဘုရား"

"ဟေ...ဟုတ်လား၊ ဒကာမကြီး တယ်လည်းထူးဆန်းပါ လားကွယ်"

လို့ ငါက ပြောတော့ သရဲမက ဆက်ပြောပြတယ်။

"သူက အရင်လူဖြစ်တုန်းက မုဆိုးကြီးဘုရား၊ သူသေတော့ သရဲကြီးဖြစ်တယ်၊ သရဲဖြစ်တော့ တစ်ကိုယ်လုံး နက်မှောင်နေတာ ဘုရား၊ သူ့ကို သရဲအချင်းချင်းတောင် ငမဲကြီးလို့ ခေါ်ကြတယ်၊ သရဲဘဝမှာ နှစ်တွေ တော်တော်ကြာအောင်နေပြီးတော့ သူ လူပြန်ဖြစ်တယ်။ ဒါပေမဲ့ သူ့ရဲ့ အကုသိုလ်အရှိန်ကြောင့် လူမိန်းမဆီမှာ သန္ဓေမတည်နိုင်ဘဲ သမင်မရဲ့ ဗိုက်ထဲမှာ လူသွားဖြစ်တယ်၊ သမင်မက ကလေးမွေးတော့ လူဖြစ်နေတာမြင်ပြီး လန့်ပြေးသွားတယ်၊ ဒါနဲ့ တပည့်တော်မ မွေးခဲ့တာပါဘုရား"

"ဩော်…အကုသိုလ်ကံများ တယ်လည်းကြောက်စရာကောင်းတာပဲ ဒကာမကြီးရယ်၊ ကဲ ကဲ ဒကာမကြီးလည်း အင်မတန်ကံထူးလာပြီလို့ ပြောရမှာပဲလေ၊ ဘုန်းကြီး ဆက်ဟောမယ့် တရားကို သေသေချာချာ နာပေတော့ ဒကာမကြီးရေ၊ ဒကာမကြီးလည်း ဒီဘဝက ကျွတ်ချိန်တန်ပြီလို့ ဘုန်းကြီး ထင်ပါတယ်"

"ငါက ကိုရင်ကို ရုံပေးထားတဲ့ သင်္ကန်းနဲ့ ပရိက္ခရာရှစ်ပါးအတွက် သူ့ကို အမျှပေးတယ်၊ အဲဒီကုသိုလ်ကို သူရသွားတယ်ကွ၊ ငါဟောတဲ့တရား ဆုံးတာနဲ့ သာဓုသုံးကြိမ်ခေါ်ပြီး မီးသွေးအမဲသရဲမကြီး ကျွတ်သွားရော ဂုဏာရေ"

"ဟာ…ကောင်းလိုက်တာဘုရား"

"အေး…မီးသွေးနဲ့ မင်းနဲ့က ငါးနှစ်ပဲ ကွာတာလေ၊ မင်းတို့ အတူတူ နေခဲ့ကြတာပဲမို့လား"

"ဟုတ်ပါတယ်ဘုရား၊ ကိုမီးသွေး လူထွက်တော့ တပည့်တော် ပထမကြီး ရောက်ပြီလေဘုရား"

"အေး ဟုတ်တယ်၊ ရွာတောင်ပိုင်းက ဒကာကြီး ဦးထန်းဖူးတို့ ဒကာမကြီး ဒေါ်မြစ်တို့ ဆိုတာ ယာတွေ အများကြီး ပိုင်ကြတာ၊ သားတွေ သမီးတွေက အသက်မရှည်ရှာဘူး၊ ငယ်ငယ်ရွယ်ရွယ်တွေနဲ့ ဆုံးကုန်ကြတာကွဲ၊ အဲဒီလင်မယားနှစ်ယောက်က မီးသွေးကို ကိုရင်လေးဘဝကတည်းက သိပ်ခင်ကြတာ၊ မီးသွေး လူထွက်တော့ သူတို့အိမ်မှာ စာရင်းငှား ဝင်လုပ်တယ်၊ မီးသွေးက အိပ်တော်တဲ့လူဆိုတော့ အဘိုးကြီး အဘွားကြီးကို စာရင်းငှား လုပ်ပေးရုံတင်မကဘဲ တစ်အိမ်လုံး လုပ်စရာရှိတာကို သားသမီးလိုကို ခြေသိမ်းခေါင်းပိုက် လုပ်ပေးတာပေ့၊ ဒီမှာတင် ဒကာကြီးရော ဒကာမကြီးရော သူ့ကို သားသမီးလိုကိုချစ်ပြီး မွေးစားလိုက်ကြတာ၊ သူတို့ အသက်ကြီးလာတော့ သူကြီးဆီမှာ ရှေ့မှာကို သူတို့ပိုင်ဆိုင်သမျှအားလုံးကို မီးသွေးအတွက် အမွေပေးခဲ့တာကွ၊ ဒကာကြီးတွေ ဆုံးတော့ မီးသွေးက အိမ်ရော ငိုင်းရော ယာတွေရော ရလိုက်တာပေါ့ကွာ"

"နေပါဦး အရှင်ဘုရားရဲ့၊ ကိုမီးသွေးက အရှေ့ဘက်တောကို သွားသွားပြီး အကျွတ်အလွတ်ပွဲ လုပ်တယ်ဆိုဘုရား"

"အေး ဟုတ်တယ်လေကွာ၊ သူငယ်ငယ်က သူ့ကို ထိန်းကျောင်းခဲ့တဲ့ တန္ဆေတွေ သရဲတွေကို အဲဒီဘဝကနေ ကျွတ်စေချင်လို့ တစ်နှစ်တစ်ခါ၊ နှစ်နှစ်တစ်ခါ သွားသွားပြီး အကျွတ်အလွတ်ပွဲလုပ်တယ်"

"ဘယ်လိုလုပ်တာတုံးဘုရား"

"တောင်ခြေမှာ ကန္နားဖျင်းအကျယ်ကြီးထိုးပြီး ရွာနီးချုပ်စပ်က သံဃာတွေ အကုန်ပင့် ဆွမ်းကပ်တယ်၊ တောထဲက တန္ဆေတွေ သရဲတွေကို သူကိုယ်တိုင် သွားခေါ်တယ်၊ ပြီးရင် တန္ဆေ သရဲတွေကို အစားအသောက်တွေ အဝကျွေးတယ်၊ စားသောက်ပြီးရင် ဆရာတော် သံဃာတော်တွေဆီမှာ တရားနာခိုင်းတယ်၊ သူလုပ်တဲ့ကုသိုလ်ကို အမျှဝေပေးတယ်"

"ဟာ…တန္ဆေတွေ ကျွတ်ကုန်ရောလားဘုရား"

"ကျွတ်တဲ့ကောင်လည်း ကျွတ်တာပေါ့ ဂုဏ်ရယ်၊ အကုသိုလ်ကံတွေ ကျန်နေသေးတဲ့ တန္ဆေတွေကတော့ ဘယ်ကျွတ်မှာတုံး၊ ဒါပေမဲ့ မီးသွေးကတော့ အမြဲသွားလုပ်နေတာပဲကွ"

"ကိုမီးသွေးက ကျေးဇူးတော့ တော်တော်သိတဲ့လူပဲနော် အရှင်ဘုရား"

"အေး ဟုတ်တယ် ဂုဏ၊ သူ့ကို ငယ်စဉ်တောင်ကျေး ကတည်းက ကျွေးမွေးစောင့်ရှောက်ခဲ့ကြတဲ့ တစ္ဆေ သရဲတွေကို သူ့ရဲ့ ဆွေတွေမျိုးတွေလို သဘောထားပြီး အကျွတ်အလွတ်ပွဲတွေ သူလုပ်ပေး နေတာကွ၊ တောထဲမှာနေတဲ့ တစ္ဆေ သရဲတွေရဲ့ စားရမဲ့ သောက်ရမဲ့ ဘဝတွေကို သူက ကိုယ်တိုင်တွေ့ခဲ့ရတဲ့သူ မဟုတ်လား ဂုဏရဲ့"

"မှန်ပါ့ဘုရား"

ကျုပ် ဆရာတော်ဦးဂုဏ ပြောပြတဲ့ ဘိုးမီးသွေးရဲ့ အကြောင်း ကို နားထောင်ရင်း ကျုပ်က ဖိုကို မှန်မှန်ဆွဲပေးနေတာဗျ။ ဆရာတော် ဦးဂုဏရဲ့ဖိုက သုံးထပ်ဖိုဗျ။ လေလိုက်တာကတော့ ကောင်းသလား မမေးနဲ့၊ ဟဲကနဲ ဟဲကနဲ နေတာဗျ။ ဖိုခွင်ကလည်း စကြာဖိုလေဗျာ။ ဖိုနှာပေါက် သုံးပေါက်ပါတယ်။ စကြာဖိုဆိုတော့ 'လုံ'လှည့်ပေးစရာ မလိုဘူးပေါ့ဗျာ။ မီးညီတာပေါ့။

"ကျီးဖြူ ကျီးမဲ တစ်ကောင်တည်း
ကျီးမဲလေးက ဒီမှာနေ
ကျီးဖြူအိမ် ဒီမှာဆောက်
အာလောက်လောက်၊ အာလောက်လောက်
ဆိုတာ မင်း ကြားဖူးလား မောင်တာတေရဲ့"

"ကြားဖူးပါတယ်ဘုရား၊ ကလေးလေးတွေကို ယားအောင် ကလိထိုးတဲ့ စာချိုးလေးပါဘုရား"

"အေး၊ တကယ်တော့ အဲဒါက ကျုပ်တို့ အင်္ဂလိပ်လိုင်းနဲ့လည်း ဆိုင်တယ်ကွဲ့၊ ပြီးတော့ မောင်တာတေ ကြားဖူးပါလိမ့်မယ်၊ 'ဖားမြွေကိုက်၊ ဒုတ်နဲ့ရိုက်' ဆိုတာလေ"

"ကြားဖူးပါတယ်ဘုရား"

"အေး အဲဒါလည်း အင်္ဂလိပ် ဝှက်စာပဲကွဲ့၊ ဖားဆိုတာ ပြဒါးကိုပြောတာ၊ မြွေဆိုတာက နာကိုပြောတာ၊ နာဆိုတာ ခဲလေကွယ်၊ ခဲကိုခေါ်တာ၊ ပြဒါးတစ်ဆ၊ နာသုံးဆ ရောပြီး တစ်နှစ်လောက် နာ ပျော်မီးလေးကနေစပြီး မွှေးယူရတယ်၊ မီးတော်တော်ရင့်လာတော့ ဒုတ္တာနဲ့အုပ်ပြီး ထိုးချရတယ်၊ ဒုတ်ဆိုတာ ဒုတ္တာကို ပြောတာကွဲ့"

"မှန်ပါ့ဘုရား"

ဆရာတော့်ကို ဖိုဆွဲပေးရင်း ဗဟုသုတတော့ တော်တော်ကို တိုးတာဗျ။

"ဆရာတော်ဘုရား ဖိုရုံထဲမှာလားဘုရား"

"ဟုတ်တယ်၊ ဘယ်သူတုံး"

ကျုပ်နဲ့ ဆရာတော် အင်္ဂလိပ်အကြောင်းတွေ ပြောနေတုန်းမှာပဲ အပြင်က ခေါ်သံကြားတာဗျ။

"ဆရာတော် တပည့်တော်ပါဘုရား၊ မီးသွေးပါ"

ကျုပ် အံ့ဩသွားရောဗျို့။ အခုလေးတင် သူ့အကြောင်း ပြောနေတုန်း တိုက်တိုက်ဆိုင်ဆိုင် ဘိုးမီးသွေး ရောက်လာတာဗျာ။

ဆရာတော်က ဖိုရုံကို တံခါးဖွင့်ပေးလိုက်တယ်။ ဘိုးမီးသွေးက ဖိုရုံထဲကို ဝင်လာပြီး ဆရာတော်ကို ငှက်ပျောနိုင်တစ်နိုင် လာလှူတာဗျ။ လှူလိုက်တဲ့ ငှက်ပျောနိုင်ကြီးဗျာ၊ မီးသွေးလို မည်းနက်နေတဲ့ ဘိုးမီးသွေးက ဖိုရုံထဲမှာပဲ ဆရာတော့်ကို ထိုင်ကန်တော့ပြီး ငှက်ပျောနိုင် လှူစာယ်ဗျ။

သမင်မက မွေးပီး သရဲတွေ တစ္ဆေတွေကြားမှာ ကြီးလာခဲ့ရတဲ့ ဘိုးမီးသွေးကို ကျုပ် ငေးကြည့်နေမိတာပေါ့ဗျာ။

"တာတေက ဆရာတော်ကို ဖိုလာဆွဲပေးနေတာလား"

ဘိုးမီးသွေးက ကျုပ်ကို လှည့်ကြည့်ပြီး နှုတ်ဆက်တာဗျ။

"ဘိုးအိမ်ဘက် လျှောက်ခဲ့ဦးလေ၊ အစ်ကိုတို့ အစ်မတို့ စားဖို့ ငှက်ပျောသီးတွေ ပေးချင်လို့ တာတေရဲ့"

"ဟုတ်ကဲ့ ဘိုး၊ ကျုပ် လာခဲ့ပါ့မယ်"

ဘိုးမီးသွေးနဲ့ ဆရာတော်နဲ့က ငယ်ငယ်ကတည်းက အတူတူ နေခဲ့ကြတာဆိုတော့ တော်တော်လေး ရင်းနှီးကြတာဗျ။ သူတို့ စကားပြောနေတုန်း ကျုပ်က ဆရာတော်ရဲ့ သံုးထပ်ဖားဖိုကြီးကို မှန်မှန်လေး ဆွဲနေတော့တာပေါ့ဗျာ။

---

တာတေ

---